မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃) အမှတ် (၃၃၀)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက် ၂၀၁၄ ခုနှစ်၊ သြဂုတ် ၃၁ ရက်၊ တနင်္ဂနွေနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မလေးရှားနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် သြဂုတ် ၃၁

၂၀၁၄ ခုနှစ် သြဂုတ် ၃၁ ရက်တွင်ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မလေးရှားနိုင်ငံဘုရင် ဆူလတန် အဗ္ဗဒူဟာလင်မ် မူအက်ဒ်ဇမ်ရှားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✳

အစိုးရအနေဖြင့် လုပ်ငန်းများလွယ်ကူချောမွေ့စေရန် အားပေးထောက်ပံ့မှုများ အပြည့်အဝပေးသွားမည်

ဒုတိယသမ္မတ ဦးညွန့်ထွန်း အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် သြဂုတ် ၃၀

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၁၄) အစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✳

နိုင်ငံတကာ

၂၀၁၄ ခုနှစ် တစ်သန်းမြောက် ခရီးသွားဧည့်သည် သီရိလင်္ကာ၌ ကြိုဆိုပွဲပြုလုပ်

စာမျက်နှာ ❖ ၄

ဆောင်းပါး

အီဘိုလာပိုင်းရပ်စ် ကူးစက်ပျံ့နှံ့နေသောနိုင်ငံများသို့ ခရီးသွားလာလျှင်

စာမျက်နှာ ❖ ၆

အားကစား

စပါးအသင်းရဲ့ ကွင်းလယ်ကစားသမားဖြစ်လာမယ့် စတမ်ဘိုလီ

စာမျက်နှာ ❖ ၁၄

ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် သြဂုတ် ၃၀

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃၄ စင်တီမီတာ (တစ်ပေခန့်) တွင် ရောက်ရှိနေပြီး နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မိုး/ဇလ)

ရန်ကုန်မြို့တွင် ဈေးသစ်များ တည်ဆောက်မည်

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် သြဂုတ် ၃၀

ရန်ကုန်မြို့ကို စီးပွားရေးမြို့တော်အဖြစ် တိုးတက်ဖွံ့ဖြိုးအောင်ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ရန်ကုန်မြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ဈေးသစ် ၁၀ ဈေးကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဈေးများဌာနက တည်ဆောက်ရန် စီစဉ်နေပြီဖြစ်သည်။

ဈေးသစ် ၁၀ ဈေးကို ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ သာကေတမြို့နယ်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဒေါပုံမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် အင်းစိန်မြို့နယ်များအတွင်း တည်ဆောက်သွားမည်ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၆ ◆

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သင်္ဃန်းကျွန်းဈေးသစ်ကြီးကို တွေ့ရစဉ်။

ဝန်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် သြဂုတ် ၃၀

ဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် သြဂုတ် ၂၉ ရက် ညနေ ၆နာရီခွဲမှစ၍စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် လေးစင်တီမီတာ (တစ်လက်မခွဲခန့်)ကျော်လွန်နေကာ ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင်ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မိုး/ဇလ)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြန်မာ့ဘောလုံးလောက အရှိန်မြှင့်တင်

ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၌ ကျင်းပသည့် ဘရူနိုင်းဘုရင့်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာယူ-၁၉ လူငယ်ဘောလုံးအသင်းက ဗီယက်နမ်အသင်းကိုအနိုင်ရရှိကာ ချန်ပီယံဆုဖလားကို အမိမြေသို့သယ်ဆောင်ယူလာခဲ့ပြီးနောက် မြန်မာဘောလုံးပရိသတ်များအကြား ချီးကျူးပြောဆိုသံအမျိုးမျိုးကြားရလေသည်။ မြန်မာဘောလုံးပရိသတ် များအတွင်း ဤသို့ချီးကျူးသြဘာပေးသံများမကြားရသည်မှာ နှစ်အတန်ကြာခဲ့ပြီဟုဆိုရမည်ဖြစ်သည်။ ဤသို့မြန်မာလူငယ်များက ပြိုင်ဘက်အသင်းများကို အကောင်းဆုံးခြေစွမ်းပြကစားပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် မြန်မာ့ဘောလုံးလောက ပြန်လည်နိုးထလာပြီဟု ဆိုရပေလိမ့်မည်။

ယနေ့ကမ္ဘာနှင့်အဝန်း နိုင်ငံတိုင်းက ဘောလုံးအားကစားနည်းကို အလေးထားကြသည်။ နိုင်ငံကိုယ်စားပြု လက်ရွေးစင်ဘောလုံးအသင်းများ၏ စွမ်းဆောင်နိုင်မှုများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်အောင် ဘက်ပေါင်းစုံမှ ကြိုးပမ်းအားထုတ်နေကြသည်။ ဘောလုံးအသင်းတစ်သင်း အောင်နိုင်ရေးအတွက် ရေတိုရေရှည်အစီအမံများချမှတ်ပြီး ဘက်ပေါင်းစုံမှ ကြိုးစားအားထုတ်ကြရသည့် အနေအထားဖြစ်ပါသည်။

ထိုသို့ အားထုတ်သည်ဆိုရာ၌ သက်ဆိုင်သူများ အားလုံးဝိုင်းဝန်းပါဝင်ဖို့လိုပါသည်။ ဘောလုံးအားကစားသမားများနှင့် အားကစားတာဝန်ရှိသူများသာ ကြိုးစား၍မဖြစ်နိုင်ပါ။ နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူတစ်ရပ်လုံး၏ပေါင်းစုအားဖြင့် ကြိုးစားနိုင်မှသာ မြန်မာဘောလုံး လောကသည် တိုးတက်လာမည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း အောင်ပွဲရ မြန်မာလူငယ်ဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် တက်ရောက်အားပေးချီးမြှင့်ခဲ့ပါသည်။ မြန်မာဘောလုံးလောက အခွန့်ရှည်အောင်မြင်ရေးအတွက် အစိုးရပိုင်းနှင့် ပုဂ္ဂလိကပိုင်းက လိုအပ်သည်များကူညီပံ့ပိုးနေသကဲ့သို့ ပြည်သူတစ်ရပ်လုံးကလည်း အားပေးကြရမည်ဖြစ်ပါသည်။ အားကစားသမားတစ်ဦးချင်းစီကလည်း မိမိတို့၏ အားကစားစွမ်းရည်တိုးတက်ရေး အစဉ်ကြိုးစားအားထုတ်ပြီး ပြိုင်ပွဲတိုင်းအနိုင်ရရှိရမည်ဟူသော အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံကာ ကြိုးစားအားထုတ်သင့်ပါသည်။

ဘောလုံးအားကစားနည်းသည် စုပေါင်းဆောင်ရွက်ရသော အားကစားတစ်ရပ်ဖြစ်ပါသည်။ နည်းစနစ်၊ ကျွမ်းကျင်မှုနှင့် စုစည်းညီညွတ်မှုကောင်းမည်ဆိုလျှင် အရည်အသွေးပြည့်ဝသည့် ဘောလုံးအသင်းကောင်း ဖြစ်လာနိုင်ပါသည်။ ဤသို့ဖြစ်လာရန်မှာလည်း နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးစားအားထုတ်နိုင်မှသာ အစဉ်တိုးတက်သော ဘောလုံးအသင်းအဖြစ်ရပ်တည်လာနိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်ခရိုင် ပြည်မြို့နယ်တွင် မြွေရိုးကျေးရွာအုပ်စုအတွင်းရှိ မိုးစပါးပျက်စီး ဧက ၂၀ နှင့် ထိခိုက် ၃၅ ဧကအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လယ်သမားများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၆ ရက်က မိန်းမရဲကျေးရွာ မူလတန်း(လွန်)ကျောင်း၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးအောင်အောင်က ငွေကျပ် ၄၅၀၀၀၀ကို ထောက်ပံ့ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဌေးက လက်ခံယူစဉ်။

မြင့်နိုင်(ပြည်)

အမြို့မြို့အနယ်နယ်ပျံ့သည့် သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

ပြည်တွင်းသတင်း

အားကစားစီမံခန့်ခွဲသူများသင်တန်း (၁/၂၀၁၄)ဆင်းပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၃၀

အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၁/၂၀၁၄) သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက် ညနေ ၃နာရီက နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းအတွင်းရှိ Multi-purpose Hall ၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးက သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားခေါင်းဆောင်နှစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ အမှတ်တရ စုပေါင်းဓာတ်ပုံများ ရိုက်ကူးကြသည်။

တက်ရောက်

အဆိုပါ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီတို့၏ အိုလံပစ်သွေးစည်းညီညွတ်ရေး အစီအစဉ်ဖြင့် ဖွင့်လှစ်သည့် အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများ သင်တန်းအမှတ်စဉ်(၁/၂၀၁၄)ကို ဩဂုတ် ၂၅ရက်မှ ၂၉ရက်ထိ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)တွင် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နောင်ချိုမြို့နယ် ဘန့်ဘွေးရွာ ကရုဏာ(အခမဲ့) အာယုဒါနဆေးခန်းဖွင့်လှစ်

နောင်ချို ဩဂုတ် ၃၀

ရှမ်းပြည်နယ် ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာ ကရုဏာ(အခမဲ့) အာယုဒါန ဆေးခန်းက ဩဂုတ်လ နောက်ဆုံးအပတ်မှ စတင်ပြီး လူနာများကို တာဝန်ကျ ဆရာဝန်များက စမ်းသပ်ကာလအဖြစ် နေ့စဉ် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျန်းမာရေးအတွက် စနစ်တကျ ဆေးကုသခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အာယုဒါနဆေးခန်းတွင် တနင်္ဂနွေ၊တနင်္လာနေ့တို့၌ ဒေါက်တာညီညီအောင်၊ ဦးနေမျိုးအာဒိသင်၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့တိုင်း ဝက်ဝံ တိုက်နယ်ဆေးရုံအုပ် ဒေါက်တာသန်းသန်းညို၊ ကြာသပတေးနေ့တိုင်း ဈေးနေ့မှအပ ဒေါက်တာနန်းဖြူစင်ဟိန်း၊ သောကြာနေ့တိုင်း ဈေးနေ့မှအပ ဒေါက်တာသန့်ဇင်ဦး၊ ဈေးနေ့တိုင်း ဒေါက်တာညီညီအောင်၊ ဒေါ်စန်းစန်းအေးနှင့် လကုန်တစ်ရက်နေ့တိုင်း ဒေါက်တာစိုင်းထူးဟန် စသည့် ဒေသခံဆရာဝန် သူနာပြုများက ဆေးကုသခြင်း လုပ်ငန်းများကို ကျန်းမာရေး စေတနာ့ဝန်ထမ်းပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆေးခန်းကို ကရုဏာ(အခမဲ့) လူမှုကူညီရေးအသင်းမှ ဦးစီး၍ နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘန့်ဘွေးကျောင်းတိုက် နာယက ဆရာတော် ဦးဥတ္တမ၏ ဩဝါဒကိုခံယူ ဆောင်ရွက်ကြခြင်းဖြစ်သည်။ ဆေးခန်းတွင် ကုသမှုများဆောင်ရွက်ပေးမည့် ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးစေတနာ့ဝန်ထမ်းများဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပြီး အခြေခံကျန်းမာရေးစောင့်ရှောက်ရာတွင် လိုအပ်သော သားဖွားခန်းအပြင် အတွင်းလူနာများအတွက် လူနာတင်စတီးလ်ခုတင် ၁၀လုံး၊ ဗီရို ၁၀ လုံးစီ၊ စောင်၊ ခေါင်းအုံးအပါအဝင် ဆေးဝါးမျိုးစုံတို့ကို ဝယ်ယူစုဆောင်းထားကြောင်း သိရသည်။ ဒေသတွင်းရှိ ကျေးရွာများနှင့် ခရီးသွားစဉ် ဆေးဝါးကုသမှုခံယူရန် လိုအပ်သောသူများကို လူမျိုးဘာသာမရွေး လာရောက်ကုသနိုင်ကြောင်း အာယုဒါနဆေးခန်းက နှိုးဆော်ထားသည်။

ဒေသခံများအတွက် အချိန်မရွေး သွားလာမှုအဆင်ပြေစေရန်အတွက် အများကောင်းမှုဖြင့် အာယုဒါနဆေးခန်းမှ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အခက်အခဲရှိသော လူနာများအား ကရုဏာ(အခမဲ့) လူမှုကူညီရေးအသင်းမှ လူနာတင်မော်တော်ယာဉ်များဖြင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုဆောင်ရွက်ပေးနိုင်မည့် နောင်ချို၊ ဝက်ဝံ၊ ပြင်ဦးလွင်ဆေးရုံများသို့ ပို့ဆောင်ပေးရန်လည်း စီစဉ်ထားသည်။ ကရုဏာ(အခမဲ့) ဆေးခန်းအတွက် အလျားပေ ၇၀၊ အနံ ၂၄ ပေရှိ R.C နှစ်ထပ်ဆောင်ကို ဆောက်လုပ်ထားရှိရာ နောင်တွင် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ပိုမိုပြည့်စုံကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု အထောက်အကူပြုပစ္စည်းများ ဝယ်ယူဖြည့်ဆည်း၍ အထူးကုဆေးရုံအဖြစ် တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ ကရုဏာ(အခမဲ့) လူမှုကူညီရေးအသင်းနှင့် အာယုဒါနဆေးခန်းအတွက် ကန်ကျငွေများကို အပတ်စဉ်၊ လစဉ်၊ နှစ်စဉ်အသင်းဝင်အလှူရှင်များထံမှလည်းကောင်း၊ မတည်ငွေမှ အတိုးအပွားအဖြစ် ဆောင်ရွက်ထားသော လုပ်ငန်းများမှလည်းကောင်း ရရှိလုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။ ကရုဏာ(အခမဲ့) လူမှုကူညီရေးအသင်းနှင့် အာယုဒါနဆေးခန်းမှ ဒေသတွင်း ကျေးရွာပေါင်း ၄၀ နီးပါးအထိလွှမ်းခြုံ၍ ကျန်းမာရေးနှင့် လူမှုရေးအကူအညီများ ဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

နည်းပညာနှင့်သက်မွေးပညာရေး ဥပဒေ(မူကြမ်း)အား လက်တွေ့ကျသော ဥပဒေဖြစ်ပေါ်လာစေရေးအကြံပြု

နေပြည်တော် ဩဂုတ် ၃၀

နည်းပညာ ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ တိုးချဲ့မြှင့်တင် အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့အစည်းအဝေး (၁၁/၂၀၁၄)ကို ဩဂုတ် ၃၀ ရက်တွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ စက်မှုနှင့် သက်မွေးပညာ ဦးစီးဌာန တောင်ပိုင်းရုံးခွဲ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း **(ယာပုံ)**က မူဝါဒနှင့် ပေါ်လစီအပေါ် အခြေခံ၍ ကြိုတင်ဆွေးနွေးထားပြီး လက်တွေ့ကျကျ ကျင့်သုံးဖော်ဆောင်နိုင်မည့် နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေသည် မကြာမီ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ဥပဒေပေါ်ပေါက်လာပါက ဥပဒေအပေါ် အခြေခံ၍ နည်းပညာနှင့် သက်မွေးပညာကဏ္ဍအား ကျင့်သုံး လုပ်ဆောင်သွားရမှာ ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ဥပဒေ(မူကြမ်း)ပေါ် အကြံပြုတင်ပြချက်များ၊ Working Groupနှင့် အထူးလုပ်ငန်းအဖွဲ့ အစည်းအဝေးများမှ အကြံပြုတင်ပြချက်များပေါ်အခြေခံ၍ ပြင်ဆင်ထားရှိသော Labour Market အတွက် အကျိုးရှိသော နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေ(မူကြမ်း) အား ယခုနှစ်အတွင်း လွှတ်တော်သို့တင်ပြနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကိုကိုဦးက Working Group နှင့် အထူးလုပ်ငန်းအဖွဲ့များမှ အပိုဒ်လိုက်၊ အခန်းလိုက် အကြိမ်ကြိမ်ဆွေးနွေးပြီး ပြင်ဆင်ထားရှိပြီးဖြစ်သော နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေ(မူကြမ်း) အား ဝိုင်းဝန်းဆွေးနွေးကြပြီး ပိုမိုကောင်းမွန်သော၊ လက်တွေ့ကျသော ဥပဒေဖြစ်ပေါ်လာစေရေး အကြံပြုကြရန်ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကျော်မြတ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က နည်းပညာနှင့် သက်မွေးပညာရေးဥပဒေ(မူကြမ်း)ပါ အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မလေးရှားနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၃၁

၂၀၁၄ ခုနှစ် ဩဂုတ် ၃၁ ရက်တွင်ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒါတွတ် အာနီဖာ ဘင်ဟာဂျီအာမန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အကြံပြုချက်များပေးပို့နိုင်

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအတွက်ကျန်းမာရေး အသုံးစရိတ်ဘဏ္ဍာငွေများကို တိုးမြှင့်သုံးစွဲလျက်ရှိပြီး ပြည်သူ့ကျန်းမာရေး မြှင့်တင်ဆောင်ရွက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေသော ပြည်သူ့ကျန်းမာရေး မြှင့်တင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် အကြံဉာဏ်များပေးလိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်ပေးပို့နိုင်ပါသည်-

ဦးစိန်ဝင်း၊ ရုံးအဖွဲ့မှူး
ရုံးအမှတ်(၄) ကျန်းမာရေးဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း ၀၆၇-၄၁၁၁၅၉
၀၉-၈၆၀၁၁၅၁

ကျန်းမာရေးဝန်ကြီးဌာန

ပြည်သူများ စိတ်ပျော်ရွှင်နိုင်ရန် ဆန်းသစ်သော တေးသီချင်းများပေါ်ထွက်အောင်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃၀

ပြန်ကြားရေးဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ နိုင်ငံတစ်ဝန်းရှိပြည်သူများ၊တောင်သူလယ်သမားများ၊ ပျော်ရွှင်ချမ်းမြေ့နိုင်စေရေး ရည်ရွယ်ချက်ဖြင့် ဒုတိယအကြိမ် တောင်သူလယ်သမား ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲကျင်းပရေးနှင့် ပထမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် တေးသီချင်းပြိုင်ပွဲဆိုင်ရာ ညှိနှိုင်းအစည်းအဝေးနှင့် ပြိုင်ပွဲများအတွက် ဆုကြေးငွေများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေဇည့်သည်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ မြန်မာ့အသံ သီချင်းစစ်ဆေးရေး ဘုတ်အဖွဲ့ဝင်များ၊ တေးသံရှင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် **(ယာပုံ)**က နိုင်ငံတစ်ဝန်းရှိ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စေရေးနှင့် နိုင်ငံတစ်ဝန်းရှိ တောင်သူလယ်သမားများအား ဂုဏ်ပြုအားပေးသည့် အထိမ်းအမှတ်အနေဖြင့် ပို၍ဆန်းသစ်သော အတွေးအမြင်များဖြင့် ဂုဏ်ပြုတေးသီချင်းများ ရေးစပ်သီဆိုဂုဏ်ပြုနိုင်ရေးအတွက် ဤအခမ်းအနားကို ပြုလုပ်ရခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတက ပြည်သူလူထုကိုဗဟိုပြုသည့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူလူထု တစ်ရပ်လုံး ကိုယ်စိတ်နှစ်ပါး ပျော်ရွှင်ရေးအစီအစဉ်များကို တစ်ပြိုင်တည်းကြိုးပမ်းဆောင်ရွက်ရန် လမ်းညွှန်ချက်အပေါ်တွင် နေ့စဉ်နှင့်အမျှ စားသုံးမှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးသော တောင်သူလယ်သမားများကို လည်းကောင်း၊ နိုင်ငံတစ်ဝန်းရှိ ပြည်သူများမျှော်လင့်တောင့်တနေသော စိတ်ပျော်ရွှင်မှုများကို ပေးစွမ်းနိုင်ရန်လည်းကောင်း ဆန်းသစ်သောတေးသီချင်းများ၊ ဂန္ထဝင်မြောက်တေးဂီတများကို ဂီတပညာရှင်များ၏ စွမ်းပကားဖြင့် ပေါ်ထွက်လာအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေက တောင်သူလယ်သမားများကဏ္ဍရုပ်သံလိုင်းလွှင့်ထုတ်နေမှုအခြေအနေနှင့် တေးသီချင်းပြိုင်ပွဲအတွက် ဆောက်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် Sky Net မှ တာဝန်ခံဦးတင့်ဆန်းက Sky Net မိသားစုအနေဖြင့် မဟာသင်္ကြန် တေးဂီတတေးသီချင်းပြိုင်ပွဲအတွက် အလှူငွေကျပ်သိန်း ၄၀၀ ပေးအပ်လှူဒါန်းခြင်းသည် မဟာသင်္ကြန်ပွဲတော်တွင် နိုင်ငံတစ်ဝန်းရှိပြည်သူများ တစ်နှစ်ထက်တစ်နှစ် ပိုမို၍ ကိုယ်စိတ်ချမ်းမြေ့ပျော်ရွှင်စွာ နှစ်သစ်ကိုကြိုဆိုနိုင်စေရန်နှင့် မြန်မာသံစဉ် တေးသီချင်းကောင်းများ ထွက်ပေါ်လာရေးတို့အတွက် ရည်ရွယ်လှူဒါန်းခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦးလေးက သီချင်း ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းနှင့် အမှတ်ပေးစည်းမျဉ်းစည်းကမ်းများကိုလည်းကောင်း၊ မြန်မာ့အသံသီချင်းစစ်ဆေးရေးဘုတ်အဖွဲ့ဝင် တေးသံရှင် သန်းမြတ်စိုး၊ ကဗျာစာပေပညာရှင် မြင်းမူမောင်နိုင်မိုးနှင့် တက်ရောက်လာသော တေးဂီတပညာရှင်များက ပြိုင်ပွဲဝင်တေးသီချင်းများ ရေးစပ်သီကုံးမှုများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးနှင့် တောင်သူလယ်သမားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဝန်ကြီးဌာနတွင် အဓိကတာဝန်ရှိပြီး ကျေးလက်နေ တောင်သူလယ်သမားများ၏ ဘဝနှင့် လိုအပ်ချက်များကို တတ်နိုင်သမျှအစွမ်းကုန်ဆောင်ရွက်လျက်ရှိပါကြောင်း။

တောင်သူလယ်သမား ရုပ်သံလိုင်းထုတ်လွှင့်မှုတွင်လည်း နည်းပညာနှင့် အတွေ့အကြုံဆိုင်ရာ လိုအပ်ချက်များရှိသော်လည်း ထုတ်လွှင့်မှုများအား ပို၍ဆန်းသစ်ပြီး ရုပ်သံလိုင်းအား ကျေးလက်နေပြည်သူများနှင့် တောင်သူလယ်သမားများ စိတ်ဝင်စားမှု အပြည့်အဝရရှိစေရန် သက်ဆိုင်ရာဌာနများနှင့် အစွမ်းကုန် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဒုတိယအကြိမ် တောင်သူလယ်သမား ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲနှင့် ပထမအကြိမ်မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်တေးသီချင်းပြိုင်ပွဲများ အချိန်ကိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တက်ရောက်လာကြသည့် ပညာရှင်များနှင့် တာဝန်ရှိသူများအားလုံးက ကြိုးစားအားထုတ် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် Sky Net မိသားစုက မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်တေးသီချင်းပြိုင်ပွဲ မြန်မာသံစဉ်တေးသီချင်းပြိုင်ပွဲအတွက် ငွေကျပ်သိန်း ၂၀၀ နှင့် ခေတ်ပေါ်သံစဉ်တေးသီချင်းပြိုင်ပွဲအတွက် ငွေကျပ်သိန်း ၂၀၀ စုစုပေါင်း ငွေကျပ်သိန်း ၄၀၀ အား ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေထံ ပေးအပ်လှူဒါန်းသည်။

ပထမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်တေးသီချင်းပြိုင်ပွဲတွင် မြန်မာသံစဉ်တေးသီချင်းပြိုင်ပွဲဆုအတွက် ပထမဆုငွေကျပ်သိန်း ၅၀၊ ဒုတိယဆုငွေကျပ်သိန်း ၄၀၊ တတိယဆုငွေကျပ်သိန်း ၃၀ နှင့် စတုတ္ထဆုငွေကျပ်သိန်း ၂၀၊ ပဉ္စမဆုငွေကျပ် ၁၀ သိန်း ဆုချီးမြှင့်မည်ဖြစ်ပြီး နှစ်သိမ့်ဆုတစ်ဆုလျှင်ငွေကျပ် ငါးသိန်းစီဖြင့် နှစ်သိမ့်ဆု ၁၀ ဆုချီးမြှင့်မည်ဖြစ်သည်။

ထို့အတူ ခေတ်ပေါ်သံစဉ်တေးသီချင်းပြိုင်ပွဲအတွက်လည်း အထက်ပါ ဆုကြေးများအတိုင်းချီးမြှင့်သွားမည်ဖြစ်၍ စုစုပေါင်းငွေကျပ်သိန်း ၄၀၀ ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်ပြိုင်ပွဲဝင်စည်းမျဉ်း၊ စည်းကမ်းများကို မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ မကြာမီထုတ်ပြန်ကြေညာသွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ထူးချွန်အားကစားသမားများဂုဏ်ပြု

ဟသ်ာတ ဩဂုတ် ၃၀

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဟသ်ာတ တက္ကသိုလ် ဓာတုဗေဒဌာန ၂၀၁၃-၂၀၁၄ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ၏ မြတ်ဆရာပူဇော်ကန်တော့ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ထူးချွန်အားကစားသမားများ ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဟသ်ာတတက္ကသိုလ်အားကစားရုံသစ်ကြီး၌ ဩဂုတ် ၂၁ ညနေ ၃နာရီက ကျင်းပခဲ့သည်။ ဟသ်ာတတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာစံလင်းနှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းတို့က တက်ရောက်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ဟသ်ာတတက္ကသိုလ် ဓာတုဗေဒဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာသိင်္ဂီညို က ဓာတုဗေဒ ကျောင်းသားကျောင်းသူများကို အမှာစကားပြောကြားပြီး ပညာရည်ချွန်ဆုရရှိသူများနှင့် ထူးချွန်အားကစားသမားများကို တက်ရောက်လာသော တာဝန်ခံပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)နှင့် ဆရာ ဆရာမများက ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

ကိုမျိုး(ရွှေပေါက်ကံ)

နိုင်ငံတကာသတင်း

အစ္စရေးမြို့ကြီးများကို ဒုံးကျည်အစင်း ၃၀၀၀ ပစ်နိုင်ခဲ့ကြောင်း ပါလက်စတိုင်း အစ္စလာမ့်ဂျီဟတ် လှုပ်ရှားမှုအဖွဲ့ပြောကြား

ဂါဇာ ဩဂုတ် ၃၀

တဲလ်အဗစ်အစိုးရက ဂါဇာကမ်းမြောင်ဒေသကို စစ်ခင်းလာမှုအပေါ် ဖြစ်ပွားသည့်စစ်ပွဲအတွင်း ဒါဇင်နှင့်ချီသော အစ္စရေးမြို့ကြီးများသို့ ဒုံးကျည်ပေါင်း ၃၀၀၀ ပစ်ခတ်နိုင်ခဲ့ကြောင်း ပါလက်စတိုင်း အစ္စလာမ့်ဂျီဟတ်လှုပ်ရှားမှုအဖွဲ့က ပြောသည်။

ပါလက်စတိုင်းအယ်လ်ကွတ်ဒ်တပ်မဟာက ပစ်ခတ်လိုက်သော ဒုံးကျည်ထိပ်ဖူး ၆၀ ရာခိုင်နှုန်းမှာ တဲလ်အဗစ်၊ ဂျေရုဆလင်၊ ဒီမိုနာနှင့် နေတန်ညာမြို့ကြီးများ အပါအဝင် အစ္စရေးအဓိကမြို့ကြီးများကို ထိမှန်အောင်ပစ်နိုင်ခဲ့ကြောင်း အဆိုပါ ခုခံတိုက်ခိုက်ရေးအဖွဲ့က ပြောသည်။

ယင်းတို့သည် အက်ရှ်ဒိုး၊ ဘာရှီးဘား၊ အက်ရှ်ကဲလွန်နှင့် အော့ဖ်ကင်းမြို့များသို့ ပစ်မှတ်ထား၍ ဒုံးကျည်အလုံး ၆၆၀ ပစ်ခတ်ခဲ့ကြောင်းဖြင့်လည်း ပြောကြားသည်။

အစ္စရေးတို့၏ တပ်စခန်းနှင့် တပ်ဖွဲ့ဝင်များကိုလည်း ပစ်မှတ်ထား၍ ပစ်ခတ်ခဲ့ကြောင်း ၎င်းအဖွဲ့က ထပ်လောင်းပြောကြားသည်။ အယ်လ်ကွတ်တပ်မဟာတပ်များက ဂါဇာနယ်စပ်တစ်လျှောက် အစ္စရေးတင့်ကားများကို မော်တာ ၉၀၀ နီးပါးဖြင့် ပစ်ခတ်ခဲ့ကြောင်းဖြင့်လည်း ပြောကြားသည်။

အဆိုပါစစ်ပွဲတွင် အစ္စရေး ၇၁ ဦး သေဆုံးခဲ့သည် ဆိုသော်လည်း ၁၅၀ ခန့်ရှိသည်ဟု ဟားမားစ်တို့က ဆိုသည်။ အစ္စရေးတို့၏ မရပ်မနားဗုံးကြဲတိုက်ခိုက်မှုကို လက်တုံ့ပြန်သောအားဖြင့် ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ရခြင်းဖြစ်ကြောင်း ပါလက်စတိုင်း ခုခံတိုက်ခိုက်ရေးအဖွဲ့က ဆိုသည်။

အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ဂါဇာကမ်းမြောင်ဒေသသည် အကြီးအကျယ် ပျက်စီးသွားခဲ့ပြီး ပါလက်စတိုင်း ၂၁၄၀ သေဆုံးကာ ၁၁၀၀၀ ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။

(ပရက်စ်တီဗွီ)

အာဖရိက၌ ပဉ္စမမြောက်အီဘိုလာဖြစ်ပွားနိုင်ငံ ဆီနီဂေါဖြစ်ကြောင်း အတည်ပြု

ဒါခါ ဩဂုတ် ၃၀

ဆီနီဂေါနိုင်ငံသည် အီဘိုလာကူးစက်ခံရပြီဖြစ်ကြောင်း ပထမဆုံး အတည်ပြုလိုက်သည်နှင့် အာဖရိကတိုက်တွင် ငါးနိုင်ငံမြောက် အီဘိုလာကူးစက်ခံရသည့်နိုင်ငံဖြစ်လာသည်။

အဆိုပါ အီဘိုလာကူးစက်ခံရသော လူနာသည် ဂီနီနိုင်ငံ၌ရှိစဉ် အီဘိုလာဝေဒနာရှင်များအား ထိကိုင်ခဲ့မိကြောင်း ဝန်ခံပြောဆိုလိုက်ချိန်မှာပင် မြို့တော်ဒါခါရှိ ဆေးရုံတစ်ရုံ၌ စစ်ဆေးကုသမှုခံယူလျက်ရှိကြောင်း ဆီနီဂေါကျန်းမာရေးဝန်ကြီး အဝါမာရီကိုးလ်ဆက်စ်က သောကြာနေ့က ပြောသည်။

ကနဦးတွင် အာဏာပိုင်တို့က အဆိုပါလူနာအား အိမ်နီးချင်းဂီနီမှ မည်သို့မည်ပုံ ရောက်ရှိလာသည်ကို ဆုံးဖြတ်ချက်မချနိုင်ခဲ့ဟု ဆိုသည်။ အစောပိုင်းတွင် ဂီနီအာဏာပိုင်များက အီဘိုလာဝေဒနာရှင်များအား ထိကိုင်ခဲ့သော ၎င်းပုဂ္ဂိုလ်နှင့် မထိကိုင်မိစေရန် ဒါခါ၌ သတိပေးမှုများပြုလုပ်ခဲ့သည်ဟု ဆိုသည်။ အဆိုပါရောဂါ ကူးစက်ခံရသူသည်

ဆီနီဂေါနိုင်ငံမြို့တော် ဒါခါ၌ အီဘိုလာဖြစ်ပွားကြောင်း ကျန်းမာရေးဝန်ကြီးက အတည်ပြုပြောကြားစဉ်။

ရောဂါခြေချုပ်ဖြင့်ထားရှိကြောင်း ဆီနီဂေါစုံစမ်းရေးမှူးများက ပြောသည်။

ဆီနီဂေါနိုင်ငံရှိ အဆိုပါ ဂီနီနိုင်ငံသားသည် အီဘိုလာကူးစက်ခံနေရကြောင်းဖြင့်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောသည်။ ယခုအခါ အီဘိုလာကြောင့် အနောက်အာဖရိက၌ လူပေါင်း ၁၅၀၀ ကျော် သေဆုံးခဲ့ပြီဖြစ်ကြောင်းဖြင့်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောသည်။ ယင်းရောဂါသည် အဓိကအားဖြင့် ဂီနီ၊ လိုက်ဘေးရီးယား၊ နိုင်ဂျီးရီးယားနှင့် ဆီရာလီယွန်နိုင်ငံတို့၌ ဖြစ်ပွားလျက်ရှိသည်။ ဩဂုတ် ၂၄ ရက်က ကွန်ဂိုနိုင်ငံ၌လည်း ပထမဆုံး အီဘိုလာဖြစ်ပွားသည်ဟု ဆိုသည်။

(ပရက်စ်တီဗွီ)

အကျဉ်းချခံရသော ဂရိလက်ယာစွန်းပါတီဝင် အေသင်ကောင်စစ်ဝန်အဖြစ်ကျမ်းသစ္စာကျိန်ဆို

အေသင် ဩဂုတ် ၃၀

ဂရိလက်ယာစွန်းပါတီ ဂိုးလ်ဒင်းဒေါင်း၏ အရေးပါသော အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကာစီဒီယာရစ်ခ်သည် တရားမဝင်လက်နက်ကိုင်ဆောင်မှုဖြင့် အမှုရင်ဆိုင်ဆဲကာလ အချုပ်ဖြင့်နေရစဉ်အတွင်း အေသင်မြို့၏ကောင်စစ်ဝန်အဖြစ် ယနေ့ကျမ်းသစ္စာကျိန်ဆိုခဲ့ရာ အဆိုပါ ရာထူးနေရာကို အချုပ်ခန်းသံတိုင်နောက်မှ ပထမဆုံးရရှိသူဖြစ်လာသည်။

လက်ယာစွန်းပါတီ ဂိုးလ်ဒင်းဒေါင်းသည် မထင်မရှားပါတီတစ်ခုဖြစ်ခဲ့သော်လည်း ၂၀၁၂ ခုနှစ်တွင် အလုပ်လက်မဲ့မြင့်တက်လာခြင်းနှင့် ခြိုးခြံချွေတာရေးဆိုင်ရာ ဖြတ်တောက်လျှော့ချမှုများကြောင့် ဒေါသထွက်နေသူများ၏ ထောက်ခံအားပေးမှုဖြင့် ပါလီမန်အတွင်း ရောက်ရှိလာခဲ့သည်။

လက်ဝဲအတိုက်အခံများနှင့် ရွှေ့ပြောင်းဝင်ရောက်လာသူများကို တိုက်ခိုက်လာသည့် နာဇီလက်သစ်ရာဇဝတ်ဂိုဏ်းအဖြစ် စွဲချက်တင်ခံရပြီး အစိုးရကဦးဆောင်ကာ ဖြိုခွဲခံရပြီးနောက် ထိပ်တန်းပါလီမန် အမတ်များလည်း ထောင်ထဲသို့ ရောက်လာခဲ့သည့်တိုင်အောင် ဂိုးလ်ဒင်းဒေါင်းမှာ ဂရိနိုင်ငံတွင် တတိယလူကြိုက်အများဆုံးပါတီအဖြစ် ရပ်တည်နေဆဲဖြစ်သည်။

(ရိုက်တာ)

ဖိလစ်ပိုင်တောင်ပိုင်း ထောင်ဖောက်ရန်ကြိုးစားမှု သုံးဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရရှိ

မနီလာ ဩဂုတ် ၃၀

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ သောကြာနေ့ညက ထောင်ဖောက်ရန် ကြိုးစားမှုဖြင့် ထောင်စောင့်တစ်ဦးအပါအဝင် သုံးဦးသေဆုံးကာ အခြားရှစ်ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က စနေနေ့က ပြောကြားသည်။

အဆိုပါထောင်ဖောက်ရန်ကြိုးပမ်းမှုသည် ဇန်ဘိုယာဂါဒယ်နော်တေးပြည်နယ် စီယိုကွန်းအကျဉ်းထောင်၌ ဖြစ်ပွားခဲ့ရာ အကျဉ်းသားတစ်ဦးက ထောင်အရာရှိတစ်ဦးထံမှ သေနတ်လုပြီး တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲအရာရှိတစ်ဦးက ပြောသည်။

ယင်းတိုက်ခိုက်မှုဖြစ်ပွားစဉ် လူသတ်တရားခံနှစ်ဦး သေဆုံးခဲ့ကြောင်း၊ ရဲအရာရှိတစ်ဦး၊ ထောင်အရာရှိနှစ်ဦးနှင့် အကျဉ်းသားသုံးဦးလည်း ဒဏ်ရာရရှိသွားခဲ့သည်ဟု ဆိုသည်။

(ဆင်ဟွာ)

၂၀၁၄ ခုနှစ် တစ်သန်းမြောက်ခရီးသွားဧည့်သည် သီရိလင်္ကာ၌ ကြိုဆိုပွဲပြုလုပ်

ကိုလံဘို ဩဂုတ် ၃၀

သီရိလင်္ကာနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာကျွန်းသို့ ၂၀၁၄ ခုနှစ် ခရီးသွားလများအတွင်း နိုင်ငံခြားသား ခရီးသွားဧည့်သည်လာရောက်မှုကို ၁ ဒသမ ၅ သန်းအထိ မျှော်မှန်းထားသည်။ ၎င်းမျှော်မှန်းချက်ကို အထောက်အကူဖြစ်စေရန် တစ်သန်းမြောက် နိုင်ငံခြားသားခရီးသွားဧည့်သည်ကို ကြိုဆိုမှုပြုလုပ်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြခဲ့သည်။

လန်ဒန်မှ ၎င်းကျွန်းသို့ တစ်သန်းမြောက်ခရီးသွားအဖြစ် ရောက်ရှိလာသည့် ဗြိတိန်စုံတွဲကို ကြိုဆိုပွဲပြုလုပ်ပေးခဲ့သည်။

အဆိုပါ တောင်အာရှနိုင်ငံသို့ ခရီးသွားများ လာရောက်မှုတွင် တရုတ်နိုင်ငံသည် အများဆုံးရှိနေဆဲဖြစ်သည်။ အင်ဒိုနီးရှားက ၇၆ ဒသမ ၉ ရာခိုင်နှုန်း၊ ရုရှားက ၇၄ ဒသမ ၈ ရာခိုင်နှုန်းအသီးသီး လာရောက်ခဲ့သည်။

၂၀၀၉ ခုနှစ် ဆယ်စုနှစ်သုံးခုကြာ စစ်ပွဲပြီးဆုံးကတည်းက သီရိလင်္ကာသို့ ခရီးသွားလာမှုသည် တိုးတက်ခဲ့ရာ ပြီးခဲ့သည့်နှစ်က ၁ ဒသမ ၂ သန်းကျော် လာရောက်ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံရခဲ့ကြောင်း ဗဟိုဘဏ်စာရင်းဇယားများအရ သိရသည်။ သီရိလင်္ကာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံမှ လာရောက်သူအရေအတွက် တိုးလာခဲ့ရာ ၂၀၁၆ ခုနှစ် ခရီးသွား ၂ ဒသမ ၅ သန်း လာရောက်လိမ့်မည်ဟု ခန့်မှန်းကြသည်။ **(ဆင်ဟွာ)**

တရုတ်နိုင်ငံသား ၄ ဒသမ ၇ သန်း အရွယ်မတိုင်မီသေဆုံးမှုကို နှစ်စဉ်ခံစားနေရ

ဟာဘင် ဩဂုတ် ၃၀

လေ့လာမှုအသစ်တစ်ခုက တရုတ်နိုင်ငံတွင် အနည်းဆုံးလူသန်းပေါင်း ၄ ဒသမ ၇ သန်း နှစ်စဉ်သေဆုံးကြောင်းနှင့် နိုင်ငံမှာလည်း လေထုညစ်ညမ်းခြင်း၊ မီးခိုးငွေ့ထုထပ်ခြင်းများ အပါအဝင် အဝလွန်ခြင်းနှင့် မတော်တဆထိခိုက်မှုများကြောင့် နှစ်စဉ်ဒေါ်လာ ၁၀ ဘီလီယံဆုံးရှုံးနေကြောင်း ဖော်ပြခဲ့သည်။

သောကြာနေ့တွင် ထုတ်ဝေသည့် ကျန်းမာရေးသုတေသန ဂျာနယ်တစ်စောင်က အရွယ်မတိုင်မီသေဆုံးခြင်း၊ ယာဉ်အန္တရာယ်နှင့် လေထုညစ်ညမ်းခြင်း၊ မီးခိုးငွေ့ထုထပ်ခြင်းတို့ကြောင့် ဖျားနာမှုများဖြစ်ပွားပြီး လူသားများ၏ ဘဝနေထိုင်မှုပုံစံသည် ယခင်ကနှင့် မတူဘဲ ပို၍ဆိုးရွားလာကြောင်း ဖော်ပြခဲ့သည်။

ထိုလေ့လာမှုမှာ မကြာသေးမီက ထုတ်ဝေသည့် အာရှနိုင်ငံများတွင် ဖြစ်ပွားသော ပြဿနာများကို ဖော်ပြသည့် စာရင်းဇယားများကို အတည်ပြုဖော်ပြခဲ့သည်။

ယင်းတွင် လောင်စာခဲများမှ ထွက်ပေါ်လာသည့် အိမ်တွင်းမီးခိုးငွေ့ကို ရှူရှိုက်ရာမှ နှစ်စဉ်သေဆုံးသူ တစ်သန်းရှိသည့်အပြင် ပြင်ပမီးခိုးငွေ့များကို ရှူရှိုက်ရာမှ အခြားသေဆုံးသူ ၁ ဒသမ ၂ သန်းရှိကြောင်း ဖော်ပြပါရှိခဲ့သည်။

ထို့ပြင် အစီရင်ခံစာက နှစ်စဉ်မီးခိုးငွေ့ထုထပ်ခြင်း ဖြစ်စဉ်များကြောင့် လူပေါင်း ၁ ဒသမ ၄ သန်းမှာ အရွယ်မတိုင်မီ သေဆုံးကြရကြောင်း၊ ယာဉ်မတော်တဆဖြစ်ရပ်များကြောင့် လူ ၈ သိန်းထက်မနည်း သေဆုံးကြရကြောင်းနှင့် အဝလွန်ခြင်းကြောင့် လူပေါင်း ၃၆၃၀၀၀ သေဆုံးနိုင်မှုအန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ဖော်ပြခဲ့သည်။

(ပရက်စ်တီဗွီ)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုအဆင့်စံပြရဲစာမေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၃၀

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တပ်ဖွဲ့ဝင်အဆင့်အတန်းအားလုံး စွမ်းရည် (၄)ရပ်မြင့်မားစေရန်နှင့် စိတ်ဓာတ်မြင့်မားမှု၊ စည်းကမ်းကောင်းမွန်မှု၊ သစ္စာရှိမှု၊ စည်းလုံးညီညွတ်မှု၊ စွမ်းရည်ပြည့်ဝမှုတို့တွင် "စံ" ပြနိုင်ရေးကို ရည်မှန်းချက်ထားလျက် စံပြရဲစိစစ်ရွေးချယ်၍ ဆုချီးမြှင့်ခြင်းအစီအစဉ်များကို နှစ်စဉ်ကျင်းပခဲ့ရာ ၂၀၁၄ ခုနှစ်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုအဆင့် စံပြရဲ ရေးဖြေစာမေးပွဲကို ယနေ့နံနက် ၉ နာရီက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်ရှိ အရိန္ဒမာခန်းမ၌ ကျင်းပသည်။

နှစ်စဉ် စံပြရဲရွေးချယ်ရာတွင် စာတွေ့စစ်ဆေးခြင်း၊ လက်တွေ့ကြံ့ခိုင်ရေးစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းများအဆင့်ဆင့်ပြုလုပ်ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့က သမားရိုးကျရဲလုပ်ငန်းစဉ်စနစ်မှ ပြည်သူဗဟိုပြုသည့် ရဲလုပ်ငန်းသို့ ကူးပြောင်းအကောင်အထည်ဖော်ရန် ကြိုးပမ်းဆောင်ရွက်နေမှုတွင် စံပြရဲစိစစ်ရွေးချယ်ခြင်းသည် အရေးပါသော လုပ်ရှားမှုတစ်ခုဖြစ်သည်ဟု သိရသည်။

အဆိုပါစာမေးပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ တိုင်းဒေသကြီး/ပြည်နယ် ရဲတပ်ဖွဲ့များ၊ ရဲလေ့ကျင့်ရေးကျောင်းများ၊ သီးခြားသတ်မှတ်ထားသော တာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့များမှ ရဲအုပ်၊ ဒုတိယရဲအုပ်၊ ရဲအရာခံ၊ ရဲတပ်ကြပ်ကြီး၊ ရဲတပ်ကြပ်၊ ရဲဒုတပ်ကြပ်၊ ရဲတပ်သားအဆင့်တပ်ဖွဲ့ဝင် ၁၆၀ တို့ ဝင်ရောက်ဖြေဆိုကြသည်။ အဆိုပါ စာမေးပွဲကျင်းပရာသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် ရဲတပ်ဖွဲ့မှတာဝန်ရှိသူအရာရှိကြီးများက လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ရေလမ်းကြောင်းအထူးသတိပေးနှိုးဆော်ချက်

ယခင်ဖော်ပြခဲ့သော ဘုရင့်နောင်တံတားအမှတ်(၂) တည်ဆောက်ရေး စီမံကိန်း ရေလမ်းကြောင်း အထူးသတိပေးနှိုးဆော်ချက်အား လုပ်ငန်းလိုအပ်ချက်အရ ပယ်ဖျက်၍ အောက်ပါအတိုင်း ပြင်ဆင်သတိပေးနှိုးဆော်အပ်ပါသည်။

ဘုရင့်နောင်တံတား အမှတ်(၂)တည်ဆောက်ရေးစီမံကိန်း ပင်မတံတားသံပေါင်များတပ်ဆင်ရာတွင် လှိုင်မြစ်အတွင်း ရေလယ်ခန်းဖွင့် သုံးခန်းရှိသည့်အနက် အလယ်အခန်း RP-3 နှင့် RP-4 အကြား၊ လှိုင်သာယာဘက်အခန်း RP-4နှင့် RP-5အကြား ရေလမ်းကြောင်းများအား ၂၈-၈-၂၀၁၄ ရက်မှစ၍ ခေတ္တပိတ်ထားမည်ဖြစ်ပြီး မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဘက်အခန်း RP-2နှင့် RP-3 အကြား ရေလမ်းကြောင်းကို ဖွင့်ထားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လှိုင်မြစ်အတွင်း သွားလာနေသော လှေ/သင်္ဘောများသည် ၃၁-၈-၂၀၁၄ ရက်မှစ၍ ဘုရင့်နောင်ဘက် အခန်းRP-2 နှင့် RP-3 အကြား ရေလမ်းကြောင်းမှ ဖြတ်သန်းသွားလာကြပါရန်နှင့် အောက်ဖော်ပြပါ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်ပါသည်။

(၁) ညနေ ၆ နာရီမှနံနက် ၆ နာရီအတွင်း မည်သည့်ရေယာဉ်မှ ဖြတ်သန်းသွားလာခြင်းမပြုရ။

(၂) ရေယာဉ်အားလုံး ရေဆန်ဖြင့်သာ ဖြတ်သန်းခွင့်ပြုမည်။

(၃) အရှည်ပေ ၁၂၀၊ အကျယ် ၂၅ ပေထက် မပိုသော(ကုန်မပါ)စက်တပ်ရေယာဉ်များသာ ဖြတ်သန်းခွင့်ပြုမည်။

(၄) ဘုရင့်နောင်တံတား၏ အထက်ဘက် အောင်ဇေယျကြိုးတံတားနှင့် အောက်ဘက် သီရိမင်္ဂလာဈေးသစ်အကြား ရေပြင်အတွင်း မည်သည့် စက်တပ်/စက်မဲ့ရေယာဉ်မျှ ကျောက်ချ ရပ်နားခွင့်မပြု။

(၅) သဲသမ္ဗန်များ လုံးဝဖြတ်သန်းခွင့်မပြု။

(၆) မည်သည့်စက်မဲ့ ရေယာဉ်များကိုမျှတွဲ၍ဖြစ်စေ၊ တွန်း၍ဖြစ်စေ ဖြတ်သန်းခွင့်မပြုရ။

(၇) ဖြတ်သန်းသွားမည့် ရေယာဉ်များသည် သတ်မှတ်ထားသည့် စစ်ဆေးရေးနေရာတွင် ရပ်တန့်အစစ်ဆေးခံပြီး ခွင့်ပြုချက်ရမှသာ ဖြတ်သန်းသွားရမည်။

(၈) ရေယာဉ်ကြံ့ခိုင်ရေး၊ ရေယာဉ်အထောက်အကူပြုပစ္စည်းများ ပြည့်စုံစေရေးနှင့် ကျွမ်းကျင်ရေယာဉ်မောင်းများသာ မောင်းနှင်ရေးတို့အား ရေယာဉ်ပိုင်ရှင်များမှ တာဝန်ခံ၍ အထူးအလေးထားဆောင်ရွက်ရန်

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ရွှေဘို-မြစ်ကြီးနားကားလမ်း ရေကျော်သဖြင့် သွားလာရေးခက်ခဲ

ခင်ဦး ဩဂုတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို-မြစ်ကြီးနားကားလမ်း ခင်ဦး-ရွှေဘိုနယ်စပ်တွင် ဩဂုတ် ၃၀ ရက်နံနက် ၁ နာရီခန့်က ရွာသွန်းသောမိုးကြောင့် ကားလမ်းမှာ ရေကျော်ပြီး ပျက်စီးခဲ့သဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲခဲ့သည်။ အဆိုပါမိုးရေသည် ကားလမ်းမပေါ်တွင် နှစ်ပေခွဲခန့်ရှိပြီး ရေပြင်အကျယ်မှာ ပေ ၁၅၀ ခန့်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

ထိုသို့ကားလမ်းပျက်စီးခဲ့သဖြင့် ကားသေးများကို OMC တူးမြောင်းမှ သွားလာခွင့်ပြုပြီး ကားကြီးများမှာ ညောင်ပင်သာကားလမ်းမှ သွားနေကြောင်း သိရသည်။

ခင်ဦးစိုးဝေ

ယာဉ်စည်းကမ်းအသိပညာပေး

စစ်တွေ ဩဂုတ် ၃၀

စစ်တွေမြို့တွင် ယာဉ်သွားယာဉ်လာ၊ လူသွားလူလာများပြားသော မေယုလမ်း၊ ရမ္မာဝတီလမ်းနှင့် လမ်းမကြီးတစ်လျှောက် ဩဂုတ် ၂၈ ရက်က အမှတ်(၅)ယာဉ်ထိန်း ဒုတိယရဲတပ်ဖွဲ့ခွဲမှူးရုံး(စစ်တွေ)မှ ရဲအုပ်မောင်မောင်ထွန်း ခေါင်းဆောင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေး၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး အသိပညာပေးခြင်းများကို အသံချဲ့စက်ဖြင့် မြို့ပတ်လှည့်လည်ဆောင်ရွက်ကြသည်။ ရခိုင်ပြည်နယ်အတွင်း ယာဉ်မဆင်မခြင် စီးနင်းမောင်းနှင်ခြင်းကြောင့် ၂၀၁၄ ခုနှစ်တွင် ယာဉ်တိုက်မှု ၂၁၇ မှု၊ သေဆုံးမှု ၇၉ မှုနှင့် ဒဏ်ရာရမှု ၃၈၆ မှုထိရှိကြောင်း သိရသည်။ **တောသားစံ(စစ်တွေ)**

စစ်မှုထမ်းဟောင်းသားသမီးများအားထောက်ပံ့

နေပြည်တော် ဩဂုတ် ၃၀

နေပြည်တော်တပ်ကုန်းမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ကြေးနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက တပ်ကုန်းမြို့ မြို့နယ်ခန်းမ၌ကျင်းပရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးက အမှာစကားပြောကြားပြီး သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မသန်စွမ်းစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ စုစုပေါင်း ၆၁၆ ဦးနှင့် ပညာသင်ကြားလျက်ရှိသော သားသမီး ၂၇၅ ဦး အတွက် ထောက်ပံ့ငွေများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြန်မာ့အလင်း)

လုပ်သေနတ် တစ်လက်ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၃၀

ဩဂုတ် ၂၈ ရက် ညနေ ၆ နာရီ ၁၅ မိနစ်က စစ်ကိုင်းတိုင်းဒေသကြီး ပင်လယ်ဘူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သတင်းအရသက်သေများနှင့်အတူ ပင်လယ်ဘူးမြို့နယ် တာမဲရွာနေ ညိုဝင်း(၅၆ နှစ်)၏ လယ်တဲသို့ ဝင်ရောက်ရှာဖွေရာတဲ၏အရှေ့ဘက်ကိုက် ၃၀ ခန့်အကွာရှိ ကောက်ရိုးပုံအတွင်းဝှက်ထားသော ပြောင်းအရှည် နှစ်ပေခွဲခန့်ရှိ ဒင်အရှည်နှစ်ပေခွဲခန့်လုပ်သေနတ်တစ်လက်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် ညိုဝင်းအား ပင်လယ်ဘူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

နမ့်ခမ်း၊ ကျိုင်းတုံ၊ အမရပူရမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၃၀

ဩဂုတ် ၂၈ ရက်က မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်

အားဟွာအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နမ့်ခမ်းမြို့နယ် မန့်နောင်ကျေးရွာ ကူးတို့ဆိပ်အနီး နမ့်ခမ်း-မန့်နောင် ကူးတို့ဆိပ်သွား လမ်းမပေါ်တွင် အားဟွာဆိုသူ မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ သိမ်းဆည်းရမိသဖြင့် အားဟွာ (၃၀ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ကျဝါးအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

ဩဂုတ် ၂၈ ရက်က မူးယစ်တပ်ဖွဲ့စု (၂၈) ကျိုင်းတုံမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ဖာရဲကင်းရှေ့တွင် ယန်းလောရွာဘက်မှ ကျိုင်းတုံမြို့သို့ ကျဝါးဆိုသူ မောင်းနှင်လာသော ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၆ ပြားသိမ်းဆည်းရမိသဖြင့် ကျဝါး (၁၈ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

မအိမွန်ကြည် (ခ) ပိစိနှင့် မအိအိဇင် (ခ) အိလုံးတို့အား ဖမ်းဆီးရမိ ဘိန်းဖြူဆပ်ပြာခွက်များနှင့်အတူ တွေ့ရစဉ်။

ဩဂုတ် ၂၈ ရက်က မူးယစ်တပ်ဖွဲ့စု (၁၈) မန္တလေး(တောင်) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် အမရပူရမြို့နယ် လေးစုရပ်ကွက်နေ မအိမွန်ကြည်ဆိုသူ၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် သုံးခွက်၊ အလေးချိန် ၃၆ ဂရမ်သိမ်းဆည်းရမိပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဘိန်းဖြူဆပ်ပြာခွက်များ ပိုင်ရှင်မအိအိဇင်ဆိုသူကို ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက်ရှိ ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိသဖြင့် မအိမွန်ကြည် (ခ) ပိစိ(၂၀ နှစ်)နှင့် မအိအိဇင်(ခ)အိလုံး(၂၈ နှစ်) တို့ နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၃၃၂ ပြား ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၃၀

ဩဂုတ် ၂၇ ရက်က မန္တလေးမြို့ အမှတ်(၉)မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မန္တလေးမြို့ မဟာမြိုင်(၂)ရပ်ကွက် ကြယ်စင်ဝင်းတည်းခိုခန်းရှေ့တွင် ကောင်းထက်ဟိန်းဆိုသူအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈ ပြား သိမ်းဆည်းရမိပြီး စစ်ဆေးဖော်ထုတ်ချက်အရ ကြယ်စင်ဝင်းတည်းခိုခန်းအခန်းအမှတ် (A-5) ကို ရှာဖွေရာ မူးယစ်ဆေးဝါးရောင်းချသူ ထင်ရှားအောင်ဆိုသူအား စိတ်ကြွရူးသွပ်ဆေးပြား ၃၁၄ ပြားနှင့်အတူ ထပ်မံဖမ်းဆီးရမိသဖြင့် ကောင်းထက်ဟိန်း(၂၃ နှစ်)နှင့် ထင်ရှားအောင် (၂၃ နှစ်)တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်အန္တရာယ် တို့ဝိုင်းဝန်းကာကွယ်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဥပစာအသုံးများ-၂

မောင်ခင်မင်(ဓနုဖြူ)

"စကားဆက်ကြဦးစို့။ 'ရေပိုက်ခေါင်း'တို့ 'ချိန်ခွင်လျှာ'တို့လို လူ့ကိုယ်ခန္ဓာအစိတ်အပိုင်း၊ နာမည်တွေကို တခြားပစ္စည်းတွေအတွက် ပြောင်းသုံးတဲ့ ဥပစာအသုံးတွေအကြောင်း ဘဘပြောပြီးပြီနော်"

"ဟုတ်ကဲ့ပါ၊ ပြောပြီးပါပြီ ဘဘ"

"အခုတစ်ခါ ပြောင်းပြန် ပြန်ပြီးစဉ်းစားကြည့်ရအောင်၊ တခြားပစ္စည်းတွေရဲ့ နာမည်တွေကိုလည်း လူ့ကိုယ်ခန္ဓာအစိတ်အပိုင်း၊ နာမည်တွေအဖြစ် ပြောင်းသုံးတဲ့ ဥပစာအသုံးတွေရောရှိသလား။ ရှိရင် ဘယ်လိုအသုံးတွေလဲကွယ်"

"သမီးတော့ သတိမထားမိပါဘူး ဘဘ"

"အင်း. . . သိပ်များများတော့မရှိဘူးကွဲ့၊ ကဲ. . . ဘဘမေးမယ်၊ သမီးခေါင်းပေါ်က အမျှင်တွေကို ဘယ်လိုခေါ်သလဲကွယ်"

"ဆံပင်လို့ခေါ်ပါတယ် ဘဘ"

"ဘာဖြစ်လို့ ဆံပင်လို့ခေါ်တယ်ထင်သလဲ"

" ဟုတ်ကဲ့၊ အာ . . . သမီးသိပြီ ဘဘ။ ခေါင်းပေါ်မှာ သစ်ပင်တွေလို အပင်ပေါက်နေတာမျိုးမို့ ဆံပင်လို့ ခေါ်တယ်ထင်ပါတယ်"

"ဟုတ်ပါတယ်၊ အဲဒီအမျှင်တွေကို 'ဆံ'လို့ ခေါ်တာ အရင်းခံပဲ။ 'ဆံထုံး' တို့ 'ဆံညှပ်'တို့လို အသုံးတွေကိုကြည့်ရင် ဆံကိုထုံးထားလို့ ဆံထုံး၊ ဆံမှာ ညှပ်ထားတဲ့ပစ္စည်းမို့ ဆံညှပ်လို့ခေါ်တယ်ဆိုတာ သိနိုင်ပါတယ်။ အဲဒီဆံတွေက အပင်နဲ့တူလို့ ဆံပင်လို့ တင်စားခေါ်တာပါ"

"သစ်ပင် အစိတ်အပိုင်းနာမည်ကို လူ့ကိုယ်ခန္ဓာအတွက် ပြောင်းသုံးတာပေါ့နော် ဘဘ"

"ဟုတ်ပါတယ်။ အဲဒီလိုပဲ သစ်ရွက်လို အရွက်ကလေးဖြစ်နေလို့ 'နား'ကို 'နားရွက်' လို့ခေါ်တာ၊ သစ်စေ့ကလေးနဲ့တူလို့ လည်ပင်းက အဖုကလေး ကို ' လည်စေ့'လို့ခေါ်တာတွေလည်း ရှိတာပေါ့"

"ဟုတ်ကဲ့ပါ ဘဘ"

"ရှိသေးတယ်။ လူတွေရဲ့ ဝမ်းဗိုက်ထဲက အစိတ်အပိုင်းတစ်ခုကို သရက်ရွက်ကလေးနဲ့တူလို့ သရက်ရွက်လို့ ခေါ်တာလေ"

"ဟုတ်ကဲ့ပါ။ သမီးတစ်ခုသတိရလို့ပါ ဘဘ။ ခြေခုံရဲ့ တစ်ဖက်ဆီက အဖုကလေးနှစ်ဖုကို 'ခြေမျက်စိ'လို့ခေါ်တာလည်း မျက်စိလိုအလုံးကလေးဖြစ်နေလို့ ထင်ပါရဲ့နော်"

"အေး. . . ဟုတ်တာပေါ့။ ဒါကတော့ လူ့ကိုယ်ခန္ဓာအစိတ်အပိုင်းနာမည်တစ်ခုကို တခြားအစိတ်အပိုင်းအတွက် သုံးတာပေါ့ကွယ်။ အခုပြောခဲ့တဲ့ အသုံးတွေဟာလည်း ဥပစာ၊ အာနိသင်ကုန်သွားတဲ့ အသုံးတွေဖြစ်နေပါပြီ။ တကယ်မဟုတ်ဘဲ တင်စားခေါ်တာမျိုး၊ ဟုတ်တော့လည်း တကယ်ခေါ်တဲ့နာမည်တွေ ဖြစ်နေပါပြီ"

"ဘဘ တိရစ္ဆာန်နာမည်တွေနဲ့ တင်စားတဲ့ အသုံးတွေလည်း ရှိမယ်ထင်ပါတယ်"

"သမီးက ဘာဖြစ်လို့ အဲဒီလိုထင်ရတာလဲ"

"ဒီစားပွဲအံဆွဲထိပ်မှာ လှည့်သွင်းထားတဲ့ သံချောင်းကလေးကို ဝက်အူလို့ ခေါ်တာ သတိရလို့ပါ"

"ဟုတ်တာပေါ့။ အရစ်အရစ်လုပ်ထားတဲ့ အဲဒီသံချောင်းကလေးကို ဝက်အူလို့ခေါ်တာ ဝက်ရဲ့အူကလေးနဲ့တူလို့ ဒီ့ပြင်နာမည်မပေးတော့ဘဲ ဝက်အူလို့ခေါ်တာပေါ့ကွယ်။ အဲဒီလိုပဲ၊ 'ခွေးခြေ၊ မျောက်လက်၊ ကြက်လျှာ၊ ကျားလျှာ၊ ဆိတ်ချို' ဆိုတာတွေလည်း တိရစ္ဆာန်အစိတ်အပိုင်း နာမည်တွေပဲလေ။ အဲဒီပစ္စည်းတွေ သမီးသိတယ် မဟုတ်လား"

" ကြက်လျှာဆိုတာ ဘာပါလဲဘဘ"

" ဩော်. . . ဘုရားလှူရတဲ့ သုံးထောင့်ပုံ စက္ကူအလံကလေးလေ။ တံခွန် ကုက္ကားတွေနဲ့ တွဲလှူရတာ။ ကြက်လျှာပုံ သုံးထောင့်ချွန်းကလေးပေါ့"

"'ကျားလျှာ' ကရော ဘဘ"

"'ကျားလျှာ'က သစ်သားကိုတိုက်ရတဲ့ တံစဉ်းလေ၊ ခပ်ကြမ်းကြမ်းကြီးပါ။ ကျားလျှာလို့ ခေါ်တာ"

"'ဆိတ်ချို' လည်း သမီးမသိဘူး ဘဘ"

"ခက်နေပါပြီ။ ထုတဲ့တူမှာပါတဲ့ ဆိတ်ချိုလို ကောက်နေတဲ့ ခွကိုခေါ်တာလေ။ သံနုတ်ရင်သုံးရတယ်လေ"

" ဩော်. . . သိပါပြီ ဘဘ"

" ဆင်ခြေထောက်ရောဂါတို့၊ ဆင်နားရွက်တံခါးတို့၊ လေဆင်နှာမောင်းတို့တော့ သမီးသိမှာပါ။ ပုံသဏ္ဌာန်ချင်းတူလို့ အဲဒီနာမည်တွေပေးထားတာ၊ တကယ်ခေါ်တဲ့ နာမည်တွေဖြစ်နေပြီလေ"

"ဟုတ်ကဲ့ ဘဘ၊ ဒါဆို အဲဒီစကားလုံးတွေကလည်း ဥပစာ အာနိသင်ကုန်နေတဲ့ စကားလုံးတွေလို့ ဆိုရမှာပေါ့နော်"

"ဟုတ်ပါတယ်။ အဲ. . . ဥပစာအာနိသင်မကုန်သေးတဲ့ စကားတွေလည်း အများကြီးရှိပါတယ်။ တိရစ္ဆာန်တွေရဲ့ အမူအရာနဲ့တူတဲ့ လူ့အမူအရာတွေကို ဖော်ပြတဲ့ ဥပစာအသုံးတွေ နမူနာပြောပြမယ်"

"ဟုတ်ကဲ့ပါ"

"ထိတ်ထိတ်လန့်လန့် ဖြစ်နေတဲ့အမူအရာကို ဖော်ပြမယ်ဆိုရင်၊ 'ကျီးလန့်စာစားဖြစ်နေတယ်'လို့ပြောလေ့ရှိတယ်။ကျီးကန်းဆိုတဲ့သတ္တဝါဟာ အစာစားတာတောင်မှ အေးအေးဆေးဆေး မစားနိုင်ဘဲ အန္တရာယ်ကို အထိတ်တလန့်ကြည့်ရင်း စားတဲ့အမူအရာနဲ့ တင်စားလိုက်တာပဲလေ"

"ဘဘ၊ ကျီးကန်းတောင်းမှောက် ဖြစ်နေတယ်လို့လည်း ပြောတယ်မဟုတ်လား "

"ဟုတ်ပ။ အစာကိုချီရင်း တောင်းကိုမှောက်ပစ်လိုက်မိလို့ လန့်နေတဲ့ အမူအရာပေါ့ကွယ် "

"ဟုတ်ကဲ့ပါ"

"တိတ်တိတ်ကြိတ်ပြီး ကြံစည်နေတာမျိုးကို 'ဆင်ကြံကြံတယ်'လို့ ပြောသလို လျှို့လျှို့ဝှက်ဝှက် အမူအရာကို 'ကြောင်လက်သည်းဝှက် လုပ်နေတယ်' လို့ ပြောတာဟာလည်း အဲဒီဆင်တို့၊ ကြောင်တို့ရဲ့ အမူအကျင့်ကိုဖော်ပြတဲ့ ဥပစာအသုံးပဲ"

▌ ဥပစာအသုံးတွေထဲမှာ ဘဘတို့နေ့စဉ်ကြုံတွေ့နေရတဲ့အဖြစ်အပျက်တွေ အမူအရာတွေကို အခြေခံပြီး တင်စားတဲ့အသုံးတွေ အများကြီးပါ။ ဆိုပါတော့။ အလွယ်တကူပြီးမြောက်တဲ့အလုပ်ကို "ဆူလွယ်နပ်လွယ်"လို့ တင်စားတာကိုပဲကြည့်။ ▌

" ဟုတ်ကဲ့ပါ"

" စိတ်သောကရောက်ပြီး ဆောက်တည်ရာမရဘဲ လူးလှိမ့်နေတဲ့အမူအရာကို 'ငါးရံ့ပြာလူး ဖြစ်နေတယ်'လို့ပြောတာ သမီးကြားဖူးသလား"

"ကြားတော့ကြားဖူးပါတယ်ဘဘ။ အဓိပ္ပာယ်သေသေချာချာ မသိပါဘူး။ ပြာတွေထဲမှာလူးလိမ့်နေတဲ့ ငါးရံ့ရဲ့အမူအရာကို ပြောတာပေါ့။ အဲဒီ ငါးရံ့လိုပဲ ဆောက်တည်ရာမရ ဖြစ်နေတဲ့အမူအရာကို ဥပစာတင်စားသုံးတာပါ"

"နေမကောင်းလို့အိပ်ရာပေါ်မှာ လူးလှိမ့်နေတာကိုလည်း ငါးဖယ်ပြန်နေတယ်လို့ သုံးတယ်နော် ဘဘ"

"ဒါတော့ သမီးသိသားပဲ။ တီဗွီမှာ ဆေးကြော်ငြာတွေ ပလူပျံနေတာပဲလို့ပြောရင် ဘယ်လိုအဓိပ္ပာယ်ရှိသလဲ သမီး"

"အများကြီးပဲ၊ သိပ်များတယ်လို့ ဆိုလိုတာပါ ဘဘ၊ ပလူကောင်တွေ အများကြီး ပျံထွက်လာတာနဲ့ တင်စားထားတာပါ။ ဒါထက် သမီးမရှင်းတာ တစ်ခုမေးပါရစေ ဘဘ"

"မေးလေ၊ ဘာပါလိမ့်"

"သစ္စာဖောက်ကို ပုဆိန်ရိုးလို့ ဘာဖြစ်လို့ခေါ်တာလဲဟင် ဘဘ"

"အေး. . . . ဒါလည်း ဥပစာတင်စားတာပဲပေါ့။ ပုဆိန်ရိုးကို ဘာနဲ့လုပ်လေ့ရှိသလဲ"

"သစ်သားနဲ့လုပ်ပါတယ် ဘဘ"

"အဲဒီပုဆိန်နဲ့ ဘာကိုခုတ်သလဲ"

"သစ်ပင်ကို ခုတ်ပါတယ်ဘဘ"

"အေး. . . သစ်သားနဲ့လုပ်တဲ့ပုဆိန်ရိုးက ကိုယ်နဲ့မျိုးတူဖြစ်တဲ့ သစ်ပင်ကိုခုတ်ဖို့ သံပုဆိန်သွားကို ကူညီသလို ကိုယ့်အမျိုးသားပျက်စီးရာ ပျက်စီးကြောင်းအတွက် တခြားလူကိုအကူအညီပေးတာဟာ သစ္စာဖောက်တာပဲပေါ့၊ ဒါကြောင့် သစ္စာဖောက်ကို ပုဆိန်ရိုးလို့ တင်စားသုံးတာပေါ့ကွယ်"

"နားလည်ပါပြီ ဘဘ"

"တကယ်တော့ ဥပစာအသုံးတွေထဲမှာ ဘဘတို့ နေ့စဉ်ကြုံတွေ့နေရတဲ့ အဖြစ်အပျက်တွေ အမူအရာတွေကို အခြေခံပြီး တင်စားတဲ့အသုံးတွေ အများကြီးပါ။ဆိုပါတော့။ အလွယ်တကူပြီးမြောက်တဲ့အလုပ်ကို 'ဆူလွယ်နပ်လွယ်'လို့ တင်စားတာကိုပဲကြည့်။ ဒီစကားက ထမင်းချက်တဲ့အလုပ်ကို အခြေခံတာပဲမဟုတ်လား။ တကယ်သုံးတဲ့အခါကျတော့ ထမင်းချက်တာနဲ့ မဆိုင်တော့ဘူးလေ။ 'ငါတော့ စီးပွားရေးလုပ်ရင် ဆူလွယ်နပ်လွယ် အလုပ်မျိုးပဲကြိုက်တယ်'ဆိုတာမျိုး သုံးတယ်လေ"

"ဘဘက ထမင်းအကြောင်းပြောတော့ သမီးက ဟင်းအကြောင်း သတိရလို့ပါ။ 'ဟင်းလေးအိုး'ဆိုတာ ဘာကိုတင်စားသုံးတာပါလဲ ဘဘ"

"ဩော်. . . ဟင်းလေးဆိုတာ ဟင်းအမျိုးမျိုးရောပြီး ကျိုထားတဲ့ ဟင်းကိုခေါ်တာလေ။ အရသာလေးလေးပင်ပင်ရှိလို့ ဟင်းလေးလို့ခေါ်တာ။ ဘုန်းတော်ကြီးကျောင်းတွေမှာ နံနက်ဖက် ဆွမ်းစားပြီးလို့ ကျန်တဲ့ဟင်းတွေကို ရောပြီး ဟင်းလေးကျိုလေ့ရှိတယ်။ ညနေဘက်မှာ ကျောင်းသားတွေ စားရတာပေါ့။ အဲဒီလိုပဲ ဗဟုသုတအမျိုးမျိုးကြွယ်ဝတဲ့ပုဂ္ဂိုလ်ကို ဟင်းလေးအိုးကြီးလို့ တင်စားသုံးလေ့ရှိတာပေါ့။ ဗဟုသုတဟင်းလေးအိုးလို့ သုံးလေ့ရှိတယ်"

"ဒီလိုဆိုရင် ဒီစကားအဓိပ္ပာယ်သိဖို့ ဟင်းလေးကျိုတဲ့ အလေ့အကြောင်းကို သိထားရမှာပေါ့နော် ဘဘ"

"ဟုတ်တယ်။တချို့ဥပစာအသုံးတွေကတော့ နောက်ခံအကြောင်းကိုသိမှ ဘယ်လိုတင်စားတယ်ဆိုတာ သိနိုင်လိမ့်မယ်။ ဆက်ပြောသေးတာပေါ့ကွယ်"

အီဘိုလာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့ နေသောနိုင်ငံများသို့ ခရီးသွားလာလျှင်

အီဘိုလာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့နေသော နိုင်ငံများသို့ ခရီးသွားလာလျှင် အန္တရာယ်နည်းနိုင်သမျှ နည်းစေရန် အောက်ပါအချက်များကို သိရှိထားသင့်ကြောင်း WHO ၏ ထုတ်ပြန်ချက်ကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ သိရသည်။

အီဘိုလာဗိုင်းရပ်စ်၏ ရောဂါလက္ခဏာများဖြစ်သည့် ဖျားနာခြင်း၊ အားနည်းခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် လည်ချောင်းနာခြင်းတို့ ခံစားရကာ အော့အန်ခြင်း၊ ဝမ်းလျှောခြင်း၊ သွေးထွက်နေသော ခရီးသည်ကို တွေ့ရှိပါက လေကြောင်းလိုင်းတာဝန်ရှိသူအား အသိပေးပါ။

အီဘိုလာဗိုင်းရပ်စ် ကူးစက်ခံရသည့် ရောဂါလက္ခဏာများ ရှိနေသော အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မျှ ထိတွေ့ကိုင်တွယ်ခြင်း မပြုပါနှင့်။

အီဘိုလာ ဗိုင်းရပ်စ်ကြောင့် သေဆုံးသူ၏ ခန္ဓာကိုယ်ကို မကိုင်တွယ်ပါနှင့်။

အရက်ပြန်/လက်သန့်ဆေးရည်ကို အရာဝတ္ထုတစ်ခုခုကို ကိုင်တွယ်ပြီးတိုင်း အသုံးပြုပါ။ လက်များညစ်ပေနေပါက သန့်ရှင်းသောရေ၊ ဆပ်ပြာဖြင့် မကြာခဏဆေးကြောပါ။

အီဘိုလာဗိုင်းရပ်စ်ပိုး ကူးစက်ခံရသည့်လက္ခဏာများ ခံစားရပါက ဆေးဘက်ဆိုင်ရာ အကူအညီကို ချက်ချင်းရယူပါ။

စိုးဝင်း(sp)

အမှိုက်များ စနစ်တကျစွန့်ပစ်ခြင်း အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးရုံးခန်းမ၌ ဩဂုတ် ၂၉ ရက် နံနက် ၁၀နာရီက အမှိုက်များ စနစ်တကျစွန့်ပစ်ခြင်းနှင့်သက်ဆိုင်သော အသိပညာပေး ဟောပြောဆွေးနွေးရာတွင် မြို့နယ် ရပ်မိရပ်ဖ၊ ပြည်သူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဌာနဆိုင်ရာ ပေါင်းစုံမှ အရာရှိများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ရပ်မိရပ်ဖ ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒု/ဌာနမှူး ဦးခင်ဝင်းက မြို့နယ်၊ ရပ်ကွက် အိမ်ထောင်စုရှိ မီးဖိုချောင်သုံး စွန့်ပစ်အမှိုက်များကို မိမိတို့ဌာနက စီမံခန့်ခွဲထားမှုနှင့် သတ်မှတ်ထားသည့်နေရာရှိ အမှိုက်ပုံး၊ အမှိုက်ကန်များတွင် စနစ်တကျစွန့်ပစ်ခြင်းဖြင့် သန့်ရှင်းလှပသော မြို့တော်အင်္ဂါရပ်နှင့်အညီ ဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူလူထု တစ်ရပ်လုံးကလည်း မိမိတို့ စည်ပင်သာယာရေးဌာနနှင့် ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အမှိုက်များ ပြန့်ကျဲလေလွင့်မှု နည်းပါးလာမည်ဖြစ်ကြောင်း၊ ယခုလက်ရှိအချိန်တွင် ပြည်သူလူထုဘက်ကလည်း စည်းကမ်းမဲ့အမှိုက်များ စနစ်တကျ စွန့်ပစ်ခြင်းကို ပူးပေါင်းဆောင်ရွက်မှု အားနည်းနေသေးကြောင်းကို တွေ့ရှိကြောင်း အသိပညာပေး ဟောပြောကြောင်း သိရသည်။ (၀၈၁)

ပေါင်းတည်မြို့နယ်၌ ကျေးရွာများအရောက် ထောက်ပံ့ငွေပေးအပ်

ပေါင်းတည် ဩဂုတ် ၃၀

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ကျေးရွာများအတွင်း ရေလွှမ်းမိုးမှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လယ်ယာမြေများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကူညီပံ့ပိုးသော ကျေးရွာအရောက် ထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၆ ရက်က ညောင်ဖြူကျေးရွာ၊ ညောင်ကပွင်ကျေးရွာ၊ ကုက္ကိုပင်ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျနှင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် သက်ဆိုင်ရာ တောင်သူများ တက်ရောက်ကြသည်။ ထို့နောက် တာဝန်ရှိသူများက ကျေးရွာအုပ်စုသုံးအုပ်စုမှ ၉၁၁ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၆၀၀၀ ဖြင့် ငွေကျပ် ၅၄၆၆၀၀၀ ကို တောင်သူများထံပေးအပ်ခဲ့ကြောင်း သိရသည်။

တင်ဝင်းဇော်(ပေါင်းတည်)

ပြည်သူအကျိုးဖော်ဆောင်ဖို့ အခွန်မှန်မှန်ပေးဆောင်စို့

ပြည်တွင်းသတင်း

အမှတ်(၁) အလုံ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၃၀

မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း အမှတ်(၁)အလုံအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း Soft Opening ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် အလုံမြို့နယ် တိုးချဲ့ ကမ်းနားလမ်းသစ်ပေါ်ရှိ အဆိုပါ ဆိပ်ကမ်းအဝင်မုခ်ဦး၌ ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ စစ်ထောက်ချုပ် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဗိုလ်ချုပ်ညိုစော၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး (ရန်ကုန်မြို့တော်ဝန်) ဦးလှမြင့်နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်ဆွေတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း အမှတ်(၁)အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းဆိုင်းဘုတ်ကို စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားကို ဆိပ်ကမ်းရှိ မင်္ဂလာမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းမှ စီမံကိန်းများညွှန်ကြားရေးမှူး ဦးခင်မောင်စိုးက အမှတ်(၁) အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း ဆိပ်ခံတံတားတည်ဆောက်မှုဆိုင်ရာအချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းက အချက်ပေးဥဩစက်ခလုတ်နှိပ်၍ ကုန်သေတ္တာများအား Mobile Habour Crane ဖြင့် စတင် အတင်အချပြုလုပ်ဆောင်ရွက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက သင်္ဘောပေါ်မှ ကုန်သေတ္တာများ အတင်အချပြုလုပ်နေခြင်းကို ကြည့်ရှုကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့် ဧည့်သည်တော်များ၊ ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ ဟန်လင်းသင်္ဘောနှင့် ကျောက်ဖြူသင်္ဘောမှ သင်္ဘောကပ္ပတိန်များအား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ စစ်ထောက်ချုပ် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဗိုလ်ချုပ်ညိုစောနှင့် တာဝန်ရှိသူများက ဆိပ်ကမ်းဖွင့်ပွဲအထိမ်းအမှတ်တံဆိပ်များနှင့် အလံငယ်များ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆိပ်ကမ်းအတွင်း လှည့်လည်ကြည့်ရှုပြီး Control Centre Room သို့ ရောက်ရှိရာ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းမှ စီမံကိန်းများညွှန်ကြားရေးမှူး ဦးခင်မောင်စိုးနှင့် တာဝန်ရှိသူများက ဆိပ်ကမ်းနှင့် ပတ်သက်၍ ထိန်းချုပ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယနေ့ ဖွင့်လှစ်လိုက်သော အမှတ်(၁)အလုံအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသည် ရန်ကုန်ဆိပ်ကမ်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ တိုးချဲ့ဆောက်လုပ်မည့် ဆိပ်ကမ်းများအနက် ပထမဆုံးတည်ဆောက်ပြီးစီး ဖွင့်လှစ်ခဲ့သည့် ဆိပ်ကမ်းဖြစ်ပြီး မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၏ ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ခဲ့သော လုပ်ငန်းဖြစ်ကြောင်း၊ ဆိပ်ကမ်း၏ ဆိပ်ခံတံတားမှာမီတာ ၂၀၀ အလျားရှိ၍ ကုန်သေတ္တာလွင်ပြင် ၂၇ ဒသမ ၀၉ ဧကအားပူးတွဲပါဝင် တည်ဆောက်ထားပြီး တည်ဆောက်ချိန် တစ်နှစ် ခုနစ်လနှင့် တည်ဆောက်နိုင်ခဲ့ပြီး ဆိပ်ခံတံတားနှင့် ဆက်စပ်လျက်မီတာ ၄၀၀ အရှည်ရှိသော ဆိပ်ခံတား၊ ကုန်သေတ္တာလွင်ပြင် ၁၈ ဒသမ ၀၉၃ ဧကတို့ကို ဆက်လက်တည်ဆောက်လျက်ရှိရာ ၂၀၁၅ ခုနှစ် မတ်လတွင် တည်ဆောက်ပြီးစီးမည်ဟု သိရှိရကြောင်းနှင့် အဆိုပါ မီတာ ၄၀၀ တံတားပြီးစီးပါက တန်ချိန် ၂၀၀၀၀ ရှိ ပင်လယ်ကူးသင်္ဘောကြီး သုံးစင်းတစ်ပြိုင်တည်း ဆိုက်ကပ်နိုင်မည်ဖြစ်ပြီး ကုန်သေတ္တာကိုင်တွယ်မှုမှာ တစ်လလျှင် ကုန်သေတ္တာလုံးရေ ၂၄၀၀၀ အထိ ကိုင်တွယ်နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ ပင်လယ်ရေကြောင်းကုန်သွယ်မှုတွင် ပိုမိုတိုးတက်လာမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ လူမှုမီဒီယာဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၃၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)က ကြီးမှူးကာ လူမှုမီဒီယာဆိုင်ရာနှင့် ပတ်သက်၍ "Social Media Awareness" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ YMCA ခန်းမ၌ ကျင်းပခဲ့သည်။

ယင်းဟောပြောပွဲတွင် ဗုဒ္ဓဘာသာဝင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ နာယက ဒေါက်တာတင်သိန်းလွင်၊ ခရစ်ယာန်ဘာသာဝင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ နာယကသိက္ခာတော်ရ ဒေါက်တာစောမာဂေကြီး၊ အစ္စလာမ်ဘာသာဝင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ပြန်ကြားရေးအဖွဲ့ဝင် ဦးအောင်မျိုးလွင်(ခ)အဂ္ဂနှင့် ဟိန္ဒူဘာသာဝင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ပြန်ကြားရေးအဖွဲ့ဝင် ဦးရာဂီတို့က အသီးသီး ဟောပြောကြသည်။

ယနေ့ ဟောပြောပွဲသည် မြန်မာနိုင်ငံသူနိုင်ငံသားများအတွင်း အမုန်းစကား၊ အမုန်းတရားများ ပယ်ပျောက်၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဖြစ်ပြီး နိုင်ငံတွင်း ငြိမ်းအေးသာယာရေးအတွက် ခေတ်မီတိုးတက်၍ အမြင်ရှိသော လူငယ်ထုအားဖြင့် ဝိုင်းဝန်းအကောင်ထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်ဆိုသည့် အမုန်းတရား၊ အမုန်းစကားများအား လူမှုမီဒီယာများဖြစ်ကြသည့် အင်တာနက်၊ ဖေ့ဘွတ်ခ်၊ တွစ်တာနှင့် စီဒီခွေများမှ တစ်ဆင့် ဘာသာတစ်ခုနှင့် တစ်ခု၊ တစ်ဖက်နှင့်တစ်ဖက် အမုန်းစကားများဖြင့် အပြန်အလှန် တိုက်ခိုက်စွပ်စွဲနေသည်ကို နေ့စဉ်နှင့်အမျှ မြင်တွေ့နေရကြောင်း။

ကမ္ဘာသူ ကမ္ဘာသားအားလုံး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးအတွက် သည်းခံစိတ် မွေးမြူရေးသည် အထူးအရေးကြီးလှပါကြောင်း၊ ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များအနေဖြင့် မိမိတို့ ကျရာကဏ္ဍမှနေပြီး မြန်မာနိုင်ငံသားအားလုံး လူမျိုးဘာသာမရွေး ထိတ်လန့်ပူပင်သောက မရောက်ရှိစေဘဲ ငြိမ်းချမ်းသာယာစွာဖြင့် ဥမကွဲ သိုက်မပျက် နေထိုင်နိုင်ရေးအတွက် အမုန်းစကားများ ဆိတ်သုဉ်းစေရန် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နေကြကြောင်း။

ဘာသာတရားတိုင်းသည် မေတ္တာတရား၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းတို့ကို အလေးအနက်ထား၍ သွန်သင်လမ်းညွှန်ထားပါကြောင်း၊ ပြဿနာများ၏ အရင်းအမြစ်အား ဖော်ထုတ်ဖြေရှင်းမှုမရှိခြင်း၊ နားလည်မှုလွဲမှားခြင်း၊ ယုံကြည်မှု မရှိတော့ခြင်းတို့သည် အပြန်အလှန် မတရားစွပ်စွဲ၍ အမုန်းတရား၊ အမုန်းစကားများဖြင့် ပဋိပက္ခများကိုပိုမိုဖြစ်ပေါ်ကြီးထွားစေကြောင်းဖြင့် အသီးသီး ဟောပြောခဲ့ကြသည်။

အဆိုပါဟောပြောပွဲတွင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) နာယက အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်နှင့် ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးစိန်ဝင်းအောင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး အထွေထွေအတွင်းရေးမှူး ဒေါက်တာသာဉာဏ်က ဟောပြောပွဲအပြီးတွင် ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ညနေ ၄ နာရီတွင် ရုပ်သိမ်းခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ မြို့နယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ ပြည်နယ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများ၊ ဘာသာပေါင်းစုံမှ လူငယ် လူရွယ်များ၊ သတင်းအချက်အလက်နှင့် နည်းပညာ (IT) ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူများနှင့် တရုတ်-မြန်မာ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

◆ ရှေ့ဖုံးမှ

ယင်းဈေးများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ငွေကျပ် သန်းပေါင်း ၁၃၀၀ ကျော် အကုန်အကျခံ တည်ဆောက်သွားမည် ဖြစ်သည်။ အဆိုပါဈေးများ တည်ဆောက်ပြီးပါက ဆိုင်ခန်းများကို ပြည်သူများအား ရောင်းချပေးသွားမည်ဖြစ်ရာ ဆိုင်ခန်းများရောင်းချမှုမှ ငွေများကို ရန်ကုန်မြို့ရှိ ကြံ့ခိုင်မှုအားနည်းနေသော ဈေးကြီးများကို အကြီးစားပြင်ဆင်မှုပြုလုပ်သွားရန် စီစဉ်ထားသည်။ မြို့နယ်အလိုက်တည်ဆောက်မည့်ဈေးများမှာ ဒဂုံ(မြို့သစ်)ဆိပ်ကမ်းမြို့နယ်တွင် ကြက်၊ ဘဲဈေး၊ ဒဂုံ(မြို့သစ်)မြောက်ပိုင်းရှိ စံပြရိပ်ငြိမ်ဈေးအတွင်း ပျံကျဈေး၊ သဃ်န်းကျွန်းမြို့နယ် စံပြဈေးအနီးပျံကျဈေး၊ ဒေါပုံမြို့နယ်အတွင်း ဒေါပုံဈေးအတွင်း ပျံကျဈေး၊ လှိုင်သာယာမြို့နယ် (၂၀) ရပ်ကွက်အတွင်း ပျံကျဈေးများ၊ အင်းစိန်မြို့နယ်အတွင်း ဖော့ကန်ဈေး၊ အောင်ဆန်းဈေးအတွင်း ပျံကျဈေး၊ ရွှေပြည်သာမြို့နယ်တွင် ပတ္တမြားဈေးသစ်၊သာကေတမြို့နယ်အတွင်း အမှတ် (၃) ဈေးစသည်တို့ဖြစ်သည်။

ရန်ကုန်မြို့တော်အတွင်းအချို့ဈေးကြီးများမှာ ဈေးဥပမိရုပ်ယိုယွင်းနေမှုများရှိနေရာ ပြင်ဆင်မှုများပြုလုပ်ရန်လိုအပ်လျက်ရှိသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ဈေးပေါင်း ၁၈၀ ခန့်ရှိနေပြီး အခွန်လွတ်ဈေးများမှာ ၁၁ ဈေး ရှိနေသည်။

ထို့ကြောင့် ဈေးသစ်များတည်ဆောက်ပြီးစီးပါက ရန်ကုန်မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဈေးစုစုပေါင်း ၁၀၂ ဈေး ရှိလာမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဆင်သေရေလှဲဆည်ကြံ့ခိုင်မှု ကွင်းဆင်းစစ်ဆေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်

တပ်ကုန်း ဩဂုတ် ၃၀

နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေသည် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစောစိန်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်နှင့် တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးကြီးကြပ်ညှိနှိုင်းမှု ကော်မတီဝင်များနှင့်အတူ ဩဂုတ် ၂၉ ရက် မွန်းလွဲ ၂ နာရီက တပ်ကုန်းမြို့နယ် မြောက်မြိုက်ကျေးရွာအုပ်စု ဒဟတ်ကုန်းကျေးရွာအနီးရှိ ဆင်သေရေလှဲဆည်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ တပ်ကုန်းမြို့ ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်လွင်က ဆင်သေဆည်၏ ရေပြည့်အမှတ်မှာ ပေ ၇၁၀ ဖြစ်ကြောင်း၊ ယခုလက်ရှိ ရေအမှတ်သည် ၆၈၃ ပေသာရှိသဖြင့် ဆည်ရေပြည့်အမှတ်ရောက်ရှိရန် ၂၇ ပေ လိုအပ်ကြောင်းနှင့် ဆင်သေဆည်ရေဝင်ရောက်မှုအခြေအနေ၊ ရေသွင်းရေထုတ်စနစ်များ၊ ရေပေးမြောင်းများဆောင်ရွက်ထားရှိမှု အခြေအနေ၊ မိုးရွာသွန်းမှုအခြေအနေ၊ ဆည်တာတမံကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို အသေးစိတ် ရှင်းလင်းတင်ပြသည်။ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေက ဆင်သေရေလှောင်တမံနှင့်ရေလှဲဆည်များ၏ ကြံ့ခိုင်မှုများကို ပုံမှန်စစ်ဆေး ထိန်းသိမ်းသွားရန်၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ် တားဆီးရေးအတွက် စနစ်တကျစီမံဆောင်ရွက်သွားရန်၊ စိုက်ပျိုးရေပုံမှန်ပေးဝေနိုင်ရေးတို့ကို စနစ်တကျဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေသည် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ပြီး မြို့နယ်ပညာရေးမှူး အထက၊ အထက(ခွဲ) ကျောင်းများ၏ ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံ၍ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးကြောင်း သိရသည်။ **(၀၂၁)**

ဆင်သေရေလှဲဆည် ရေဝင်ရောက်မှုအခြေအနေကို တွေ့ရစဉ်။

ပြည်တွင်းသတင်း

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ရွှေ့ပြောင်းလူဦးရေစာရင်းဆိုင်ရာရှင်းလင်းပွဲကျင်းပ

ရွှေ့ပြောင်းလူဦးရေစာရင်းအရ မြန်မာနိုင်ငံ၏လူဦးရေ ၅၁ သန်းကျော်ရှိကြောင်း ထုတ်ပြန်

ရန်ကုန် ဩဂုတ် ၃၀

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်းမရှိသည်မှာ ၁၉၈၃ ခုနှစ်နောက်ပိုင်း နှစ်ပေါင်း ၃၀ ကြာပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် သန်းခေါင်စာရင်း မြေပြင်ကွင်းဆင်းကောက်ယူခြင်းကို ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ဆောင်ရွက်ခဲ့သည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ရရှိသော ရွှေ့ပြောင်းလူဦးရေစာရင်းအရ မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ၂၀၁၄ ခုနှစ် မတ် ၂၉ ရက် ညသန်းခေါင်ယံအချိန်၌ရှိနေကြသော (ပြည်ပ မြန်မာသံရုံးများမှ ဝန်ထမ်းများအပါအဝင်) မြန်မာနိုင်ငံ၏ လူဦးရေမှာ ၅၁၄၁၉၄၂၀ ဦးဖြစ်ကြောင်း၊ အမျိုးသား ၂၄၈၂၁၁၇၆ ဦး၊ အမျိုးသမီး ၂၆၅၉၈၂၄၄ ဦးဖြင့် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၁ ဒသမ ၇ သန်းပိုကြောင်း ဗဟိုသန်းခေါင်စာရင်းကော်မရှင်က ထုတ်ပြန်လိုက်သည်။

အဆိုပါလူဦးရေသည် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် စာရင်းမကောက်နိုင်သည့် ဒေသအချို့၏ ခန့်မှန်းလူဦးရေကိုပါ ထည့်သွင်းဖော်ပြထားသည်။ တိုင်းဒေသကြီး/ပြည်နယ်များ၏ လူဦးရေပါဝင်မှု အချိုးအစားအရ လူဦးရေအချိုးအစားအများဆုံး တိုင်းဒေသကြီး/ပြည်နယ်များမှ ရန်ကုန်တိုင်းဒေသကြီးက လူဦးရေ ၇၃၅၅၀၇၅ ဖြင့် ၁၄ ဒသမ ၃ ရာခိုင်နှုန်း၊ ဧရာဝတီတိုင်းဒေသကြီးက လူဦးရေ ၆၁၇၅၁၂၃ ဖြင့် ၁၂ ဒသမ ၀၁ ရာခိုင်နှုန်းနှင့် မန္တလေးတိုင်းဒေသကြီးက လူဦးရေ ၆၁၄၅၅၈၈ ဖြင့် ၁၁ ဒသမ ၉၅ ရာခိုင်နှုန်းဖြစ်ရာ ယင်းတိုင်းဒေသကြီး သုံးခု၏ စုစုပေါင်းဦးရေမှာ နိုင်ငံလူဦးရေ၏ ၃၈ ဒသမ ၃ ရာခိုင်နှုန်း ဖြစ်သည်။

လူဦးရေအနည်းဆုံး ဒေသမှာ ကယား ၀ ဒသမ ၅၆ ရာခိုင်နှုန်း၊ ချင်း ၀ ဒသမ ၉၃ ရာခိုင်နှုန်းနှင့် နေပြည်တော် ၂ ဒသမ ၂၅ ရာခိုင်နှုန်းတို့ဖြစ်ရာ နိုင်ငံ့လူဦးရေစုစုပေါင်း၏ ၃ ဒသမ ၇ ရာခိုင်နှုန်းသာရှိကြောင်း ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ် ဟိုတယ်၌ ကျင်းပသည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ရွှေ့ပြောင်းလူဦးရေစာရင်းဆိုင်ရာ ရှင်းလင်းခြင်းအခမ်းအနားတွင် အသေးစိတ်ထုတ်ပြန်လိုက်သည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ **(အောက်ပုံ)** တက်ရောက်၍ ရှင်းလင်းပြောကြားရာတွင် သန်းခေါင်စာရင်းလုပ်ငန်းကြီးကို ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ခြင်း၊ စာရင်းပြုစုခြင်း၊ ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာ ထုတ်ပြန်ခြင်းဟူသည့် လုပ်ငန်းကြီးလေးရပ်ကို ၄၆ လတာ ဆောင်ရွက်ခဲ့ရကြောင်း၊ ကြိုတင်ပြင်ဆင်ခြင်းကို ဗဟိုသန်းခေါင်စာရင်းကော်မရှင်/ကော်မတီ အဆင့်ဆင့် ဖွဲ့စည်းခြင်း၊ နိုင်ငံတကာလူဦးရေစာရင်းအား ခြောက်လတစ်ကြိမ် Up to date လုပ်ခြင်း၊ သင်တန်းများပေးခြင်း၊ နည်းပညာသုံးစက်ကိရိယာများတပ်ဆင်ခြင်း၊ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်း၊ လူထုအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအပါအဝင် ၃၅ လတာ ပြင်ဆင်ခဲ့ရကြောင်း။

စာရင်းကောက်လုပ်ငန်းကို မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ စုစုပေါင်း ၁၂ ရက် ကောက်ကွက်ပေါင်း ၈၀၅၅၇၊ စာရင်းစစ်/စာရင်းကောက် ၁၁၅၀၀၀ တို့ဖြင့် ကချင်၊ ရခိုင်၊ ကရင်ပြည်နယ်ရှိ ရွာအချို့အတွက် ၁၄-၆-၂၀၁၄ ရက်အထိ (Technical Delay) အချိန်တိုးမြှင့်၍ ကောက်ယူခဲ့ကြောင်း။

ရခိုင်ပြည်နယ် မောင်တော၊ မြောက်ဦး၊ စစ်တွေခရိုင်နှင့် ကချင်-ဗန်းမော်ခရိုင်အတွင်း KIA လှုပ်ရှားမှုနယ်မြေရှိ ကျေးရွာအုပ်စုပေါင်း ၂၅ စု၊ ၉၇ ရွာတို့တွင် စာရင်းကောက်ခံရန် ငြင်းဆိုခဲ့သော်လည်း ကရင်ပြည်နယ် ဖာပွန်မြို့ရှိ ကျေးရွာအချို့တွင် အမျိုးသား အမျိုးသမီးလူဦးရေကို သီးသန့်ရရှိခဲ့ကြောင်း။

ကနဦး ဆန်းစစ်လေ့လာမှုအရ ရခိုင်ပြည်နယ်တွင် စာရင်းကောက်ကွက် မြေပုံရေးဆွဲခြင်း၊ မြို့နယ်လဝကမှ ရပ်ကွက်/ကျေးရွာအုပ်စုတစ်ခုချင်းစီ၏ မြေပုံကြမ်းရေးဆွဲနိုင်ခဲ့ခြင်း၊ မြေပြင်ရှိ အဆောက်အအုံတိုင်းနှင့် အမျိုးသား အမျိုးသမီးအရေအတွက် မှတ်တမ်းတင်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းကိုမှီး၍တိုးလာသောနှုန်းကို ထည့်တွက်ပြီး လက်ရှိလူဦးရေကို ခန့်မှန်းနိုင်ကြောင်း၊ ကချင်ပြည်နယ်ကောက်ရန် ကျန်နေရာများ၏ ခန့်မှန်းလူဦးရေကို အထက်ပါနည်းအတိုင်း ရရှိခဲ့ကြောင်း၊ ကရင်ပြည်နယ်တွင် မေးခွန်းပုံစံဖြင့် မကောက်ယူနိုင်သည့် ကျေးရွာများအတွက် ကရင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းမှ ပေးပို့သည့် အိမ်ထောင်စု/လူဦးရေဖြင့် ရရှိခဲ့ကြောင်း၊ ပညာရှင်များက Systematic Under-count ဟု သုံးသပ်ခဲ့ကြောင်း။

အမေရိကန်၊ ပြင်သစ်၊ အင်္ဂလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ဖိလစ်ပိုင်၊ ဂျပန်၊ နယ်သာလန်စသည့် နိုင်ငံများမှ ပြည်ပပညာရှင် ၂၃ ဦးနှင့် ပြည်တွင်းပညာရှင် ၂၃ ဦးတို့ဖြင့် ဖွဲ့စည်းထားသည့် လေ့လာသုံးသပ်ရေးအဖွဲ့၏ (Observation Mission)က သန်းခေါင်စာရင်း ကောက်ယူသည့်ကာလအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၅ ခု၊ ခရိုင် ၄၀၊ မြို့နယ် ၁၂၀၊ စာရင်းကောက်ကွက် ၉၆၀၊ အင်တာဗျူး ၂၁၉၃ ကြိမ် ဆောင်ရွက်ခဲ့ပြီး ပဏာမစိစစ်လေ့လာတွေ့ရှိချက်များကို Summit Parkview Hotel ၌ ၂၀၁၄ ခု ဧပြီ ၁၁ ရက်တွင် သုံးသပ်ချက်အရ တင်ပြခဲ့ကြောင်း၊ ၎င်းသုံးသပ်ချက်နှင့် လွတ်လပ်သော စောင့်ကြည့်လေ့လာရေးအဖွဲ့ (Census Observation Mission Report)၏ တွေ့ရှိချက်နှင့် ခြုံငုံသုံးသပ်ချက်တို့အရ လေ့လာသည့်နေရာ ၉၂ ရာခိုင်နှုန်းတွင် လူထုအသိပညာပေးပစ္စည်းများ ရောက်ရှိနေကြောင်း၊ အကောင်းဆုံးသော လူထုအသိပညာပေးရေးအစီအစဉ်ဖြစ်ခဲ့သည်ဟု တွေ့ရှိရကြောင်း၊ သန်းခေါင်စာရင်းမေးခွန်းပုံစံအပါအဝင် သန်းခေါင်စာရင်းပစ္စည်းများ နယ်စွန်နယ်ဖျား၊ ရပ်ကွက်၊ ကျေးရွာများအထိ အချိန်မီလုံလောက်စွာ ဖြန့်ဖြူးနိုင်ခဲ့ကြောင်း၊ စာရင်းကောက်များသည် လည်း ယဉ်ကျေး၊ သိမ်မွေ့ပြီး စိတ်ရှည်စွမ်းဆောင်ရည်မြင့်သူများ ဖြစ်ကြောင်း၊ စာရင်းကောက်များငယ်သူမှ ကြီးသူများအထိပါဝင်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာ ကောက်ကွက်အားလုံးသို့ ရောက်ရှိခဲ့ကြောင်း၊ စာရင်းစစ်၊ စာရင်းကောက်များကိုလည်း အဆင့်ဆင့် စနစ်တကျ သင်တန်းပေးနိုင်ခဲ့ကြောင်း။

တွေ့ဆုံမေးမြန်းချက်များအရ သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကို လူအများက သိရှိနားလည်မှုရှိပြီး အကောက်ခံရန် ဆန္ဒရှိကြောင်း၊ မေးခွန်းအားလုံးကိုလည်း ကောင်းမွန်စွာ ဖြေကြားခဲ့ကြောင်း၊ စာရင်းကောက်အပေါ် အရည်အသွေးခြုံငုံသုံးသပ်ချက်မှာ နိုင်ငံတကာစံတွင် အကောင်းဆုံးမှာ ၈/၁၀ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ၇ ဒသမ ၅/၁၀ ဖြစ်၍ အကောင်းဆုံးထဲမှ တစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံ သန်းခေါင်စာရင်းလုပ်ငန်းမှာ အောင်မြင်ပြီး နိုင်ငံတကာစံနှုန်းနှင့် ညီညွတ်သည်ဟု သုံးသပ်ခဲ့ကြောင်း၊ စာရင်းပြုစုခြင်းကို အသေးစိတ်စစ်ဆေးခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ ကူးပြောင်းဖတ်ယူခြင်း၊ အမှားပြင်ဆင်ခြင်းနှင့် တည်းဖြတ်ခြင်းလုပ်ငန်းစဉ်များ ပါဝင်ပြီး ခုနစ်လတာ ကြာမြင့်မည်ဖြစ်ကြောင်း။

မိမိတို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ သုံးသပ်ချက်မှာမူ သန်းခေါင်စာရင်းမကောက်သည်မှာ နှစ် ၃၀ ကြာပြီဟု ယေဘုယျဆိုကြသော်လည်း အချို့ဒေသများတွင် သမိုင်းတစ်လျှောက်မကောက်ခဲ့ရကြောင်း၊ ယခင် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းကာလက လုံခြုံရေးကြောင့် ကျေးရွာအုပ်စု ၉၄၁ စု မကောက်ခဲ့ရသော်လည်း ယခုအကြိမ်တွင်မူ ၂၅ အုပ်စုသာရှိကြောင်း၊ ယခုကောက်ယူမှုသည် မြန်မာ့သမိုင်းတစ်လျှောက် ပြည့်စုံမှုအရှိဆုံးဟု ဆိုချင်ကြောင်း၊ အထူးဒေသ(၂)၊ အထူးဒေသ (၄) နှင့်တိုင်းရင်းသားလက်နက်ကိုင် ညီအစ်ကိုများနယ်မြေများ၌ အပြည့်အဝ ပူးပေါင်းပါဝင်ခဲ့ကြကြောင်း၊ အခက်အခဲများရှိသော်လည်း တိုင်းရင်းသားပြည်သူ ညီအစ်ကိုတစ်ရပ်လုံးက ဝိုင်းဝန်းကူညီကြသူအားလုံးကို နိုင်ငံတော်နှင့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်က ကျေးဇူးအထူးတင်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် UNFPA ဌာနေကိုယ်စားလှယ် Ms. Janet E. Jackson က လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် ပံ့ပိုးကူညီပေးခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ဧည့်သည်တော်များနှင့် သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းချက်များကို ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းဖြေကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ UNFPA ဌာနေကိုယ်စားလှယ် Ms. Janet E. Jackson နှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ရရှိသော ရွှေ့ပြောင်းလူဦးရေစာရင်းအရ အမျိုးသား အမျိုးသမီး လူဦးရေပါဝင်မှုမှာ အမျိုးသမီးဦးရေ ၅၁ ဒသမ ၈ ရာခိုင်နှုန်းနှင့် အမျိုးသားဦးရေ ၄၈ ဒသမ ၂ ရာခိုင်နှုန်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အမျိုးသား အမျိုးသမီးအချိုးတွင် အမျိုးသမီး ၁၀၀၊ အမျိုးသား ၉၃ ဦးရှိကြောင်း၊ ကချင်ပြည်နယ်တွင်သာ အမျိုးသား ပိုများကြောင်း၊ ကယား၊ ရှမ်းပြည်နယ်တို့တွင် အမျိုးသား အမျိုးသမီးတူညီပြီး ကျန်အားလုံး အမျိုးသမီးဦးရေပိုများကြောင်း သိရသည်။

မြို့ပြလူဦးရေအချိုးအရ မြို့ပြလူဦးရေ ၁၄၈၆၄၁၁၉ ဦးရှိရာ လူဦးရေ စုစုပေါင်း ၂၉ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သည်။ မြို့ပြလူဦးရေအများဆုံးမှာ ရန်ကုန် ၇၀ ဒသမ ၁ ရာခိုင်နှုန်း၊ ကချင်ပြည်နယ် ၃၆ ရာခိုင်နှုန်းဖြစ်ပြီး မြို့ပြလူဦးရေအနည်းဆုံးမှာ မကွေး ၁၅ ဒသမ ၁ ရာခိုင်နှုန်းနှင့် ဧရာဝတီ ၁၄ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ကြောင်း၊ မြို့ကြီးများ၏ လူဦးရေစာရင်းအရ ရန်ကုန်မြို့က ၅ ဒသမ ၂ သန်းဖြင့် အများဆုံးဖြစ်ပြီး မန္တလေးမြို့က ၁ ဒသမ ၂၃သန်းဖြင့် ဒုတိယအများဆုံးဖြစ်သည်။ အနည်းဆုံးမှာ ဟားခါးက ၄၈၂၆၆ ဦးနှင့် ထားဝယ်က ၁၂၅၂၃၉ ဦးဖြစ်သည်။ မြို့ကြီးများအားလုံးတွင် အမျိုးသမီးသည် အမျိုးသားထက် ပိုများသည်။

လူဦးရေအထူထပ်ဆုံးခရိုင်များအဖြစ် ရန်ကုန်မြောက်ပိုင်း၊ ရန်ကုန်အရှေ့ပိုင်း၊ ပဲခူး၊ မန္တလေး၊ တောင်ကြီး၊ ပုသိမ်၊ ရွှေဘို၊ ရန်ကုန်တောင်ပိုင်း၊ မကွေးနှင့် မော်လမြိုင်တို့က အစဉ်လိုက်ရပ်တည်လျက်ရှိကြောင်း ထုတ်ပြန်ထားသည်။

၂၀၁၅ ခုနှစ် မေလတွင် သန်းခေါင်စာရင်း အချက်အလက်အပြည့်အစုံကို ထုတ်ပြန်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့လက်ရွေးစင်ကစားသမားများ စုပေါင်းလေ့ကျင့်နေစဉ်။

ကျော်ဖုံးမှ

အပြီးသတ်လူရွေးချယ်ရာတွင် ကျန်ရစ်ခဲ့ပြီး ဇေယျာရွှေမြေနောက်ခံလူ အောင်ဟိန်းကျော်ကို ထပ်မံရွေးချယ်ခဲ့သည်။

ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူ ဦးတင်အောင်၊ နည်းပြချုပ် အေဗရာမိုဗစ်ချ်၊ လက်ထောက်နည်းပြ ဇီကိုဗစ်နှင့် ဦးစိုးမြတ်မင်း၊ ဂိုးနည်းပြ ဒီနို၊ အသင်းအတွင်းရေးမှူး ဦးတင်မြင့်အောင်၊ မီဒီယာတာဝန်ခံ ဦးထွန်းထွန်းအောင်၊ ကစားသမားများအဖြစ် ဂိုးသမား သီဟစည်သူ၊ ကျော်ဇင်ဖြိုး၊ ပြည့်ဖြိုးအောင်၊ နောက်တန်း- ခင်မောင်လွင်၊ နေမျိုးအောင်၊ အောင်ဟိန်းကျော်၊ သိန်းဇော်၊ ရန်အောင်ဝင်း၊ ဇော်မင်းထွန်း၊ စည်သူအောင်၊ ဝင်းမင်းထွန်း၊ အောင်ဇော်၊ အလယ်တန်း-ကျော်ဇေယျာဝင်း၊ အောင်ကျော်နိုင်၊ ဒွေးကိုကိုချစ်၊ တင်ဝင်းအောင်၊ မင်းမင်းသူ၊ နန္ဒလင်းကျော်ချစ်၊ ဒေးဗစ်ဒန်း၊ ရန်အောင်ကျော်၊ ရှေ့တန်း- ကျော်ကိုကို၊ ရန်ပိုင်နှင့် စိုးမင်းဦးတို့ ပါဝင်ကြသည်။

မြန်မာအသင်းမှာ အုပ်စုပွဲစဉ်များအဖြစ် **စက်တင်ဘာ ၃ ရက်**တွင် ပါလက်စတိုင်း၊ **စက်တင်ဘာ ၆ ရက်**တွင် ဖိလစ်ပိုင်၊ **စက်တင်ဘာ ၉ ရက်**တွင် တရုတ်(တိုင်ပေ)တို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ကျော်ဖုံးမှ

ပွဲပြီးခါနီးတွင် မန်ယူတို့ အနိုင်ရရှိရေးကြိုးစားသော်လည်း ဘန်လေတို့က ခံစစ်ပိတ်ဆို့ကစားနိုင်ခဲ့ပြီး ဂိုးမရှိ သရေဖြင့်သာ ပွဲပြီးခဲ့သည်။ မန်ယူတို့ သုံးပွဲကစား တစ်ပွဲရှုံး၊ နှစ်ပွဲသရေ ရလဒ်သာ ရယူထားနိုင်သေးသည်။

ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်(၂) အနိုင်အရှုံးရလဒ်များ

လေဗာကူဆင်	၄-၂	ဟာသာဘာလင်
ဝုဖ်ဘတ်	၂-၂	ဖရန့်ဖတ်
ဘာရီမင်	၁-၁	ဟော်ဖန်ဟိမ်း
စတုဂတ်	၀-၂	ကိုလုံး
ဟမ်းဘတ်	၀-၃	ပါဒါဘွန်

ပြည်တွင်းသတင်း

✻ ရှေ့ဖုံးမှ

အလားတူ ၂၀၁၄ ခုနှစ် ဩဂုတ် ၃၁ ရက်တွင်ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက် နာဂျစ် ဘင်တွန်းဟာဂျီ အဗ္ဗဒူရာဇတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

✻ ရှေ့ဖုံးမှ

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ ရှင်သန်တက်ကြွသည့် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်ဖန်တီးမှုအတွက် သော့ချက်ကျပါကြောင်း၊ ယင်းလုပ်ငန်းများထူထောင်ရပ်တည်ရှင်သန်ရေးအတွက် ခိုင်မာပြည့်စုံသည့်မူဝါဒနှင့် ရှင်းလင်းသည့် အကောင်အထည်ဖော်ရေး အစီအမံများ၊ လုပ်သာကိုင်သာရှိသည့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းဥပဒေများ၊ ငွေကြေးအရင်းအနှီး စီးဝင်မှုများ၊ စွန့်ဦးတီထွင်မှုများအတွက် စွမ်းဆောင်ရည် မြှင့်တင်ပေးမှုများ အထူးလိုအပ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးက ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများကြောင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ထိခိုက်ပြိုလဲခြင်းမရှိစေရန်၊ ထိုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဈေးကွက်များသို့ ချိတ်ဆက်ဆောင်ရွက်နိုင်မည့် အထောက်အကူပြုစီးပွားရေး ကုန်ထုတ်လုပ်ငန်းများအဖြစ် အားပေးမြှင့်တင်ရန်၊ အာဆီယံ လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်အရ စီးဝင်လာမည့် ကုန်စည်ဝန်ဆောင်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများအား ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် အားပေးမြှင့်တင်ရန်၊ ငွေကြေးအရင်းအနှီးများရရှိရေးအတွက် ဘဏ်များနှင့် ငွေချေးလုပ်ငန်းများ အားပေးမြှင့်တင်ကူညီ ပံ့ပိုးရန်၊ နည်းပညာနှင့် အရင်းအနှီးရရှိရေးအတွက် ပြည်တွင်း ပြည်ပ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေး အားပေးမြှင့်တင်ရန်၊ သတင်းအချက်အလက်နှင့် သုတေသနလုပ်ငန်းများမြှင့်တင်ပြီး အတားအဆီး အခက်အခဲများဖယ်ရှား၍ လွယ်ကူချောမွေ့အောင် အားပေးဆောင်ရွက်ရန် လမ်းညွှန်မှာကြားထားပြီး ဖြစ်ပါကြောင်း။

အဆိုပါ မူဝါဒလမ်းညွှန်ချက်များအတိုင်း အကောင်အထည်ဖော်နိုင်ရန် မိမိတို့လုပ်ငန်းကော်မတီမှ မူဝါဒ၊ ဥပဒေ၊ ဆက်စပ်ဥပဒေများ ပြုစုရေးဆွဲရေး၊ လုပ်ငန်းစတင်ထူထောင်နိုင်ရေး၊ ငွေကြေးအရင်းအနှီးလွယ်ကူသက်သာစွာရရှိရေး၊ လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေး၊ နည်းပညာမြှင့်တင်မှု စံချိန်စံညွှန်းများသတ်မှတ်ရေး၊ သတင်းအချက်အလက်နှင့်သုတေသနလုပ်ငန်းများ လုပ်ဆောင်ရေး၊ ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ပြီး ဈေးကွက်ထိုးဖောက်ရေး၊ စောင့်ကြည့် အကဲဖြတ်ရေးလုပ်ငန်း အစုအဖွဲ့များ ဖွဲ့စည်းလုပ်ဆောင်လျက်ရှိပါကြောင်း၊ သို့ရာတွင် မျှော်မှန်းသလောက် ခရီးမပေါက်သေးဘဲ အသေးစား အလတ်စားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်ချက်နှင့်စိန်ခေါ်မှုများရင်ဆိုင်နေရဆဲဖြစ်ပါကြောင်း၊ အာဆီယံနှင့် အရှေ့အာရှ စီးပွားရေး သုတေသနအဖွဲ့ (Economic Research Institute of ASEAN and East Asia-ERIA) မှ ပြုစုထုတ်ဝေသည့် အာဆီယံ အသေးစားအလတ်စား စီးပွားရေးလုပ်ငန်း မူဝါဒညွှန်းကိန်းများ ၂၀၁၄(ASEAN SME Policy Indes 2014) သုတေသနစာတမ်းတွင် အာဆီယံနိုင်ငံများ၏ အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများအား ဖွဲ့စည်းမှု မူဘောင်ကောင်းမွန်ခြင်း၊ အထောက်အကူပြု ဝန်ဆောင်မှုများ လက်လှမ်းမီရရှိခြင်း၊ သက်သာလျင်မြန်စွာ လုပ်ငန်းစတင်နိုင်မည့် ဥပဒေစည်းမျဉ်း စည်းကမ်းများရှိခြင်း၊ ဘဏ္ဍာငွေအရင်းအနှီးရရှိခြင်း၊ နည်းပညာနှင့် နည်းပညာလွှဲပြောင်းခြင်း၊ နိုင်ငံတကာ ဈေးကွက်ချဲ့ထွင်ခြင်း၊ စွန့်ဦးတီထွင်လုပ်ငန်းဆိုင်ရာ ပညာရေးတိုးမြှင့်ခြင်းစသည့်မူဝါဒနယ်ပယ်များအလိုက် ဆန်းစစ်အကဲဖြတ်ထားသည်ကို တွေ့ရှိရပါကြောင်း။

ယင်းညွှန်းကိန်းများအရ အာဆီယံနိုင်ငံများတွင် အကောင်းဆုံးနိုင်ငံ၏ ညွှန်းကိန်းရမှတ်မှာ ၅ ဒသမ ၄၊ အာဆီယံ ပျမ်းမျှညွှန်းကိန်းရမှတ်မှာ ၃ ဒသမ ၇ ဖြစ်ပြီး မြန်မာနိုင်ငံ၏ ညွှန်းကိန်းရမှတ်မှာ ၂ ဒသမ ၉ ဖြစ်သည်ကိုတွေ့ရှိရပါကြောင်း၊ မူဝါဒနယ်ပယ်များအလိုက် နိုင်ငံများက ဆောင်ရွက်သင့်သည့် အကြံပြုထောက်ခံချက်များလည်း ဖော်ပြထားပါကြောင်း၊ မိမိတို့နိုင်ငံ၏ ပကတိအခြေအနေများနှင့်ကိုက်ညီပြီး လိုက်နာဆောင်ရွက်သင့်သည့် အကြံပြုချက်များကို အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ စီးပွားရေးလုပ်ငန်း အထောက်အကူပြုအဖွဲ့အစည်းများ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကဏ္ဍ အဖွဲ့အစည်းများ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်ပတ်သက်သူအားလုံး အပြန်အလှန် ညှိနှိုင်းပေါင်းစပ်အကောင်အထည်ဖော်ပြီး အသေးစား အလတ်စား စီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးသွားရန် အထူးလိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ နည်းပညာအကူအညီနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ရယူသွားရန်လိုအပ်ပါကြောင်း၊ အစိုးရအနေဖြင့် လုပ်ငန်းများလွယ်ကူချောမွေ့စေရန် အားပေးထောက်ပံ့မှုများ အပြည့်အဝပေးသွားမှာဖြစ်ပါကြောင်း၊ အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ကောင်းကျိုးဆိုးကျိုးနှင့် အမှန်တကယ် အကျိုးသက်ရောက်မှုကို နားလည်နိုင်စေရန်၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုပိုမိုတိုးတက်လာစေရန်အတွက် Regulatory Impact Analysis (RIA) စနစ်တကျဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ကျေးလက်ဒေသများတွင်ရှိသော အိမ်တွင်းစက်မှုလုပ်ငန်းများ Micro-enterprises ဖွံ့ဖြိုးတိုးတက်မှုသည် ကျေးလက်စီးပွားရေးဘဝကို မြှင့်တင်နိုင်ပြီး ဥစ္စာဓနဖန်တီးမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ကျေးလက်ဒေသမှာ ထွန်းကားစေခြင်းဖြင့် ကျေးလက်မှမြို့ပြသို့ ပြည်တွင်းရွှေ့ပြောင်းအခြေချမှုများကို တားဆီးနိုင်ပါကြောင်း၊ မလိုလားအပ်သည့် မြို့ပြအပြန့်ကျယ်ပြောမှုကို ကာကွယ်ပေးနိုင်သည့် နည်းလမ်းကောင်းတစ်ရပ်ဖြစ်သည့်အတွက် ကျေးလက်ဒေသများ၏ရှိရင်းစွဲ မိရိုးဖလာစီးပွားရေးလုပ်ငန်းများ၏ ရပ်တည်ရှင်သန်ဖွံ့ဖြိုးရေးကိုလည်း အသေးစားအလတ်စားစီးပွားရေးလုပ်ငန်း မူဝါဒနှင့်အစီအမံများတွင် ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းသွားရမှာဖြစ်ပါကြောင်း။

မူဝါဒနယ်ပယ်အလိုက် ဖွဲ့စည်းပေးထားသည့် လုပ်ငန်းအစုအဖွဲ့များသည် တိကျသောရည်မှန်းချက်များထားရှိပြီး ရှင်းလင်းပြတ်သားသော လုပ်ငန်းစဉ်များဖြင့် ရလဒ်အခြေပြု စီမံခန့်ခွဲမှုပြုလုပ်သွားကြရန် လိုအပ်ပါကြောင်း၊ အချိန်ကာလသတ်မှတ်ချက်များထားရှိပြီး ရလဒ်များကို ဆိုင်ရာညွှန်းကိန်းများဖြင့် တိုင်းတာစောင့်ကြည့်လျက် ပါဝင်သက်ဆိုင်သူအားလုံးအကြား လွတ်လပ်စွာသတင်းဖလှယ်ခြင်း၊ ပွင့်လင်းစွာ ဆွေးနွေးနှီးနှောတိုင်ပင်ခြင်း၊ တက်ကြွစွာပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ရှင်သန်တက်ကြွသော အသေးစား အလတ်စားစီးပွားရေး လုပ်ငန်းများကဏ္ဍ ပေါ်ထွန်းရေးအတွက် ဦးတည်ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအောက်ရှိ အစုအဖွဲ့ (၉)ဖွဲ့ဖြစ်သော လုပ်ငန်းထူထောင်နိုင်ရေး အစုအဖွဲ့၊ ငွေကြေးအရင်းအနှီး လွယ်ကူသက်သာစွာရရှိရေးမူဝါဒချမှတ်ရေးအဖွဲ့၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဥပဒေနှင့် ဆက်စပ်ဥပဒေများရေးဆွဲရေးအဖွဲ့၊ Cluster Development အဖွဲ့၊ လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးအဖွဲ့၊ စံချိန်စံညွှန်းသတ်မှတ်ရေးနှင့် အကောင်အထည်ဖော်ရေးအဖွဲ့၊ သတင်းအချက်အလက် ရရှိရေးနှင့် သုတေသနအဖွဲ့၊ ဈေးကွက်ထိုးဖောက်နိုင်ရေး မူဝါဒချမှတ်ရေးအဖွဲ့၊ Monitoring and Evaluation အဖွဲ့၊ အစုအဖွဲ့ခေါင်းဆောင်များနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌတို့က မိမိတို့အစုအဖွဲ့အလိုက် ဆောင်ရွက်လျက်ရှိသည့် ဆောင်ရွက်ချက်များ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆောင်ရွက်နေဆဲအခြေအနေများနှင့်ဆက်လက် အကောင်အထည်ဖော် လုပ်ဆောင်သွားမည့် အစီအမံများ၊ ဆောင်ရွက်ချက်များအပေါ် အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးကြရာ ဒုတိယသမ္မတက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်၏ အနာဂတ်စီမံကိန်းအဝဝကို စနစ်တကျဆောင်ရွက်နိုင်ရန် ရွှေ့ပြောင်းလူဦးရေစာရင်းထုတ်ပြန်နိုင်ပြီ

ဝင်းဝင်းမော်၊ နန္ဒာဝင်း
ဓာတ်ပုံ-ဇော်မင်းလတ်

မြန်မာနိုင်ငံတွင် ပထမဆုံးသန်းခေါင်စာရင်းကို ဘီစီ(၅၀၀)ခန့် တကောင်းဘုရင်မင်းဆက် သတိုးသီဟမဟာဓမ္မရာဇာဘုရင် လက်ထက်တွင် စတင်ကောက်ယူခဲ့ကြောင်း သမိုင်း အထောက်အထားများအရ သိရှိရသည်။ ဗြိတိသျှအုပ်ချုပ်မှုအောက်ပိုင်း၌ ပထမဆုံးလူဦးရေသန်းခေါင်စာရင်းကို မြန်မာနိုင်ငံအောက်ပိုင်းတွင် အိန္ဒိယ သန်းခေါင်စာရင်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် ၁၈၇၂ ခုနှစ်၌ ကောက်ယူခဲ့သည်။ ဆက်လက်၍ ၁၈၈၁ မှစတင်၍ ၁၀ နှစ်တစ်ကြိမ် သန်းခေါင်စာရင်းများ ပုံမှန်ကောက်ယူခဲ့သည်။ ၁၈၉၁ မှ ၁၉၄၁ ခုနှစ်အထိ ၁၀ နှစ်တစ်ကြိမ် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းများသည် မြန်မာတစ်နိုင်ငံလုံးကို လွှမ်းခြုံအောင် ကောက်ယူနိုင်ခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်မူ ၁၉၇၃ ခုနှစ်တစ်ကြိမ်နှင့် ၁၉၈၃ ခုနှစ်တွင်တစ်ကြိမ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းများ ကောက်ယူနိုင်ခဲ့သည်။ ထို့နောက်ပိုင်းတွင် သန်းခေါင်စာရင်း မကောက်ယူနိုင်ခဲ့သည့်အတွက် တိကျမှန်ကန်ပြီး အချိန်နှင့်တစ်ပြေးညီဖြစ်သော သန်းခေါင်စာရင်းအချက်အလက်များ မရရှိသည်မှာ နှစ်ပေါင်း ၃၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက မြန်မာပြည်သူများ၏ လူမှုစီးပွား လိုအပ်ချက်များကို ဆန်းစစ်လေ့လာရန်အတွက် ၂၀၁၄ ခုနှစ် မတ် ၃၀ မှ ဧပြီ ၁၀ ရက်နေ့အထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ဦးစားပေး လိုအပ်ချက်တစ်ရပ်အနေဖြင့် ကောက်ယူခဲ့သည်။

ထို့အတူ မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ၊ အမျိုးသားဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအသွင် ကူးပြောင်းရေးလုပ်ငန်းစဉ်များ၊ အမျိုးသား ပေါင်းစည်းညီညွတ်ရေး လုပ်ငန်းစဉ်များအတွက် အစီအစဉ်များချမှတ်ရာတွင် လူဦးရေအရွယ်အစား၊ ပျံ့နှံ့မှုနှင့် သွင်ပြင်လက္ခဏာများကို သိရှိရန် နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်များအား ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် စာရင်းကောက်ယူပုံတို့ကို ပိုမိုနားလည်နိုင်စေရန် ပြည်တွင်း၊ ပြည်ပမှ စာရင်းအင်းပညာရှင်၊ သန်းခေါင်စာရင်း ကျွမ်းကျင်သူများ၊ လူဦးရေပညာရှင်များနှင့် လူမှုရေးသိပ္ပံပညာရှင်များပါဝင်သည့် စောင့်ကြည့်လေ့လာရေးအဖွဲ့ကို ဖွဲ့စည်းကာ သန်းခေါင်စာရင်းကောက်ယူမှုများကို လေ့လာခဲ့ကြသည်။

ယနေ့တွင် မြန်မာတစ်နိုင်ငံလုံး၏ ရွှေ့ပြောင်းလူဦးရေစာရင်းကို ထုတ်ပြန်ကြေငြာနိုင်ခဲ့သည်။ ယနေ့ကျင်းပသည့် အခမ်းအနားတွင် သတင်းအဖွဲ့၏မေးမြန်းမှုကို ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်က ပြောကြားရာတွင် "ဒီနေ့ ရွှေ့ပြောင်းလူဦးရေစာရင်းမှာ မြန်မာတစ်နိုင်ငံလုံးအဆင့် တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်စတဲ့ လူဦးရေ အိမ်ထောင်စု စုစုပေါင်း၊ အမျိုးသား-အမျိုးသမီး လူဦးရေ အတိအကျ ထုတ်ပြန်ပေးသွားမှာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် လေးလပိုင်းမှာ ကျန်တဲ့ သန်းခေါင်စာရင်း အချက်အလက်အားလုံးကို ထုတ်ပြန်ပေးသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ တချို့တိုင်းရင်းသားလူမျိုးတွေက လူမျိုးအမည် ပြောင်းချင်တာတွေရှိတယ်။ တချို့လည်း လူမျိုးစုအမည် ပြောင်းချင်တာတွေရှိတယ်။ လူမျိုးအမည်များယွင်းနေတာတွေကို ပြင်ချင်တာတွေရှိတယ်။ ဒါတွေကို ဒုတိယ

မစ္စတာဖရီဒရစ် အိုတီနို အိုကာယို (UNFPA မှ သန်းခေါင်စာရင်းကောက်ယူရေး အကြံပေး)

လုပ်ငန်းစဉ်အနေနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ၊ တိုင်းရင်းသားလူမျိုးတွေနဲ့ပတ်သက်ပြီး စိတ်ဝင်စားတဲ့ အဖွဲ့အစည်းတွေ၊ ကျွမ်းကျင်တဲ့ သမိုင်းပညာရှင်၊ ယဉ်ကျေးမှုပညာရှင်တွေ၊ လွှတ်တော်ကတိုင်းရင်းသားရေးရာကော်မတီတွေအားလုံးနဲ့ ကျေကျေနပ်နပ်ညှိနှိုင်းပြီး အတည်ပြုချက်ရတဲ့အချိန်မှ တိုင်းရင်းသားလူမျိုးစုအမည်စာရင်းကို ထုတ်ပြန်နိုင်မှာဖြစ်ပါတယ်" ဟု ပြောသည်။

UNFPA မှ သန်းခေါင်စာရင်းကောက်ယူခြင်း အကြံပေး မစ္စတာဖရီဒရစ်အိုတီနိုအိုကာရို က "သန်းခေါင်စာရင်းကောက်ယူမှုကို သတ်မှတ်တဲ့အချိန်အတွင်းပြီးစီးအောင် အစိုးရနဲ့ပူးပေါင်းပြီး နည်းပညာပိုင်းဆိုင်ရာတွေကို UNFPA က ကူညီပေးနေပါတယ်။ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်တွေဖြစ်တဲ့ မြေပုံကားချပ်ရေးဆွဲခြင်း၊ စာရင်းဇယားကောက်ယူခြင်းတွေကို နိုင်ငံတကာစံချိန်စံညွှန်းတွေနဲ့အညီ ကောက်ယူနိုင်ဖို့ အစိုးရနဲ့ UNFPA က ပူးပေါင်းဆောင်ရွက်တာ ဖြစ်ပါတယ်။ သန်းခေါင်စာရင်းကို ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတိုင်း ၁၀ နှစ်တစ်ကြိမ် ကောက်ယူလေ့ရှိပါတယ်။ ဒေသတွင်းနိုင်ငံတွေမှာဆိုရင် ဘင်္ဂလားဒေ့ရှ်နဲ့ အိန္ဒိယနိုင်ငံတွေက ၂၀၁၁ ခုနှစ်မှာ ကောက်ခဲ့သလို ထိုင်းနဲ့ စင်ကာပူနိုင်ငံတွေမှာတော့ ၂၀၁၀ ခုနှစ်မှာ ကောက်ယူခဲ့ပါတယ်။ သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်းဟာ တိုင်းပြည်အတွက်သာမက ပြည်သူပြည်သားတွေအတွက်ပါ အကျိုးကျေးဇူးများစွာကို ခံစားရရှိစေမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျောင်းနေအရွယ် ကလေး ဘယ်နှဦးရှိတယ်ဆိုတာကိုသိရင် ကျောင်းတွေမှာ ဆရာ၊ ဆရာမ လုံလောက်ရဲ့လား၊ မလုံလောက်ရင် ကျောင်းတွေ တိုးချဲ့တည်ဆောက်နိုင်လာမယ်။ ဆရာ၊ ဆရာမတွေ ထပ်ခန့်မယ်။ ဒါက ပညာရေးပိုင်းဖြစ်ပါတယ်။ ကျန်းမာရေးအပိုင်းမှာလည်း ဆေးရုံ၊ ဆေးခန်းတွေ လုံလောက်ရဲ့လားဆိုတာတွေကို သိရှိပြီးလိုအပ်သလို ဖြည့်ဆည်းပေးနိုင်ခြင်းတွေဟာ သန်းခေါင်စာရင်းကောက်ယူရရှိခြင်းရဲ့ အကျိုးကျေးဇူးတွေပဲ ဖြစ်ပါတယ်" ဆိုသည်။

ချင်း သန်းခေါင်စာရင်းကောက် အထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဆလိုင်းအိုက်ဇက်ခင် က "သက်ဆိုင်ရာ တိုင်းရင်းသားတွေ လူမျိုးစုတွေရဲ့ နာမည်အမှန်တွေ သေသေချာချာ ဖြစ်မယ်ဆိုရင် သန်းခေါင်စာရင်း ကောက်ယူမှုက အတိုင်းထက်အလွန် ကောင်းပါလိမ့်မယ်။ အခု သန်းခေါင်စာရင်းမှာ တိုင်းရင်းသားမျိုးနွယ်စု ဘယ်လောက်ထွက်မယ်ဆိုတာ ကျွန်တော်မသိသေးဘူးပေါ့လေ။ အရင်က တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ စုရှိတယ်။ ခုန ဝန်ကြီးပြောသွားသလိုပဲ တိုင်းရင်းသား အဖွဲ့အစည်းတွေ ဖွဲ့စည်းပြီး မျိုးနွယ်စုတွေနဲ့ လူမျိုးစုတွေပြင်ဖို့ အဖွဲ့တွေဖွဲ့မယ်ဆိုတာ ဖြစ်သင့်ပါတယ်။ ဒါဟာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်၊

ဆလိုင်းအိုက်ဇက်ခင်(ချင်း သန်းခေါင်စာရင်းကောက် အထောက်အကူပြုကော်မတီအတွင်းရေးမှူး)

ဝန်ကြီးနဲ့ ဆွေးနွေးပြီး သဘောတူထားတဲ့အချက်လည်း ဖြစ်ပါတယ်။ ကိုယ့်လူမျိုးစုရဲ့အမည်မှန်က ဘာလဲ၊ လွဲနေမှားနေတာက ဘာလဲဆိုတာကို ကိုယ့်မျိုးနွယ်စုတွေက အသိဆုံးပါပဲ။ မှားနေတဲ့အသုံးတွေ ပြန်ပြင်မယ်။ အုပ်စုခွဲတာတွေ ပြန်လုပ်မယ်ဆိုတဲ့ ကိစ္စဟာ သက်ဆိုင်ရာမျိုးနွယ်စုခေါင်းဆောင်တွေနဲ့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်က ကျွမ်းကျင်တဲ့ ပညာရှင်တွေအားလုံးဝိုင်းပြီး ဆောင်ရွက်ကြတာ အကောင်းဆုံးဖြစ်သင့်တဲ့နည်းလို့ ပြောလို့ရပါတယ်။ လက်ရှိ ရွှေ့ပြောင်း သန်းခေါင်စာရင်းထုတ်ပြန်တဲ့အနေအထားကတော့ ထိခိုက်မှုအနည်းဆုံး ပုံစံနဲ့သွားထားတဲ့ အစီရင်ခံစာဖြစ်ပါတယ်။ တကယ်ကလည်း သန်းခေါင်စာရင်း အစအဆုံး ထုတ်ပြန်တာထက် ပဋိပက္ခဖြစ်နိုင်ခြေ အနည်းဆုံးကိုယူပြီး ထုတ်ပြန်တဲ့ အနေအထားက အကောင်းဆုံးဖြစ်ပါတယ်။ အကုန်လုံးဆိုရင် ဝိရောဓိဖြစ်စရာတွေ အများကြီးရှိတယ်။ နောက်ပြီး အခြေအတင်ဆွေးနွေးရမယ့် ကိစ္စတွေလည်း အများကြီးရှိတယ်။ အခုလိုဆွေးနွေးရမယ့် ကိစ္စတွေကို လောလောဆယ် မဆွေးနွေး၊ မထုတ်ပြန်သေးဘဲ ရွှေ့ပြောင်းထုတ်လိုက်တဲ့အတွက်ကြောင့် အထူးသဖြင့် ပဋိပက္ခတွေမဖြစ်စေနိုင်တဲ့ အရေးအတွက်တွေကို ဖော်ပြတဲ့အပိုင်းက တော်တော်လေးကောင်းတဲ့အချက်ဖြစ်ပါတယ်"ဟု ပြောသည်။

ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာညီညီ က "၂၀၁၅ ခုနှစ် မေလလောက်ဆိုရင် ပြီးပြည့်စုံတဲ့ ပင်မသန်းခေါင်စာရင်း အစီရင်ခံစာကို ထုတ်ပြန်နိုင်မှာဖြစ်ပါတယ်။ အဲလိုထုတ်ပြန်နိုင်ဖို့အတွက်ကိုလည်း ကောက်လာတဲ့မေးခွန်း (၄၁)ချက်ထဲမှာပါတဲ့ ပုံစံကို အရင် (scan) ဖတ်ရပါတယ်။ ဒုတိယအဆင့်အနေနဲ့ key correction ပြန်လုပ်ရပါတယ်။ တချို့နံပါတ်တွေက လူတွေမျက်စိနဲ့ကြည့်ရင် သဲသဲကွဲကွဲမြင်ရပေမယ့် စက်နဲ့ကျတော့ သဲသဲကွဲကွဲမဖတ်နိုင်တာတွေ ဥပမာ- သုံးဂဏန်းက ဆက်သွားရင် ရှစ်ဂဏန်းလို့ထင်ရပါတယ်။ ဒါမျိုးတွေကို key correction ပြန်လုပ်ပေးရပါတယ်။ ဒါတွေကလည်းအချိန်ယူပြီး ပြန်လုပ်ပေးရပါတယ်။ လူဦးရေ သန်း ၅၀ ကျော်ဆိုတော့ သူ့ရဲ့လုပ်ငန်းစဉ်က ကြာတယ်။ ဒါကိုလုပ်ပြီးရင် အချက်အလက်တွေကို ပြန်စိစစ်ရတယ်။ ဥပမာပြရရင် အချို့က ယောကျ်ားတစ်ယောက်က သား၊ သမီးမွေးထားတာတို့ အသက်ငယ်ငယ်နဲ့ ဘွဲ့ရနေတာတို့၊ အလုပ်လုပ်နေတာတို့တွေ စတဲ့ စာရင်းကောက်က မှားဖြည့်တဲ့ အချက်အလက်တွေကို ပြန်တည်းဖြတ်ရတယ်။ ဒီလုပ်ငန်းစဉ်က ကြာပါတယ်။ ဒါတွေကို အခုစလုပ်နေပါပြီ၊ ဒီနှစ်ကုန်ပိုင်းလောက်မှာ စကင် (scan) နဲ့ key correction ပိုင်း ပြီးသွားမယ်လို့ ခန့်မှန်းတယ်။ တည်းဖြတ်၊ စစ်ဆေးခြင်းနဲ့ အမှားတွေမပါအောင် အချက်အလက်တွေကောင်းအောင်၊ တိကျအောင် ပြန်လုပ်ရတာဖြစ်ပါတယ်။ အခုထွက်တာက ရွှေ့ပြောင်းက လူဦးရေဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်မျိုးစုံစတဲ့ အသေး စိတ်စာရင်းဇယားကို ၂၀၁၅ ခုနှစ် မေလလောက်မှာ ထွက်နိုင်အောင် ကြိုးစားနေပါတယ်"ဟု ပြောသည်။

နှစ်ပေါင်း ၃၀ ကျော်ကြာမှ ယခုတစ်ကြိမ် မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်သည် အခက်အခဲများ၊ စိန်ခေါ်မှုများအထိုက်အလျောက် ကြုံတွေ့ခဲ့ရသော်လည်း နိုင်ငံတကာမှ အသိအမှတ်ပြုရသည်အထိ အောင်မြင်ခဲ့ရုံသာမက နိုင်ငံတော်၏အနာဂတ်စီမံကိန်းအဝဝကိုလည်း စနစ်တကျဆောင်ရွက်နိုင်တော့မည်ဖြစ်သည်ဟု ရှုမြင်မိပါသည်။

မိုးလေဝသအခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်ပါသည်။

ပြင်ဆင်ဖတ်ရှုပါရန်

ဩဂုတ် ၃၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၉ တွင် ဖော်ပြသော အမျိုးသားပညာရေးဥပဒေ(မူကြမ်း)စကားဝိုင်းဆွေးနွေးပွဲ ကောက်နုတ်ချက်တွင် " Chater"အစား " Charter" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

သာခုအကြိမ်ကြိမ် ခေါ်ဆိုမိပါသည်

တပေါင်းစိုး

သမီးကြီးက အိမ်ထောင်ကျပြီး သူ့ခင်ပွန်းတာဝန်ကျရာ နေပြည်တော်သို့ လိုက်ပါနေထိုင်သည်။ ပင်စင်စားကျွန်တော့်အား အဖေတစ်ခေါက်လောက် အလည်လာပါဦးဟုခေါ်ဆို၍ သမီးကြီးတို့နေထိုင်ရာ နေပြည်တော် ခရေအိမ်ရာ သို့ ရောက်ခဲ့သည်။ သမီးကြီးတို့က အဖေ့ကို အလွန်ဂရုစိုက်ကြသည်။ ရုံးပိတ်ရက်များတွင် သူတို့လိုက်ပို့၍ ဥပ္ပါတသန္တိစေတီတော်ကြီးကို ဖူးခွင့်ရသည်။ နောက်တော့ ဓာတုစယဓာတ်ပေါင်းစေတီတော်၊ ဗုဒ္ဓဂယာပုံတူစေတီတော်များကိုလည်း ဖူးခွင့်ရခဲ့သည်။

ပြီးခဲ့သည့် ရုံးပိတ်ရက်တစ်ရက်ကတော့ သာဝတ္ထိ စမတောင်ရှိ ပရဟိတဘုန်းတော်ကြီးကျောင်းသို့ ရောက်ခဲ့သည်။ ဘုန်းတော်ကြီးကျောင်းတွင် ပရဟိတမိဘမဲ့ကလေးများဂေဟာရှိပြီး မိဘမဲ့ကလေးဦးရေ ၃၀၀ ခန့်ရှိကြောင်း သိရသည်။ မိဘမဲ့ကလေးများကား အရွယ်စုံလှသည်။ နို့စို့ကလေးအရွယ်မှ လူငယ်အရွယ်အထိ အရွယ်စုံပင်၊ ကြီးသည့်ကလေးက ငယ်သည့်ကလေးကို ထိန်းသည်။ အလှူရှင်များ၏ စေတနာဒါနဖြင့် ဆရာတော်က မိဘမဲ့ကလေးများကို စောင့်ရှောက်ထားသည်။ ပညာသင်ပေးသည်။ နေ့လယ်စာစားချိန်ရောက်တော့ ကလေးများက အလှူရှင်များကို ကန်တော့မေတ္တာပို့၍ နေ့လယ်စာစားကြသည်။ ကြည့်ရသည်မှာ ပီတိဖြစ်လှ၏။ လှူချင်တန်းချင်စိတ်များ တဖွားဖွားဖြစ်ပေါ်လာ၏။

မိမိတွင် မကြာသေးမီက နိုင်ငံတော်ကပေးထားသော ပင်စင်လုပ်သက်ဆုကြေးငွေကျပ် သိန်း ၃၀ ခန့်ရှိ၏။ သို့ရာတွင် ရန်ကုန်မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်ခွဲ(၁)တွင် စာရင်းဖွင့်လိုက်ပြီဖြစ်၍ လက်ဝယ်တွင် အသုံးစရိတ်အနည်းငယ်ခန့်သာ ပါတော့သည်။ ရန်ကုန်မှာ ငွေသွားထုတ်ပြီးမှ တစ်ခေါက်လာလှူရန်သာ ရှိတော့သည်။ သို့ဆိုလျှင်တော့ ခရီးစရိတ်ကုန်ဦးမည်။ လူပင်ပန်းဦးမည်ဖြစ်သည်။ သမီးကြီး၏ခင်ပွန်း သမက်မှာလည်း ဝန်ထမ်းဖြစ်၍ ငွေအလွယ်တကူလက်ဝယ်ရှိချင်မှ ရှိမည်။ ရှိလျှင်လည်း ခေတ္တချေးငှားဖို့ပြောရမှာ အားနာဖွယ်ဖြစ်၏။ သို့နှင့် ထိုနေ့ညစာထမင်းဝိုင်းတွင် မိဘမဲ့ကလေးများဂေဟာသို့ လှူဒါန်းလိုကြောင်းနှင့် ရန်ကုန်မှာငွေထုတ်ပြီး ပြန်လာလှူမည်ဖြစ်ကြောင်းပြောမိ၏။ ဤတွင် သမက်ဖြစ်သူက ငွေစုစာအုပ်ပါလာလျှင် ရန်ကုန်ဘဏ်ကငွေကို နေပြည်တော်ဘဏ်တွင် ထုတ်နိုင်ကြောင်း၊ သူတို့ရုံးက ဝန်ထမ်းအချို့ ဤနည်းဖြင့် ငွေထုတ်ဖူးကြောင်း ပြောပြလေသည်။

သို့နှင့် ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်သို့ ရောက်ရှိလာခဲ့၏။ နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ကြီးက ခမ်းနားလှသည်။ သန့်ရှင်းသပ်ရပ်မှုလည်းရှိသည်။ မန်နေဂျာစားပွဲနေရာမှာ ဝင်ဝင်ချင်းနေရာဖြစ်၍ ရှာဖွေရသည်မှာ များစွာလွယ်ကူလှ၏။ မန်နေဂျာအား မိတ်ဆက်ကာ ငွေစုစာအုပ်ကို ပြသ၍ငွေထုတ်ယူလိုကြောင်း ပြောသည်။ မန်နေဂျာက ဖော်ဖော်ရွေရွေနှင့် လိုအပ်သောပုံစံများကို အံဆွဲထဲမှ ချက်ချင်းပင်ထုတ်ပေးကာ ၎င်း၏စားပွဲတွင်ပင် ဖြည့်စွက်စေ၏။ ကူညီဖြည့်စွက်ပေးရန်လည်း ဝန်ထမ်းကလေးမများကို ညွှန်ကြားစေခိုင်း၏။ မိမိက ကိုယ်တိုင်ဖြည့်နိုင်ပါကြောင်း ပြောကြားပြီး ပုံစံများဖြည့်စွက်နေစဉ် ဝန်ထမ်းကလေးမတစ်ဦးက ကော်ဖီတစ်ခွက်လာချပေးသည်။ ပုံစံများဖြည့်စွက်ပြီးတော့ ဘယ်ကောင်တာသွားရမလဲဟုမေးရာ ဒီမှာသာခဏထိုင်စောင့်ပေးပါဟု မန်နေဂျာကပြောသည်။ ကော်ဖီပူပူလေးကို မှုတ်သောက်ရင်း မန်နေဂျာပေးထားသောဂျာနယ်ကိုဖတ်၍ ထိုင်စောင့်ရာ မိနစ် ၂၀ ခန့်အကြာတွင် ငွေစုစာအုပ်နှင့် ထုတ်ငွေနှစ်သိန်းကို ဝန်ထမ်းကလေးမက မိမိထံလာပေး၏။ မြန်လွန်းသဖြင့် အံ့အားသင့်ပြီး ဟုတ်ပါ့မလားဟု တွေးနေစဉ်တွင်ပင် မန်နေဂျာက ငွေကိုမိမိလက်ဝယ်ပေးရင်း ငွေစုစာအုပ်ကိုလှန်ကာ ရှင်းပြ၏။

"ဒီမှာ ဒီနေ့ထုတ်ငွေအတွက် ကွန်ပျူတာရေးသွင်းချက်ပါ။ ငွေလွှဲခ ၃၀၀ နဲ့ ဖက်စ်အသုံးပြုခ ၅၀၀ စုစုပေါင်း ၈၀၀ ကျပါတယ်။ ဒီမှာနှစ်သိန်းနဲ့ ရှစ်ရာ အနုတ်ပြထားပါတယ်"ဟု ဆို၏။ ဘဏ်၏ဆောင်ရွက်မှုများမှာ တိကျမြန်ဆန်လှပေသည်။ ရန်ကုန်သွားထုတ်ရပါက အသွားအပြန်ကားခနှင့် စားစရိတ် စုစုပေါင်း တစ်သောင်းခွဲလောက် ကုန်ပေမည်။ လူပင်ပန်းမည်။ ယခုတော့ ဒီဝန်ဆောင်မှုကြောင့် အဆင်ပြေလှသည်။

နောက်တစ်နေ့ ဇူလိုင် ၁၉ ရက် (စနေနေ့)ရုံးပိတ်ရက်တွင်တော့ အဆိုပါ စမတောင်ပရဟိတမိဘမဲ့ကလေးများဂေဟာသို့ ငွေကျပ်နှစ်သိန်း သွားရောက်လှူဒါန်းဖြစ်သွားသည်။ မိမိဆန္ဒပြည့်သွားပြီး ပီတိပွားများရပါသည်။ သာခုအကြိမ်ကြိမ်ခေါ်မိပါသည် မြန်မာ့စီးပွားရေးဘဏ်။ ။

အောင်ပွဲရ အသက် ၁၉ နှစ်အောက် မြန်မာလူငယ် ဘောလုံးအသင်းအား နိုင်ငံတစ်ဝန်းမှ ဂုဏ်ပြု

နေပြည်တော် ဩဂုတ် ၃၀

၂၀၁၄ ခုနှစ် ဘရူနိုင်းဘုရင့်ဖလားဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူးရရှိခဲ့သည့် အောင်ပွဲရမြန်မာ့လက်ရွေးစင် အသက် ၁၉ နှစ်အောက်ဘောလုံးအသင်းကို နိုင်ငံတစ်ဝန်းမှ စေတနာရှင်များက ဂုဏ်ပြုခဲ့ကြသည်မှာ ဩဂုတ် ၂၉ ရက်အထိ ငွေကျပ်သိန်းပေါင်း ၂၆၆၄သိန်းနှင့် အမေရိကန်ဒေါ်လာ ၄၃၀၀ ဖြစ်ကြောင်း သိရှိရသည်။

အလှူရှင်များမှာ ဆရာတော်အရှင်ဆေကိန္ဒက အမေရိကန်ဒေါ်လာ ၄၃၀၀၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးတေဇ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းတို့က ငွေကျပ်သိန်း ၃၀၀စီ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ငွေကျပ်သိန်း ၂၀၀၊ မကွေးအသင်းပိုင်ရှင် ဦးထွန်းမြင့်နိုင်က ငွေကျပ်သိန်း ၁၅၀၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစု၊ ဇွဲကပင်အသင်းပိုင်ရှင် ဦးလှငွေ၊ ဦးဇော်ဝင်းရှိန်(ရောဝတီယူနိုက်တက်)၊ ဦးလှမျိုး (အောင်မြင်သူကုမ္ပဏီ)၊ ဦးအောင်မြတ်၊ ဦးရန်ဝင်းနှင့် ဦးဇော်ထွန်းအောင် (SMI) တို့က ငွေကျပ်သိန်း ၁၀၀စီ၊ ဦးဇော်မင်းနှင့် ဦးဇော်မင်းသိန်း(ရခိုင်ယူနိုက်တက်)တို့က ငွေကျပ်သိန်း ၅၀ စီ၊ ဒေါ်ချိုချိုလွင်က ငွေကျပ် ၂၅ သိန်း၊ ဦးမြဟန်နှင့် ဦးထင်အောင်ကျော်တို့က ငွေကျပ်သိန်း ၂၀စီ၊ အလှူရှင် ၂၂ဦးက ငွေကျပ် ၁၀ သိန်းစီ၊ အလှူရှင်ငါးဦးက ငွေကျပ်ငါးသိန်းစီ၊ ငွေကျပ်နှစ်သိန်းအလှူရှင်တစ်ဦးနှင့် ငွေကျပ်တစ်သိန်းအလှူရှင်နှစ်ဦးတို့ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရာထူးဝန်အဖွဲ့

Union Civil Service Board

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများမှ ကောက်နုတ်ချက်

၁။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၂၆-၃-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၂/၂၀၁၄ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ အဆိုပါနေ့မှစတင်၍ အာဏာတည်ပါသည်။

၂။ ဝေးလံခေါင်သီသောဒေသများနှင့် ခရီးလမ်းပန်းဆက်သွယ်မှုခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား တာဝန်ထမ်းဆောင်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ဝန်ထမ်းအခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်အလို့ငှာ အဆိုပါနိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအနက်မှ ဝန်ထမ်းများသိရှိသင့်သည့်အချက်များကို ကောက်နုတ်၍ဖော်ပြခြင်းဖြစ်ပါသည်။

ဝန်ထမ်းစည်းကမ်းဆိုင်ရာပြစ်ဒဏ်များ

၃။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၁၉)တွင် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်များနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၂၀၉ မှ နည်းဥပဒေ ၂၁၇ အထိ သတ်မှတ်ပြဋ္ဌာန်းထားရှိရာ ယင်းတို့အနက် အောက်ဖော်ပြပါ နည်းဥပဒေအချို့ကို ကောက်နုတ်၍ ဖော်ပြအပ်ပါသည်။

နည်းဥပဒေ ၂၀၉။ ဌာနဆိုင်ရာအရေးယူမှုများတွင် ဥပဒေပုဒ်မ ၅၃ ပါ ပြစ်ဒဏ်တစ်ရပ်ကိုဖြစ်စေ၊ ပြစ်ဒဏ်တစ်ရပ်ထက် ပို၍ဖြစ်စေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီချမှတ်နိုင်သည်။

နည်းဥပဒေ ၂၁၀။ နည်းဥပဒေ၂၀၉ အရ ချမှတ်သည့် ပြစ်ဒဏ်များတွင်-

(က) **စာဖြင့်သတိပေးခြင်း**ဆိုသည်မှာ ဝန်ထမ်း၏အပြစ်ကိုဖော်ပြ၍ စာဖြင့်သတိပေးခြင်းကိုဆိုသည်။ ယင်းပြစ်ဒဏ်ကိုချမှတ်ရာ၌-

(၁) သတိပေးခြင်းခံရသည့်အပြစ်ကို ကျူးလွန်သည့်ပြစ်မှုနှင့်ယှဉ်တွဲ၍ အကျဉ်းဖော်ပြရမည်။

(၂) ပြစ်ဒဏ်ချမှတ်သည့်နေ့မှစ၍ ခြောက်လပြည့်သည့်အခါတွင် ပြစ်ဒဏ်ကာလကုန်ဆုံးသည်။

(၃) ပြစ်ဒဏ်ကာလအတွင်း ရာထူးတိုးမြှင့်မပေးရ။

(၄) ပြစ်ဒဏ်ကာလအတွင်း နှစ်တိုးစေ့ကပုံမှန်ခွင့်ပြုရမည်။ *(ဆက်လက်ဖော်ပြပါမည်)*

မြန်မာ၊ ထိုင်း၊ ဖိလစ်ပိုင် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ စင်ကာပူ၌ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၃၀

Ultimate Letwhay International Challenge Fight 2014 Singapore ကျင်းပမည့် မြန်မာ၊ ထိုင်း၊ ဖိလစ်ပိုင်မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို သွားရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်အတွင်းရေးမှူး ဦးစိုင်းဇော်ဇော်ခေါင်းဆောင်သော အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများသည် ယနေ့နံနက်က လေကြောင်းခရီးဖြင့် စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားကြရာ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ယာပုံ)**

မြန်မာ၊ ထိုင်း၊ ဖိလစ်ပိုင်ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို စင်ကာပူနိုင်ငံ Woodland Sports Hall ၌ ယနေ့မွန်းလွဲ ၁ နာရီတွင် ထွန်းထွန်းမင်း(မြန်မာ)နှင့် ခရွန်(ထိုင်း)၊ ရဲတံခွန်(မြန်မာ)နှင့် ယောပီအိစ်(ထိုင်း)၊ ကြယ်စင်ဖြိုး(မြန်မာ)နှင့် ပတ်မွန်ခွန်(ထိုင်း)၊ ထက်အောင်ဦး(မြန်မာ)နှင့် ဂျီဆတ်(ဖိလစ်ပိုင်)၊ စောဖြိုးဝေ(မြန်မာ)နှင့် ဂျင်နီတို(ဖိလစ်ပိုင်)တို့ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကာ ပြိုင်ပွဲကို Real Home Construction MAI၊ MRTV-4၊ Calsome တို့ကူညီပံ့ပိုးပေးထားကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

မြစ်ကမ်းပါးပြိုသည့်ရွာ ရွှေ့ပြောင်းရွာတည်ရန်ဆောင်ရွက်

ရေစကြို ဩဂုတ် ၃၀

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ရှစ်အိမ်တန်းကျေးရွာသည် မြစ်ရေတက်သည့် အချိန်များတွင် နှစ်စဉ်နှစ်တိုင်း ကမ်းပါးပြိုကျခဲ့သဖြင့် ကျေးရွာမြေပျောက်လုနီးပါးဖြစ်နေသောကြောင့် သက်ဆိုင်ရာသို့ ရွာသစ်တည်နိုင်ရန် မြေနေရာတောင်းခံခဲ့ကြသည်ဟု သိရသည်။

နိုင်ငံတော်အစိုးရက အောင်မြင့်မိုရ်သမဝါယမအသင်းပိုင်မြေဧက ၉ ဒသမ ဝ၉ ဧက ကွင်းအား ရွာတည်ရန် မြေနေရာချထားပေးခဲ့ရာ အိမ်ခြေ ၁၁ အိမ်သာပြောင်းရွှေ့လိုသော ဆန္ဒရှိကြသဖြင့် အဆိုပါ ၁၁ အိမ်ကို မေ ၂၇ ရက်တွင် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက ပေ (၄၀ × ၆၀) အကျယ်ရှိ အိမ်ဝင်းများရိုက်ပေးကာ နေအိမ်အဆောက်အအုံများကို ထော်လာဂျီယာဉ် ခုနစ်စီးဖြင့် ဝိုင်းဝန်းကူညီပြောင်းရွှေ့ပေးခဲ့ကြသည်ဟု သိရသည်။

ကျန်ရှိနေသော ရှစ်အိမ်တန်းကျေးရွာ ကမ်းပြိုဒုက္ခသည်အိမ်ထောင်စုများသည် ၉ ဒသမ ဝ၉ ဧက ကွင်း၌ ရွာလုံးကျွတ်ပြောင်းရွှေ့နေထိုင်ရန် မြေနေရာမလုံလောက်သဖြင့် အောင်မြင့်မိုရ်သမဝါယမလီမိတက်ပိုင် ၃၂ ဒသမ ၇၆ ဧက အကျယ်ရှိ မြေကွက်ထဲမှ ရွာတည်ရန်လုံလောက်သော မြေနေရာရရှိလိုကြောင်း တောင်းဆိုခဲ့ကြရာ အောင်မြင့်မိုရ်သမနှင့် သက်ဆိုင်သောဒေသအုပ်ချုပ်ရေးအဖွဲ့တို့၏ ညှိနှိုင်းပေါင်းစပ်ပေးမှုအရ ၃၂ ဒသမ ၇၆ ဧက အကျယ်မြေဧကထဲမှ မြေ ၁၂ ဧကကို ရှစ်အိမ်တန်းကျေးရွာတည်ရန်မြေနေရာချထားပေးခဲ့သည်။ ရှစ်အိမ်တန်းကျေးရွာတွင် အိမ်ခြေ ၁၆၉ လုံးရှိသည်ဟု မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးထံမှ သိရသည်။ မြေဧက ၉ ဒသမ ဝ၉ ဧကထဲတွင် ၁၁ အိမ်စာအတွက် မြေတစ်ဧကအားခွဲဝေပေးခဲ့၍ ကျန် ၁၅၈ အိမ်စာအတွက် ၃၂ ဒသမ ၇၆ဧကထဲမှ ၁၂ ဧကအား ခွဲဝေပေးခဲ့သည်ဟု သိရသည်။

ယခုခွဲဝေပေးသောမြေ ၁၂ ဧကထဲတွင် နေအိမ်များတည်ဆောက်ရန် အိမ်ဝိုင်းများကွက်စိပ်ရိုက်ရာတွင် ပေ (၄၀×၄၀)အကျယ်ကွက်စိပ်ရိုက်လျှင် ၁၉၅ ဝိုင်းရမည်ဖြစ်၍ ပေ (၄၀×၅၀)အကျယ်ကွက်စိပ်ရိုက်ပါက ဝိုင်း ၁၆၀ ရရှိမည်ဖြစ်ကာ ပေ (၄၀× ၆၀) အကျယ်ကွက်စိပ်ရိုက်ပါက ဝိုင်း ၁၄၀ ရရှိမည်ဖြစ်သဖြင့် ရွာတည်ရန်မြေနေရာလုံလောက်၍ အိမ်ဝင်းအကျယ်အား ရွာသားများ၏ ဆန္ဒအတိုင်း အိမ်ဝင်းကွက်စိပ်ရိုက်ပေးမည်ဖြစ်သည်ဟု မြို့နယ်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

အိမွန်ဆွေ(ရေစကြို)

ဗန်းမော်မြို့၌ တစ်ညအတွင်းမီးကြိုးသုံးနေရာပစ်

ဗန်းမော် ဩဂုတ် ၃၀

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ဩဂုတ် ၂၉ ရက် ည ၁၂ နာရီက မိုးရွာ၊ မိုးခြိမ်း၊ လျှပ်စီးလက်ပြီး နောင်ကာကျေးရွာ ဒေါ်ခင်စန်းရီ၏ နေအိမ်ခြံဝင်းနှင့် ဦးမြင့်ဝင်း၏နေအိမ်ခေါင်တိုင်များကို မိုးကြိုးပစ်ခဲ့ရာ ဒေါ်ခင်စန်းရီ မွေးမြူထားသော ဝက်တစ်ကောင်၊ ကြက်နှင့်ခွေးနှစ်ကောင်သေဆုံးခဲ့၍ နေအိမ်သစ်သားတိုင် ၁၀ တိုင်အက်ကွဲသွားခဲ့ပြီး ဦးမြင့်ဝင်း နေအိမ်ခေါင်တိုင်မှာ မိုးကြိုးထိမှန်၍ ကွဲအက်ခဲ့သည်။ ည ၁၂ နာရီကျော်ခန့်တွင် မြို့မရပ်ကွက် ရှပ်ပြေးဆိပ်အနီး ဧရာမော်ဘုန်းတော်ကြီးကျောင်း အနောက်ဘက်ရှိ ကုက္ကိုပင်ကို မိုးကြိုးပစ်ခဲ့သဖြင့် သစ်ကိုင်းကျိုးကျခဲ့ကြောင်း သိရသည်။ ထို့နောက် ဩဂုတ် ၃၀ ရက် နံနက် ၂ နာရီခန့်တွင် ပါပေါင်းကျေးရွာ ဆင်ကျုံးမူလတန်းကျောင်းကို မိုးကြိုးပစ်ခဲ့သဖြင့် အနည်းငယ်ပျက်စီးခဲ့ကြောင်း သိရသည်။ **ဝါဝါ(ဗန်းမော်)**

✻ ကျောဖုံးမှ

ပဒတ္ထိုင်း၊ လက်ပံကျင်း၊ ဂရူ၊ မဲနောစသည့်ကျေးရွာများတွင် ရွာသွန်းခဲ့သည့် မိုးရေများစီးဆင်းလာမှုကြောင့် မွန်းတည့် ၁၂ နာရီခန့်တွင် မုံရွာ-မန္တလေးကားလမ်းမကြီး မိုင်တိုင်အမှတ်(၅၅/၂)နှင့် (၅၅/၃)အကြားတွင်လည်း ရေရှစ်လက်မခန့် ကျော်ခဲ့သည်။

မုံရွာ-မန္တလေးကားလမ်းမကြီး ရေကျော်ခဲ့သော်လည်း ယာဉ်သွားလာမှု ရပ်နားရခြင်းမရှိဘဲ ရေကျော်သည့်နေရာများတွင် အလံနီများ စိုက်ထူ၍ အချက်ပြထားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းရဲများနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များက ယာဉ်သွားလာမှုအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ မုံရွာ-မန္တလေးကားလမ်းမကြီး ရေကျော်ရာနေရာများသို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ပုံမှန်သွားလာနိုင်ရေး၊ ရေများအမြန်ဆုံးကျဆင်းရေးနှင့် ရေများကျဆင်းသည့်အခါ ကားလမ်းမကြီး ပျက်စီးမှုရှိခဲ့ပါက အမြန်ဆုံးပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြင်းမူမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများအား လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဖိုးခါး**

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာန၌ စက်တင်ဘာ ၁ ရက်မှစတင်ပြီး ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးမည်

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့် ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုအားအထားရဆုံး ဆေးရုံကြီးဖြစ်သည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ယခုလာမည့် စက်တင်ဘာ ၁ ရက်မှစတင်ကာ အရေးပေါ်နှင့် ပြင်ပလူနာဌာန၌ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုတစ်ရပ်အနေဖြင့် အချိန်နှင့်အမျှအရေးပေါ် လာရောက်ကုသသည့် လူနာများကို မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ဆောင်မှုတစ်ရပ်အနေဖြင့် အလုံးစုံ အခမဲ့စမ်းသပ်ကုသ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေး မြှင့်တင်မှုတို့ကို သိသာထင်ရှား မြင်သာမှုရှိစွာဖြင့် ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သလို ဘက်ပေါင်းစုံမှ ထောက်ပံ့ ကူညီပေးလျက်ရှိသည်။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ၂၀၁၁-၂၀၁၂ ခုနှစ်ကာလမှစတင်ကာ ပြုပြင်ပြောင်းလဲမှုတစ်ရပ်အနေဖြင့် ပြည်သူ့ကျန်းမာရေး ကူညီစောင့်ရှောက်မှုကဏ္ဍတွင် အသုံးစရိတ်များကို ယခင်နှစ်များကထက် ပိုမိုကျခံသုံးစွဲခွင့် ပြုခဲ့သည်။

"ကျွန်တော်တို့ အခုလို ရန်ကုန်ပြည်သူ့ဆေးရုံကြီးရဲ့ အရေးပေါ်ဌာနကို ပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှု တစ်ရပ်အနေနဲ့ အလုံးစုံ အခမဲ့ ဝန်ဆောင်မှုပေးနိုင်တာဟာ နိုင်ငံတော်က အသုံးစရိတ်ကို ယခင်နှစ်များကထက် ပိုမိုသုံးစွဲခွင့်ပြုခဲ့လို့ ဖြစ်ပါတယ်။ ဒီဌာနမှာက အရေးပေါ်ဆိုတဲ့အတိုင်း အခက်အခဲအမျိုးမျိုး၊ ဒုက္ခအမျိုးမျိုးနဲ့ ရောက်လာတာဆိုတော့ လူနာတွေရဲ့ စိုက်ထုတ်ကုန်ကျငွေကို တတ်နိုင်သလောက် လျော့နည်းနိုင်သမျှ လျော့နည်းနိုင်အောင် နိုင်ငံတော်က အခုလိုပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ လုပ်ဆောင်ပေးတာဖြစ်ပါတယ်"ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်က ပြောကြားသည်။

နိုင်ငံတော်အနေဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ပြည်သူ့ကျန်းမာရေးအသုံးစရိတ်အနေဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ငွေကျပ်သိန်းပေါင်း ၇၅၀၀၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ငွေကျပ်သိန်းပေါင်း ၂၄၅၀၀ နှင့် ယခုလာမည့်နှစ် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ငွေကျပ်သိန်းပေါင်း ၃၈၅၀၀ အကုန်အကျခံ၍ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယခင်နှစ်များက ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် အခြေခံဆေးဝါးများကို ကူညီထောက်ပံ့ပေးခြင်း၊ ထို့နောက် ပြီးခဲ့သည့်နှစ်အတွင်းက တစ်ဆင့်မြှင့်၍ ကင်ဆာရောဂါဝေဒနာရှင်များအား အထိုက်အလျောက် ဆေးဝါးကူညီထောက်ပံ့မှုများနှင့် အခြားလိုအပ်သည်များ ကူညီထောက်ပံ့ပြုလုပ်ပေးနိုင်ခဲ့သည်။ ယခုအခါ နိုင်ငံတော်အနေဖြင့် ပြည်သူ့ကျန်းမာရေးကူညီထောက်ပံ့မှု အသုံးစရိတ်ကို ယခင်နှစ်များကထက် ပိုမိုကျခံ သုံးစွဲခွင့်ပြုခြင်းကြောင့် ယခုကဲ့သို့ အရေးပေါ်ဌာနကို အခမဲ့ကူညီဆောင်ရွက်ပေးမှုများကို ယခုလာမည့် စက်တင်ဘာ ၁ ရက်တွင်စတင် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့နောက်လာမည့်နှစ်များတွင်လည်း ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများကို ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ယခုကဲ့သို့ တစ်ဆင့်ပြီးတစ်ဆင့် အဆင့်မြှင့်တင် ကူညီထောက်ပံ့မှုများ ပြုလုပ်သွားရန် စီစဉ်လျက်ရှိသည်။

"ဒီရန်ကုန်ပြည်သူ့ဆေးရုံကြီးရဲ့ အရေးပေါ်ဌာနမှာက လူနာတစ်နေ့ ၂၅၀ ကနေ ၃၀၀ နီးပါး လာရောက်ပြသကြပါတယ်။ လာတဲ့ လူနာတွေကတော့ ရောဂါအမျိုးမျိုးပါပဲ။ အဲဒီထဲကမှ အနည်းဆုံး တစ်နေ့ကို ၂၀၀ လောက်တော့ ဆေးရုံကြီးတင်ရတယ်။ အခု လာမယ့် စက်တင်ဘာ ၁ ရက်က စတင်ပြီး အားလုံးအခမဲ့ဆိုတော့ အရင်ထက် လာရောက်ပြသမယ့်လူနာပိုများလာမှာတော့အမှန်ပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ဒီမှာရှိတဲ့ ဆရာဝန်တွေကတော့ ရှိတဲ့အင်အားနဲ့ အတတ်နိုင်ဆုံး အပင်ပန်းခံပြီး ကုသဆောင်ရွက်ပေးကြရပါတယ်။ နောက်ထပ်လိုအပ်မယ်ထင်တဲ့ အင်အားကိုလည်း အထက်ကိုတင်ပြထားပါတယ်။ ထပ်တိုးပြီးတော့ ဝန်ဆောင်မှုပေးသွားမှာပါ" ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာပပ(အရေးပေါ်ဌာနတာဝန်ခံ)က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ယခုလက်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာဌာနတွင် အရေးပေါ်ဆေးကုသဌာနအောက်တွင် ဆေးပညာစောင့်ကြပ်ဌာန၊ ခွဲစိတ်စောင့်ကြပ်ဌာန၊ ထိခိုက်ကုသစောင့်ကြပ်ဌာနနှင့် အသက်ကယ်ဌာနကြီးလေးခုတွင် စုစုပေါင်း ဆရာဝန် ၄၀၊ သူနာပြုဆရာမ ၄၀ နှင့် အထွေအထွေလုပ်သား ၅၀ တို့က ၂၄ နာရီပတ်လုံး ပြည်သူများ၏ ကျန်းမာရေးကုသစောင့်ရှောက်မှုကို ပြည်သူ့ဝန်ဆောင်မှုတစ်ရပ်အနေဖြင့် ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအရေးပေါ်ဌာနအနေဖြင့် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ထပ်မံဖြည့်ဆည်းသွားရုံသာမက ယခုနှစ်အတွင်း လက်ရှိ အဆောက်အအုံကိုလည်း မျက်နှာစာ၌ အထပ်မြင့်အဆောက်အအုံဖြင့် မကြာမီ ထပ်မံတိုးချဲ့ဆောက်လုပ်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန၊ ရေယာဉ်နှင့် ပို့ဆောင်ရေးဌာန (ကြည့်မြင်တိုင်)တွင် ဩဂုတ် ၂၅ ရက်က အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်ခဲ့ရာ သင်တန်းတွင် ဒုတိယအထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးမိုးအောင်က သင်တန်းဖွင့်အမှာစကားပြောကြားစဉ်။

ဘော်ဂါသွေး

မွေးရာပါ ကိုယ်အင်္ဂါချို့တဲ့မှုများ ကာကွယ်ရေးနည်းဗျူဟာနှင့် လုပ်ငန်းအစီအစဉ် အလုပ်ရုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၃၀

ကျန်းမာရေးဦးစီးဌာန အာဟာရဌာနစိတ်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်း၍ မွေးရာပါကိုယ်အင်္ဂါချို့တဲ့မှုများ ကာကွယ်ရေးနည်းဗျူဟာနှင့် လုပ်ငန်းအစီအစဉ် (၂၀၁၄-၂၀၁၈)အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၇ ရက်က နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွန့်က အမှာစကားပြောကြားခဲ့သည်။

မွေးရာပါ ကိုယ်အင်္ဂါချို့တဲ့မှုကို ဖြစ်ပွားစေသော အဓိကအကြောင်းရင်းမှာ ကိုယ်ဝန်ဆောင်နေစဉ် ကာလအတွင်း မိခင်လောင်း၏ ကျန်းမာရေးအခြေအနေနှင့် အဏုအာဟာရဓာတ်ချို့တဲ့မှုကြောင့်ဖြစ်ကြောင်း၊ မဖြစ်ပွားခင် အချိန်မီ ကြိုတင်ကာကွယ်၍ရနိုင်ကြောင်း။

မွေးရာပါကိုယ်အင်္ဂါ ချို့ယွင်းမှုကြောင့် ကလေးများနှင့် ၎င်းတို့၏ မိသားစုများတွင် စီးပွားရေး၊ လူမှုရေး အခက်အခဲများ ကြုံတွေ့ရခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုစနစ်တွင်လည်း ဝန်ထုပ်ဝန်ပိုးဖြစ်စေကာ နိုင်ငံတော်ဘဏ္ဍာငွေများ မလိုအပ်ဘဲ ဆုံးရှုံးခြင်းစသော နောက်ဆက်တွဲဆိုးကျိုးများစွာ ဖြစ်ပွားစေနိုင်ကြောင်း၊ ကိုယ်ဝန်ဆောင်နိုင်သော အသက်အရွယ်အတွင်းရှိ အမျိုးသမီးများကို သံဓာတ်အားဆေးနှင့် ဖောလစ်အက်စစ်ဆေးပြားတို့ကို တိုက်ကျွေးခြင်း၊ နေ့စဉ်စားသုံးသော အစားအစာများတွင် အာဟာရဓာတ်လုံလောက်အောင် စားသုံးခြင်းဖြင့် ကာကွယ်နိုင်ကြောင်း၊ မွေးရာပါကိုယ်အင်္ဂါချို့တဲ့မှု ကာကွယ်ရေးလုပ်ငန်းများကို ငါးနှစ်စီမံကိန်းရေးဆွဲပြီး အမျိုးသားအဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ်များကို ကုသရေးပိုင်းဆိုင်ရာ ဆရာဝန်ကြီးများနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပညာရှင်များ အတူတကွပူးပေါင်း၍ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။ ယခု ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲသည် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် ပြည်တွင်း ပြည်ပမှ ပညာရှင်များ ပူးပေါင်းပါဝင်၍ အပြီးသတ်ရေးဆွဲ အတည်ပြုထားသော မွေးရာပါ ကိုယ်အင်္ဂါချို့တဲ့မှုများ ကာကွယ်ရေး နည်းဗျူဟာနှင့် လုပ်ငန်းအစီအစဉ် (၂၀၁၄-၂၀၁၈)ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများ၊ ပညာရှင်များသို့ အသိပေးကျင်းပသောအလုပ်ရုံဆွေးနွေးပွဲ ဖြစ်သည်။ ၎င်းလုပ်ငန်းအစီအစဉ်အရ မွေးရာပါကိုယ်အင်္ဂါချို့တဲ့မှုနှင့် ပတ်သက်၍ စောင့်ကြပ်ခြင်း၊ ကာကွယ်ခြင်းလုပ်ငန်းများကို အမျိုးသားအဆင့် အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်(၁)နှင့် (၂)တို့မှ ကလေးကျန်းမာပညာဌာန၊ ကလေးခွဲစိတ်ကုပညာဌာန၊ သားဖွားမီးယပ်ပညာဌာနတို့မှ ပါမောက္ခ/ဌာနမှူးများ၊ မွေးကင်းစကလေး အထူးကု ဆရာဝန်ကြီးများ၊ ကလေးအထူးကု ဆရာဝန်ကြီးများ၊ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီးများ၊ ရောဂါဗေဒ ဆရာဝန်ကြီးများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီးချုပ်ဖလား ဟော်ကီပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား ဟော်ကီပြိုင်ပွဲကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁၄ ရက်အထိ သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ နေ့စဉ်နှစ်ပွဲနှုန်း ကျင်းပသွားမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်မည့်အသင်းများမှာ နေပြည်တော်ကောင်စီ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်အသင်းများဖြစ်ကြသည်။

ပြိုင်ပွဲစတင် ကျင်းပသည့်နေ့တွင် ပထမပွဲစဉ်ကို မွန်းလွဲ ၂ နာရီခွဲတွင်ကျင်းပမည်ဖြစ်ပြီး ကျန်နေ့စဉ်ပွဲများကို မွန်းလွဲ ၂ နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။

ဗိုလ်လုပွဲကို စက်တင်ဘာ ၁၄ ရက် ညနေ ၃ နာရီတွင် ကျင်းပပြီး ဆုပေးပွဲကို ညနေ ၅ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သန်းဆွေ(ပန်းဘဲတန်း)

မိုးကြိုးပစ်သံကြား၍ နှလုံးသွေးရပ်သေဆုံး

မလှိုင် ဩဂုတ် ၃၀

မလှိုင်မြို့နယ် ပန်းအိုင်ကျေးရွာတွင် ဩဂုတ် ၂၈ ရက်က ပန်းအိုင်ကျေးရွာနေ ဒေါ်ရီမွန်နှင့် သမီးဖြစ်သူ မချစ်စုဝင်းတို့သည် အကြော်ရောင်းနေစဉ် မိုးသည်းထန်စွာ ရွာသွန်းပြီး မိုးကြိုးပစ်သံကြားသဖြင့် သမီးဖြစ်သူ မချစ်စုဝင်း(၁၇နှစ်)မှာ ထိတ်လန့်၍ နှလုံးသွေးရပ်ကာ သေဆုံးသွားခဲ့သည်။ မချစ်စုဝင်း သေဆုံးမှုကို မလှိုင်ရဲစခန်းက သေမှုသေခင်းဖြင့် ရေးဖွင့်ထားသည်။

တင်လှိုင်(မိတ္ထီလာ)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/B)၊ မြေကွက်အမှတ် (၁၉၆)၊ ဧရိယာ ၀.၁၁၃ ဧက မြေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (အနောက်မြောက်ဘက်ခြမ်း) အကျယ်(အလျားပေ ၁၀၀×အနံပေ ၁၀၀)ရှိ ဦးခင်မောင်AE -၂၅၄၂၂၁ အမည်ပေါက်ပါမစ်မြေကွက်နှင့် ယခုအခေါ် ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ (၂) ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ် (၁၉၆)ဟုခေါ်တွင်သည့် မြေကွက်နှင့်တကွအကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မာလာမြင့် ၁၂/ရကန(နိုင်)၀၂၃၃၆၃၈၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၄၃၆၅/၂၀၁၄)ရရှိသူ ဦးမြလွင် ၁၃/တကန(နိုင်)၀၅၀၀၆၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေကိုပေးချေထားပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလဲ့ဝင်း LL.B, D.B.L အထက်တန်းရှေ့နေ
အမှတ် (၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းကျေးရွာအုပ်စု၊ ရေတာရှည်ကျေးရွာ၊ N/၁၆၅၊ အလျား×အနံပေ(၆၀×၈၀)ရှိ မြေလုပ်ကိုင်သူ ဦးဝင်းမောင် စလစ် အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးကြီးစိန် ၆/ကစန(နိုင်)၀၄၄၁၉၃ ထံမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးမင်း(LL.B) အထက်တန်းရှေ့နေ
အမှတ် ၇၃၄၊ ဗိုလ်တေဇလမ်း၊ ၁၀ မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၉၃၄၇၀

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အထူးကုန်သွယ်မှုကင်းလွတ်ခွင့်နှင့် အခွန်အခအထူးခံစားခွင့်များ ဆွေးနွေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၃၀

ကနေဒါနိုင်ငံမှ မြန်မာနိုင်ငံအတွက် အထူးကုန်သွယ်မှုကင်းလွတ်ခွင့် GSP နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အခွန်အခအထူးခံစားခွင့် LDC Tariff များအား ပေးအပ်သွားရန်တာဝန်ရှိသူများနှင့် ဆွေးနွေးလျက်ရှိကြောင်းဖြင့် ကနေဒါနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဝန်ကြီး H.E.Mr.Ed Fast က ဩဂုတ် ၂၇ ရက်က နေပြည်တော်ရှိ Gramd Amara ဟိုတယ်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားခဲ့သည်။

ထို့ပြင် ကနေဒါအပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဝန်ကြီးက ကနေဒါနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရန်ရည်ရွယ်၍ Global Market Action Plan စီမံကိန်းရေးဆွဲရာ၌ ဦးစားပေးနိုင်ငံပေါင်း ၂၅ နိုင်ငံတွင် မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အကူးအပြောင်းကာလ အခြေအနေသည် ဒေသတွင်းနိုင်ငံများအနက် အရေးပါသည့် နိုင်ငံတစ်ခုအဖြစ် ပေါ်ထွန်းလာစေပါကြောင်း၊ မြန်မာနိုင်ငံအစိုးရ၏ လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အထူးအားရမိပါကြောင်း၊ ကနေဒါလုပ်ငန်းရှင်များကလည်း မြန်မာနိုင်ငံနှင့်ကုန်သွယ်ရေးသာမက ရင်းနှီးမြှုပ်နှံမှုများကိုလည်း မြှင့်တင်သွားလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ကုန်သည်/ စက်မှု အသင်းချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မြန်မာနိုင်ငံ၏ အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် အဓိကလိုအပ်လျက်ရှိသည့်ငွေကြေးအထောက်အပံ့၊ နည်းပညာနှင့် ဈေးကွက်များရရှိရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ လိုအပ်နေမှုအခြေအနေ၊ အထည်ချုပ်လုပ်ငန်း၊ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းစသည်တို့တွင် ခေတ်မီနည်းပညာရရှိရေးနှင့် ဈေးကွက်ထိုးဖောက်နိုင်ရေး၊ စိုက်ပျိုးရေးကဏ္ဍအတွက် သိုလှောင်ရုံများနှင့်လမ်းပန်းဆက်သွယ်ရေးတို့အတွက် လိုအပ်ချက်များ၊ ဈေးကွက်ဝင်နိုင်မှုနှင့် နို့ထွက်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းများတွင် ကနေဒါနိုင်ငံ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကိုလည်း ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေး

ထို့ပြင် သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍ၊ ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့်ရေ၊လေ၊ နေရောင်ခြည်တို့မှ စွမ်းအင်ထုတ်လုပ်သည့်ကဏ္ဍ စသည်တို့တွင် ကနေဒါလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံနိုင်ရေး၊ နှစ်နိုင်ငံစီးပွားရေးကိုယ်စားလှယ်များ သက်ဆိုင်ရာကဏ္ဍအလိုက် အပြန်အလှန်လေ့လာခရီးစဉ်များ ဆောင်ရွက်နိုင်ရေးနှင့် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံရုံးမှ သတင်းအချက်အလက်များ ဝေမျှခြင်း၊ ကုန်စည်ပြပွဲများ ဖိတ်ကြားပေးနိုင်ရေးနှင့် လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃၀-၈-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၉၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၀၁၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၉၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၁၀၀၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၂၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၄၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၃၈၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၅၀၀-၈၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၂၅၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၄၈၀၀-၉၅၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀-၉၇၅
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	၇၈၀-၇၈၂
ထိုင်း	တစ်ဘတ်	၃၀.၂-၃၂
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၃၂
တရုတ်	တစ်ယွမ်	၁၆၀-၁၆၇
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၁၂

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧယာအသစ်)	တစ်အိတ်	၁၇၅၀၀-၁၇၈၀၀
ပေါ်ကြွဲ (အသစ်)	တစ်အိတ်	၂၂၅၀၀-၂၃၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၇၀၀၀-၃၀၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၈၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၈၀
ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၂၂၅-၅၆၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၃၅၀-၁၈၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၅၀၀-၁၅၂၅
အာလူး(ရှမ်း)	တစ်ပိဿာ	၃၆၀-၆၈၀
ရေတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၃၅၀-၂၄၅၀
ရေတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၀၀၀-၄၆၀၀
သကြား	တစ်ပိဿာ	၉၀၀-၉၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

လယ်ယာသုံးစက်ကိရိယာများ လွှဲပြောင်းပေးအပ်

မော်လမြိုင် ဩဂုတ် ၃၀

မွန်ပြည်နယ်အတွင်း၌ ဩဂုတ်လပထမပတ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘီးလင်းမြို့နယ်နှင့် ကျိုက်မရောမြို့နယ်များမှ ကျေးရွာအချို့တွင် လယ်မြေများ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ရာ ထိခိုက်ပျက်စီးမှုရှိသော လယ်မြေများကို မိုးစပါးအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် အရစ်ကျစနစ်ဖြင့် ရောင်းချသော လယ်ယာသုံးစက်ကိရိယာများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဩဂုတ် ၂၇ ရက်က အမှတ်(၃၇) စက်မှုလယ်ယာစခန်း၊ ဘီးလင်းမြို့၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဦးမောင်မောင်ဆန်း၊ မော်လမြိုင်ခရိုင် ဦးစီးဌာနမှူး ဦးမြင့်အေး၊ သထုံခရိုင်ဦးစီးဌာနမှူး ဦးသန်းမြင့်၊ မြို့နယ်ဦးစီးဌာနမှူးများနှင့် စက်ဝယ်သူတောင်သူများ တက်ရောက်ကြပြီး ပြည်နယ်ဦးစီးဌာနမှူး ဦးမောင်မောင်ဆန်းက ကျိုက်မရောမြို့နယ် ဖာသိမ်ကျေးရွာမှ တောင်သူ ဦးဌေးရှိန်ထံသို့ လယ်ယာကိုင်းရှည်လက်တွန်းထွန်စက် ၁၀ စီး၊ ဘီးလင်းမြို့နယ် လိပ်ခုံးကျေးရွာမှ တောင်သူ ဦးဝင်းကိုထံသို့ ဒေါင်ဖန်းလက်တွန်းထွန်စက် ရှစ်စီးနှင့်စာချုပ်စာတမ်းများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)**

ကိုကိုရှုပ

မိုးရေချိန်ကျော်၍ တောင်သူများဝမ်းသာ

ခင်ဦး ဩဂုတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ ဩဂုတ် ၂၇ ရက်က မိုးရေချိန် ၁ ဒသမ ၁၀လက်မ ရွာသွန်းခဲ့သဖြင့် တောင်သူများ ဝမ်းသာလျက်ရှိကြောင်း သိရသည်။ အဆိုပါမိုးသည် ၎င်းမြို့၌မေလမှစ၍ ယနေ့ထိရွာသွန်းမှု မိုးရေချိန်အများဆုံးဖြစ်ပြီး ရွှေဘိုတစ်ခရိုင်လုံး ရွာသွန်းကြောင်း သိရသည်။ မိုးရွာသွန်းမှုကြောင့် မိုးကောင်းသောက်တောင်သူများ၏ ပျိုးခင်းများ၊ ယာသီးနှံစိုက်တောင်သူများ၏ သီးနှံများမှာမျှော်လင့်ချက်ရှိပြီး အပူဒဏ်လည်းသက်သာလာကြောင်း ဒေသခံ တစ်ဦးကပြောသည်။ **ခင်ဦးစိုးဝေ**

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ် ကတ္တရာအိတ်ဖွင့်တင်ဒါအမှတ်(၂) ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အဖွဲ့များမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြု ရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် ကတ္တရာများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

စဉ်	ပြည်နယ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	ရှမ်း(တောင်)	ကတ္တရာ(၈၀/၁၀၀)	၇၀၀၀ တန်
(ခ)	ရှမ်း(မြောက်)	ကတ္တရာ(၈၀/၁၀၀)	၂၅၀၀ တန်
(ဂ)	ရှမ်း(အရှေ့)	ကတ္တရာ(၈၀/၁၀၀)	၁၅၀၀ တန်
		စုစုပေါင်း	၁၁၀၀၀ တန်

(ဃ) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၈-၉-၂၀၁၄ ရက်မှ ၁၂-၉-၂၀၁၄ရက်အထိ နံနက် ၉း၀၀ နာရီမှ ၁၆း၀၀ နာရီ (ရုံးချိန်အတွင်း)

(င) **တင်ဒါပုံစံရောင်းချမည့်နေရာ** - အင်ဂျင်နီယာမှူးကြီးရုံး၊ တောင်ကြီးမြို့

(စ) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၅-၉-၂၀၁၄ ရက်၊ မွန်းတည့် ၁၂း၀၀ နာရီ

(ဆ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန်** -၁၆-၉-၂၀၁၄ ရက်၊ ၁၃း၀၀ နာရီ

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံးသို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၁၀၁၆၊ ၀၈၁-၂၁၂၁၁၆၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကတ္တရာတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အမည်ပြောင်း

ခရမ်းမြို့နယ်၊ ကျုံးကျုံးကျ အလက ပဌမတန်းမှ ဦးသိန်းဇော်-ဒေါ်သန်းသန်းမြင့်တို့၏သမီး မမြတ်နိုးသူအား မရွှေယမင်းပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (တင်ဒါအမှတ် ၂/၂၀၁၄-၂၀၁၅)

(၁) ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်လက်အောက်ရှိ လပွတ္တာ၊ မော်လမြိုင်ကျွန်းမြို့နယ်တို့မှ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် ပြည်ထောင်စု/တိုင်းဒေသကြီး လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

(၂) လိုအပ်သည့် လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းများကို လပွတ္တာခရိုင် အင်ဂျင်နီယာမှူးရုံး၏ ကြော်ငြာသင်ပုန်းတွင် ၁-၉-၂၀၁၄ ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

တင်ဒါပိတ်မည့်ရက်/အချိန် - ၁၁-၉-၂၀၁၄ ရက်၊ မွန်းတည့် ၁၂ နာရီ

တင်ဒါဖွင့်မည့်နေရာ - လပွတ္တာခရိုင်၊ အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လပွတ္တာမြို့၊ (၃)မိုင်မြို့သစ်

တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၁-၉-၂၀၁၄ ရက်၊ မွန်းလွဲ ၂ နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၁-၉-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
လပွတ္တာခရိုင်
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဖုန်း-၀၄၂-၈၃၀၄၇

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ကံထွန်း ၁၂/ဗဟန (နိုင်)၀၈၄၉၇၂ ၏ နိုင်ငံကူးလက်မှတ် (ပတ်စ်ပို့)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။**ဖုန်း-၀၉-၄၃၀၂၈၄၉၃**

ပျောက်ဆုံးကြောင်း

ကျွန်မ မအိနုဝေ ၁၁/ရဗန(နိုင်) ၀၇၇၈၅၁ ၏ နိုင်ငံကူးလက်မှတ် MA-၃၅၆၉၀၂ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၁၄၄၈၉

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန မွန်ပြည်နယ်၊ မော်လမြိုင်မြို့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ နတ်ကျွန်း၊ မုပွန်ရပ်ကွက်၊ ပြည်တွင်းရောင်းစက်ရုံးအနီး၌ မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါအဆောက်အအုံများ ဆောက်လုပ်ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပေ(၆၀×၄၀)ရှိ တစ်ထပ်သံကူကွန်ကရစ်၊ သွပ်မိုး၊ အုတ်ကာ၊ ပျဉ်းကတိုးလျှာထိုးခင်း၊ ကျောက်ပြားမျက်နှာကြက်ကပ်၊ ပေါ်တီကိုအပါအဝင် ပြင်ပကျောက်ပြားကပ်ရုံး အဆောက်အအုံတစ်လုံး ဆောက်လုပ်ခြင်း

(ခ) ပေ(၃၆×၃၂)ရှိ တစ်ထပ်သံကူကွန်ကရစ် သွပ်မိုး၊ အုတ်ကာ၊ ပျဉ်းကတိုးလျှာထိုးခင်း၊ ကျောက်ပြားမျက်နှာကြက်ကပ်၊ ပေါ်တီကိုအပါအဝင်၊ ပြင်ပကျောက်ပြားကပ်၊ အရာထမ်းနေအိမ် လုံးချင်းတစ်လုံးဆောက်လုပ်ခြင်း

(ဂ) ပေ(၄၀×၂၈)ရှိတစ်ထပ်အုတ်ညှပ်၊ သွပ်မိုး၊ ပျဉ်းကတိုးလျှာထိုးခင်း၊ ကျောက်ပြားမျက်နှာကြက်၊ ပြင်ပကျောက်ပြားကပ်၊ အရာထမ်းနှစ်ခန်းတွဲနေအိမ်တစ်လုံး ဆောက်လုပ်ခြင်း

(ဃ) ပေ(၄၀×၂၈)ရှိတစ်ထပ်အုတ်ညှပ်၊ သွပ်မိုး၊ ပျဉ်းကတိုး လျှာထိုးခင်း၊ အထပ်သားမျက်နှာကြက်၊ ပြင်ပကျောက်ပြားကပ် အပါအဝင် အမှုထမ်းနှစ်ခန်းတွဲနေအိမ် တစ်လုံးဆောက်လုပ်ခြင်း

၂။ ဆောက်လုပ်မည့်ကုမ္ပဏီများသည် ကော်မတီမှ သတ်မှတ်ထားသော ဒီဇိုင်းပုံစံနှင့်ပါရှိရမည့် အခြေခံအဆောက်အအုံအတိုင်း တွက်ချက်၍ အသေးစိတ်ရေးဆွဲတင်ပြရန်ဖြစ်သည်။

၃။ တင်ဒါတင်သွင်းသည့် ကုမ္ပဏီအနေဖြင့် မှတ်ပုံတင်ရန်နှင့် Profile တင်ပြရမည်။

၄။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ၁-၉-၂၀၁၄ ရက်မှစတင်၍ ရောင်းချပါမည်။ တင်ဒါများကို ၇-၉-၂၀၁၄ ရက် ၁၆း၀၀နာရီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး၊ ပြည်တွင်း ရောင်းစက်ရုံးအနီး၊ နတ်ကျွန်း၊ မုပွန်ရပ်ကွက်သို့ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ရက်ကို တင်ဒါတင်သွင်းသူများထံ ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး ဖုန်း-၀၉-၂၀၁၃၄၁၄၊ ၀၉-၄၉၇၅၃၆၃၃၊ ၀၉-၅၃၀၂၇၇၅ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် စာတမ်းဖတ်ပွဲကျင်းပ

မန္တလေး ဩဂုတ် ၁၀

မန္တလေး နိုင်ငံခြားဘာသာ တက္ကသိုလ် ရုရှားဘာသာဌာနက ကြီးမှူး၍ သုတေသနစာတမ်းဖတ်ပွဲကို ဩဂုတ် ၂၉ ရက် ညနေ ၃ နာရီက မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယပါမောက္ခချုပ်များ ဖြစ်သော ဒေါက်တာတင့်တင့်နှင့် ဒေါက်တာ အောင်နိုင်စိုး၊ ပါမောက္ခ/ ဌာနမှူး များ၊ ဆရာ ဆရာမများနှင့် စိတ်ပါ ဝင်စားသူများ တက်ရောက်ကြသည်။

စာတမ်းဖတ်ပွဲတွင် ရုရှား ဘာသာဌာနမှ နည်းပြ ဒေါ်မြင့်မြတ် ဖြူစင်မော်က Improving Liste -ning Skill for Russian Langu age Learners by Pre-Listening Activitiesခေါင်းစဉ်ဖြင့် ဖတ်ကြားရာ တက်ရောက်သူများက မရှင်းလင်းသည့် အချက်များနှင့် သိရှိလိုသည့်အချက် များကို ဆွေးနွေးမေးမြန်းကြရာ စာတမ်း ရှင်က ပြန်လည်ဖြေကြားသည်။

မန္တလေး နိုင်ငံခြားဘာသာ တက္ကသိုလ်တွင် ဘာသာစကားဌာန အသီးသီးရှိ ဆရာ ဆရာမများ၏ အရည်အချင်း တိုးတက်မြင့်မားရေး နှင့် သင်ကြားသင်ယူမှုတွင် အကျိုးပြု ရန်အတွက် သုတေသနစာတမ်း ဖတ်ပွဲများကို အပတ်စဉ်သောကြာနေ့ တိုင်း ကျင်းပလျက်ရှိကြောင်း သိရ သည်။ **နိုင်ငံခြားဘာသာ(မန္တလေး)**

ဩဂုတ်မိုးရွာ၍ ဒေသခံတောင်သူများ ထွန်ယက်စိုက်ပျိုးလျက်ရှိ

မြောင် ဩဂုတ် ၁၀

မြောင်မြို့နယ်အတွင်း ဇူလိုင် လများက ကွက်ကျားမိုးသာရွာခဲ့၍ ယာမြေအချို့ မစိုက်ပျိုးလိုက်ရ သော်လည်း ဩဂုတ် ၅ ရက်မှစ၍ လကုန်အထိ မိုးမကြာမကြာရွာသွန်း ခဲ့သောကြောင့် စိုက်ပျိုးပြီးသည့် ယာမြေများကို မိုးသီးနှံများ စိမ်းလန်း စိုပြည်နေသကဲ့သို့ မစိုက်ပျိုးကြရသေး သော ယာမြေများတွင်စိုက်ပျိုးရာသီ အမီပြီးစီးနိုင်ရေး ဒေသခံတောင်သူ များကြိုးပမ်း၍ ထွန်ယက်စိုက်ပျိုး လျက်ရှိကြောင်း သိရသည်။

ဇူလိုင်လ ကွက်ကျားမိုးရွာသွန်း ခဲ့သော ယာမြေအချို့တွင် မိုးမြေပဲ နှင့်အခြားပဲများ၊ စိုက်ပျိုးအောင်မြင် လျက်ရှိပြီး ကျန်ရှိနေသောယာမြေ များတွင် ယခုအခါ ပဲတီ၊ ပဲစင်းငုံနှင့် နှမ်းများကိုလည်းကောင်း၊ မိုးစပါး များကိုလည်းကောင်း၊ အခြားသီးနှံ များကိုလည်းကောင်း ထွန်ယက် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မြောင်မြို့နယ်အတွင်း ၂၀၁၄- ၂၀၁၅ မိုးသီးနှံလျာထားဧက ၁၁၃၀၉၄ ဧကရှိ၍ ယနေ့ထိ စိုက်ပျိုး ပြီးသီးနှံများအနေဖြင့် မိုးစပါး ၉၂၉ ဧက၊ ပဲမျိုးစုံ ၃၀၁၀၆ ဧက၊ ဆီထွက် သီးနှံ ၁၈၄၂၈ ဧက၊ ဝါ ၃၀၃၉ ဧက နှင့် အခြားသီးနှံ ၄၂၈၂၃ ဧက စုစုပေါင်း စိုက်ပျိုးပြီး ၉၅၃၂၅ ဧက ရှိ၍ ၈၄ ဒသမ ၂၈ ရာခိုင်နှုန်းစိုက်ပျိုး နိုင်ပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနမှ သိရှိရပြီး ရာသီအမီ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးနိုင်ရေး ဒေသခံတောင်သူများကလည်း ကြိုး ပမ်း၍ ထွန်ယက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မြင့်နိုင်စိုး(ထီးလှိုင်မြေ)

မိုးကြိုးပစ်ရာမှ လျှပ်စီးစက်ကွင်းမိ

ငါန်းဇွန် ဩဂုတ် ၁၀

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါးဇွန်မြို့ ရှင်ပင်မိုးကောင်းမြတ်စွာဘုရားပွဲတော်သို့ သွားရောက်ရန် မိုးခိုင် သဇင်(၁၈ နှစ်)သည် ဩဂုတ် ၂၈ ရက်က သံသေတ္တာဖွင့် အဝတ်အစားလဲနေစဉ် မိုးကြိုးပစ်လိုက်ရာမှ တဲအတွင်းရှိ တီဗွီမှာ ပေါက်ကွဲလွင့်စဉ်သွားပြီး ၎င်းမှာထိုလျှပ်စစ်စက်ကွင်းကြောင့် မူးလဲသွားသည်။ အဆိုပါ လျှပ်စစ်စက်ကွင်းမိသဖြင့် ၎င်း၏လုံချည်မီးလောင်သလို အပေါက်များဖြစ်ပေါ်ပြီး ဝမ်းဗိုက်အောက်တွင် မည်းသွားသည်။ ထို့ကြောင့် မြို့နယ် ပြည်သူ့ဆေးရုံသို့ တက်ရောက်ဆေးကုသမှုခံယူရာ ဆေးရုံဝန်ထမ်းများက ၎င်း၏ကျန်းမာရေးကောင်းမွန်စေရန် အလေးထားကုသစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။ **သက်နောင်ဦး(ငါန်းဇွန်)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

မော်လမြိုင်ကျွန်းမြို့နယ်

မိုးပွင့်စီမံချက်အဆင့်(၆)ဖြင့် မော်လမြိုင်ကျွန်းမြို့နယ် ဘုရားကြီးကုန်း ကျေးရွာ၊ ဘိုးသာအေးကျေးရွာနှင့် ထိယာလိကျေးရွာတို့တွင် ဩဂုတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံ တင်ရေးဦးစီးဌာနက အသက် ၁၀ နှစ်နှင့် ၁၈ နှစ်ပြည့် နိုင်ငံသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေး ခဲ့သည်။ အဆိုပါကျေးရွာတို့တွင် စုစုပေါင်းလူဦးရေ ၂၇၀ အတွက် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြင့်အောင်(မော်ကျွန်း)

ပုသိမ်ကြီးမြို့နယ်

ပုသိမ်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးဝင်းကြိုင်နှင့် အဖွဲ့သည် ဩဂုတ် ၂၅ ရက်က မင်းကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ကျောင်းသား ကျောင်းသူပေါင်း ၁၇၂ ဦးကို မိုးပွင့်စီမံချက်အဆင့်(၆)ဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

ကလေးမြို့နယ်

ကလေးခရိုင် ကလေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၃ ရက်က တင်သား ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ တိုက်နယ်မှူး ဦးညီညီဇော်က ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခန့်စိန်ထံသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား ၈၀၂ ကတ်ကို ပေးအပ်ကြောင်း သိရသည်။ **သိန်းစိုး(ကလေးကိုယ်ပွား)**

အမ်းမြို့နယ်

ကျောက်ဖြူခရိုင် အမ်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံ တင်ရေး ဦးစီးမှူးရုံးမှ နိုင်ငံသားစိစစ်ရေးကတ်ပြား (One Stop Service) နေ့ချင်းပြီး ဆောင်ရွက်ခြင်းကို ဩဂုတ် ၂၀ ရက်က အမ်းမြို့နယ် စခန်းမော် ကျေးရွာအုပ်စုသို့ မြို့နယ်ဦးစီးအရာရှိ ဦးမောင်မောင်ကြည်နှင့် ဝန်ထမ်းများက ကွင်းဆင်း၍ အသက် ၁၀ နှစ်နှင့် ၁၈ နှစ်ပြည့်ပြီးသူ စုစုပေါင်း ၄၀ ကို အခမဲ့နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။ အမ်းမြို့နယ်တွင် မိုးပွင့်အဆင့်(၆) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား စုစုပေါင်း ၃၆၆ ကတ်ကို ထုတ် ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သန်းမောင်(အမ်း)**

နိုင်ငံတကာအားကစားနှင့် ကျော်ငြာ

လိုင်ယွန်နဲ့ ပီအက်စ်ဂျီတို့ အခက်ကြုံရနိုင်တဲ့ လီဂူးပွဲစဉ် (၄)

ပြင်သစ်လီဂူးပွဲစဉ် (၄) လက်ကျန်ပွဲစဉ်တွေကို သြဂုတ် ၃၁ ရက် ညပိုင်းမှာ ဆက်လက်ကစားမှာ ဖြစ်ပါတယ်။ ဒီနှစ်ရာသီအစမှာ ခြေစွာနေတဲ့ ဘော်ဒိုး၊ ရှုံးပွဲမရှိသေးတဲ့ စိန့်အက်တီယန်တို့က ခြေစွမ်းပြကြဦးမှာဖြစ်သလို ရာသီအစမှာကတည်းက သရေပွဲတွေများနေတဲ့ ပီအက်စ်ဂျီရဲ့ခြေစွမ်းကို အကဲခတ်ခွင့်ရဦးမှာဖြစ်ပါတယ်။

ဘော်ဒိုးနှင့် ဘတ်စ်တီယာ

ပြီးခဲ့တဲ့နှစ်က ဘော်ဒိုးကွင်းမှာ ကစားတဲ့ပွဲမှာ အိမ်ရှင်တို့က တစ်ဂိုး-ဂိုးမရှိနဲ့ ကြိုးစားရှုံးကန်ခဲ့ရပါတယ်။ ဒါပေမယ့် ဒီနှစ်ဘော်ဒိုးရဲ့ ကစားပုံက ကောင်းမွန်နေပြီး သုံးပွဲကစား သုံးပွဲစလုံး အနိုင်ယူထားပါတယ်။ ဒ့ါအပြင် ဘော်ဒိုးတိုက်စစ်မှူးတွေကလည်း သုံးပွဲမှာရှစ်ဂိုးသွင်းယူထားနိုင်တာမို့ ဘတ်စ်တီယာတို့ သိပ်တော့မလွယ်ပါဘူး။ ဘတ်စ်တီယာတို့က အဝေးကွင်းမှာ ခြေစွမ်းမကောင်းတာမို့ ဘော်ဒိုးတိုက်စစ်မှူးတွေရဲ့ ချေမှုန်းမှုကို ကြုံတွေ့ရဖို့များနေပါတယ်။ ဘတ်စ်တီယာရဲ့အဓိက အားနည်းချက်က ခံစစ်ပိုင်း ယိုယွင်းခြင်းပါပဲ။ ကြုံသလို ဂိုးသွင်းနိုင်တဲ့ ဘော်ဒိုးတိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းခြေမြူးနေမှုက ဘတ်စ်တီယာတို့အတွက် အိပ်မက်ဆိုးတွေ မက်သွားနိုင်တာမို့ ဒီပွဲမှာ အိမ်ရှင်ကို အားပေးတာက အပျော်တွေရရှိနိုင်ပါတယ်။

မတ်ဇ်နှင့် လိုင်ယွန်

ဒီနှစ်ရာသီအစ ပွဲစဉ်သုံးပွဲစလုံး နိုင်ပွဲမရသေးဘဲ ကြိုးစားရုန်းကန်နေရတဲ့ မက်ဇ်အတွက် လိုင်ယွန်တို့က ခြေရည်တူ အသင်းဖြစ်ပါတယ်။ သုံးပွဲကစားပြီးချိန်မှာ နှစ်ပွဲရှုံး၊ တစ်ပွဲနိုင် ရလဒ်ကြောင့် ဖိအားတွေရှိတဲ့ လိုင်ယွန်ဟာ ဒီပွဲမှာ ဘယ်လိုအခင်းအကျင်းနဲ့ ပွဲထွက်လာမယ်ဆိုတာ စိတ်ဝင်စားစရာပါ။ ဒါပေမယ့် အိမ်ရှင်ဟာ ခံစစ်ပိုင်းကောင်းမွန်ပြီး တိုက်စစ်ပိုင်းအားနည်းတာမို့ လိုင်ယွန်ရဲ့ အသာစီးထိန်းချုပ်ကစားမှုကို ခံရဖွယ်ရှိနေပါတယ်။ တန်းတက် မက်ဇ်အတွက် လိုင်ယွန်တို့ ဘာမျှော်လင့်ချက်မှ ပေးမှာမဟုတ်ပါဘူး။

ပီအက်စ်ဂျီနှင့် စိန့်အက်တီယန်

ပြီးခဲ့တဲ့နှစ်က ပီအက်စ်ဂျီကွင်းမှာ စိန့်အက်တီယန်တို့ နှစ်ဂိုးပြတ်နဲ့ အရေးနိမ့်ခဲ့ဖူးပါတယ်။ ဒီနှစ်ရာသီမှာတော့ ပီအက်စ်ဂျီ သရေနှစ်ပွဲနဲ့ နိုင်ပွဲတစ်ပွဲသာ ရရှိထားတာမို့ ရလဒ်ကောင်းဖို့ ဒီပွဲမှာ အားထုတ်လာပါလိမ့်မယ်။ ပီအက်စ်ဂျီရဲ့ အားသာချက်က တိုက်စစ်၊ ခံစစ် မျှတပြီး ဟန်ချက်ညီနေမှုပဲဖြစ်ပါတယ်။ အဝေးကွင်းမှာ ခြေစွမ်းအတက်အကျရှိနေပေမယ့် အိမ်ကွင်းမှာ အနိုင်သေချာအောင် ကစားနိုင်တဲ့ ပီအက်စ်ဂျီရဲ့ စွမ်းဆောင်မှုကို အားပေးရမှာဖြစ်ပါတယ်။ ဒါပေမယ့် ဒီနှစ် စိန့်အက်တီယန်ရဲ့ အားထုတ်မှုက ကောင်းမွန်နေပြီး အိမ်ကွင်း၊ အဝေးကွင်း ရလဒ်တွေက အိမ်ရှင်ကို ပေါ့ပေါ့ဆဆ မကစားဖို့ သတိပေးနေတာမို့ စိန့်အက်တီယန်တို့ အမှတ်ရယူနိုင်မယ့် အခြေအနေလည်း ဖြစ်သွားနိုင်ပါတယ်။ ။

မိုးမြင့်လင်းလက်

ဥရောပ ပြည်တွင်းလိဂ် ပွဲစဉ်များ			သီဟ
အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၃)			**သြဂုတ် ၃၁**
အက်စ်တွန်ဗီလာ	-	ဟားလ်စီးတီး	ည ၇း၀၀
စပါး	-	လီဗာပူး	ည ၇း၀၀
လက်စတာ	-	အာဆင်နယ်	ည ၉း၃၀
ပြင်သစ်လီဂူး ပွဲစဉ်(၄)			**သြဂုတ် ၃၁/စက်တင်ဘာ ၁**
ဘော်ဒိုး	-	ဘတ်စ်တီယာ	ညနေ ၆း၃၀
မတ်ဇ်	-	လိုင်ယွန်	ည ၉း၃၀
ပီအက်စ်ဂျီ	-	စိန့်အက်တီယန်	နံနက် ၁း၃၀
ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂)			**သြဂုတ် ၃၁**
မိန့်ဇ်	-	ဟန်နိုဗာ	ည ၈း၀၀
ဖရိုင်းဘတ်	-	ဂလက်ဘတ်	ည ၁၀း၀၀
အီတလီစီးရီးအေ ပွဲစဉ်(၁)			**သြဂုတ် ၃၁/စက်တင်ဘာ ၁**
အတ္တလန္တာ	-	ဗီရိုနာ	ည ၁၀း၃၀
အေစီမီလန်	-	လာဇီယို	ည ၁၀း၃၀
ဆီစီနာ	-	ပါးမား	နံနက် ၁း၁၅
ဂျီနိုအာ	-	နာပိုလီ	နံနက် ၁း၁၅
ပါလာမို	-	ဆမ်ဒိုးရီးယား	နံနက် ၁း၁၅
ဆက်ဆူအိုလို	-	ကက်ဂလီယာရီ	နံနက် ၁း၁၅
တိုရီနို	-	အင်တာမီလန်	နံနက် ၁း၁၅
အူဒီးနိစ်	-	အမ်ပိုလီ	နံနက် ၁း၁၅
စပိန်လာလီဂါ ပွဲစဉ်(၂)			**သြဂုတ် ၃၁/စက်တင်ဘာ ၁**
ဗီလာရီးရဲလ်	-	ဘာစီလိုနာ	ည ၁၁း၃၀
ဆိုစီဒက်	-	ရီးရဲမက်ဒရစ်	နံနက် ၁း၃၀
ဒီပို့တီဗို	-	ဗယ်လက်ကာနို	နံနက် ၁း၃၀
အယ်လ်ချီ	-	ဂရန်နာဒါ	နံနက် ၃း၃၀

စပါးအသင်းရဲ့ ကွင်းလယ်ကစားသမားဖြစ်လာမယ့် စတမ်ဘိုလီ

စပါးအသင်းက ကွင်းလယ်ကစားသမားအတွက် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ ပြင်သစ်ကလပ် မောင့်ပယ်လီယာအသင်းမှ နာမည်ကြီး ကွင်းလယ်ကစားသမား တစ်ဦးဖြစ်တဲ့ ဘင်ဂျမင်စတမ်ဘိုလီကို ခေါ်ယူဖို့ သဘောတူလိုက်ပါပြီ။

အသက် ၂၄ နှစ်အရွယ် စတမ်ဘိုလီဟာ အသက် ၂၁ နှစ်အောက် ပြင်သစ်ကစားသမားဟောင်း ဖြစ်ပါတယ်။ သူဟာ စပါးကစားသမား ဖြစ်ဖို့ ယခုအခါမှာတော့ ဆေးစစ်မှုခံယူရန် အင်္ဂလန်သို့ ထွက်ခွာသွားပါပြီ။

မောင့်ပယ်လီယာနဲ့ စပါးအသင်းတို့ဟာ ကစားသမားပြောင်းရွှေ့ကြေးကိစ္စအတွက် ဆွေးနွေးအပြီးမှာ သဘောတူစာချုပ်ရခဲ့တယ်လို့ မောင့်ပယ်လီယာရဲ့ ကြေညာချက်မှာ ဖော်ပြပါတယ်။ သူဟာ စပါးအသင်းနဲ့ ဆေးစစ်မှုခံယူပြီးတာနဲ့ အပြီးသတ်စာချုပ်တော့မယ်လို့လည်း ဆိုပါတယ်။ စပါးအသင်းဟာ ယခုနှစ် ပရီမီယာလိဂ် အစမှာနှစ်ပွဲနိုင်ပြီး ဦးဆောင်ကစားနေပါတယ်။

စပါးအသင်းဟာ ဒီနှစ် နွေရာသီမှာ ကစားသမားငါးဦး စာချုပ်ထားပါတယ်။ မကြာသေးမီက နောက်တန်းကစားသမား ဖာဇီယိုကို စာချုပ်နိုင်ခဲ့ပါတယ်။

ဒ့ါအပြင် ဒါးဗီးစ်၊ မိုက်ကယ်ဗွန်း၊ အဲရစ် ဒီယာတို့ကိုလည်း စာချုပ်နိုင်ခဲ့ပါတယ်။ စတမ်ဘိုလီဟာ ဒီနှစ် နွေရာသီမှာ စပါးအသင်းအတွက် နောက်ဆုံးရောက်လာမယ့်သူ ဖြစ်ပါတယ်။ စပါးကွင်းလယ်အတွက် အားထားရမယ့် ကစားသမားဖြစ် မဖြစ် စောင့်ကြည့်ရပါမယ်။

အာကာကျော်

တောရက်စ် အေစီသို့ ပြောင်းမည်

ချယ်လ်ဆီးတိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်ကို အေစီမီလန်အသင်းသို့ နှစ်နှစ်စာချုပ်ဖြင့် အငှားချထားတော့မည်ဖြစ်ကြောင်း ၄င်းကလပ်က ပြောသည်။ ချယ်လ်ဆီးနှင့် အေစီမီလန်တို့သည် နှစ်နှစ်အငှားစာချုပ်ဖြင့် သဘောတူထားကြောင်း ချယ်လ်ဆီးဝက်ဘ်ဆိုက်က ကြေညာသည်။ လီဗာပူးနှင့် အက်သလက်တီကို တိုက်စစ်မှူးဟောင်း တောရက်စ်သည် ၂၀၁၁ ခုနှစ်က ပေါင်သန်း ၅၀ ဖြင့် ချယ်လ်ဆီးသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါလုပ်ငန်းများအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

မော်တော်ယာဉ်သိုလှောင်ရုံ (၁၀)လုံး၏ Fire Fighting & Fire Protection System ဆောက်လုပ်ခြင်းလုပ်ငန်း

(က) Fire Hydrant and Fire Hose Reel System Installation
(ခ) Fire Sprinkler System Installation
(ဂ) Ground Tank and Pump House Construction

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၉-၂၀၁၄ ရက်မှ ၁၀-၉-၂၀၁၄ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၀၀ နာရီအတွင်း ရုံးအမှတ်(၃၂)၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော်နှင့် စက်ပြင်နှင့် ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တို့တွင် တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)ဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်-

(က) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန် - ၁၁-၉-၂၀၁၄ ရက် ၁၃း၀၀နာရီမှ ၁၄း၀၀ နာရီအထိ
(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - ရုံးအမှတ် (၃၂)၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၊ နေပြည်တော်။

၄။ အသေးစိတ်သိရှိလိုသောအချက်များကို ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ရုံးအမှတ်(၃၂)၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၆၀၈၈၊ ၄၀၆၃၂၂ တို့သို့ စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါကြီးကြပ်ရေးအဖွဲ့

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

မော်လမြိုင်ဘူတာကြီးတွင် ခရီးသွားပြည်သူများ လွယ်လင့်တကူ လက်မှတ်များဝယ်ယူနိုင်ရေး ရထားစီးခရီးသည်များ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေး(အထူး)အလေးထားဆောင်ရွက်နေ

အမေး၊အရေး-
တင်ထွန်း(မော်လမြိုင်)

မြန်မာ့မီးရထားတိုင်းအမှတ်(၈) မော်လမြိုင်ဘူတာကြီးတွင် ခရီးသည်များ လက်မှတ်ဝယ်ယူရာ၌ အဆင်ပြေစေရေး ရထားစီးခရီးသည်များ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက်(အထူး)အလေးထားဆောင်ရွက်နေတာကို တွေ့မြင်ရလို့ ယခုလိုတွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။

မေး ။ ။ ဆရာ့ရဲ့အမည်လေးနဲ့ တာဝန်ယူမှုလေးကို ပြောပြပေးပါဦး။

ဖြေ ။ ။ ဦးတင်စိုးဝင်းပါ။ မော်လမြိုင်ဘူတာကြီးမှာ ရုံပိုင်ကြီး(အထူးတန်း)တာဝန်နဲ့ တာဝန်ထမ်းဆောင်နေပါတယ်။

မေး ။ ။ ဆရာ့အနေနဲ့ ခရီးသည်များလက်မှတ်ဝယ်ယူရာတွင် လက်မှတ်ခနှုန်းထားအတိုင်း ဘယ်လိုဆောင်ရွက်ထားပါသလဲ။

ဖြေ ။ ။ မော်လမြိုင်ဘူတာကြီးမှာ ခရီးသည်များ လက်မှတ်ခနှုန်းထားအတိုင်း ဝယ်ယူနိုင်ရန်အတွက် သက်ဆိုင်ရာ လမ်းပိုင်းများအလိုက် နှုန်းထားများကို ကြော်ငြာသင်ပုန်းမှာ ဖော်ပြထားသည့်အပြင် အသံချဲ့စက်နဲ့လည်း မကြာခဏ ကြေညာပေးနေပါတယ်။လက်မှတ်ကိစ္စနှင့် အဆင်ပြေမှုရှိအောင် အဘက်ဘက်က ဆောင်ရွက်ထားပါတယ်။

မေး ။ ။ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးမကောင်းသူများ လက်မှတ် ဝယ်ယူလိုပါက မည်ကဲ့သို့ဆောင်ရွက်ပေးပါသလဲ။

ဖြေ ။ ။ ဆွေမျိုးသားချင်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားသာ ယူဆောင်လာပေးပါ။ ကျွန်တော်အချိန်မရွေး ရောင်းပေးပါမယ်။

မေး ။ ။ လက်မှတ်ရောင်းဝန်ထမ်းတွေ ရထားနှင့် ပစ္စည်းတင်ဆောင်ရန် တန်ဆာပြုလုပ်ပေးသည့်ဝန်ထမ်းတွေ အပိုကြေး တောင်းခံရင်သော်လည်းကောင်း၊ မီးရထားနှင့်ပတ်သက်သည့် အကြံပြုစာများပေးပို့ချင်ရင် ဘယ်လိုဆောင်ရွက်ထားပါသလဲ။

ဖြေ ။ ။ လက်မှတ်ရောင်းဝန်ထမ်းတွေ ရထားနှင့် ပစ္စည်းတင်ဆောင်ရန် တန်ဆာပြုလုပ်ပေးသည့် ဝန်ထမ်းတွေ အပိုကြေးတောင်းခံလို့ တိုင်ကြားမယ်ဆိုရင် တိုင်ကြားနိုင်တဲ့ ဖုန်းနံပါတ်များကို ကြော်ငြာသင်ပုန်းမှာ ကပ်ထားပါတယ်။ ကျွန်တော့်ကို တိုက်ရိုက်တိုင်ကြားနိုင်သည့်အပြင် အကြံပြုစာပေးပို့ရန်လိုပါက သတင်းနှင့်ပြန်ကြားရေးဌာနကိုလည်း ဖွင့်လှစ်ပေးထားပါတယ်။

မေး ။ ။ ရထားစီးခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ရထားစီးခရီးသွားလာနိုင်ရေးအတွက် ဘယ်လိုဆောင်ရွက်ထားပါသလဲ။

ဖြေ ။ ။ ကျွန်တော်တို့ ခရီးသည်များ ရထားလက်မှတ်ဝယ်လျှင် လွယ်လင့်တကူရရှိဖို့၊ လက်မှတ်ခနှုန်းထားထက် အပိုကြေးမပေးရဖို့၊ ရထားတွဲများပေါ်တွင် သန့်ရှင်းရေးကောင်းမွန်ရန်နှင့် အိမ်သာများသန့်ရှင်းနေရန် ဆေးဖျန်းစက်များဖြင့် ဆေးဖျန်းခြင်း၊ ရထားထိုင်ခုံများကို ကောင်းမကောင်းရထားတွဲဆိုင်းများမီးလင်းခြင်း ရှိ/မရှိ တို့ကို အလေးထားကြပ်မတ် စစ်ဆေးလျက်ရှိပါတယ်။

မေး ။ ။ ဆရာ့အနေနဲ့ ရထားစီးခရီးသွားပြည်သူများကို ဘာများပြောပြ ချင်ပါသလဲ။

ဖြေ ။ ။ ကျွန်တော်တို့ မီးရထားကြီးကို ယုံကြည်စိတ်ချစွာနဲ့ လာရောက်စီးကြပါ တတ်နိုင်သလောက် ခရီးသွားပြည်သူများ အဆင်ပြေအောင် ကူညီဆောင်ရွက်ပေးသွားပါ့မယ်၊ မသမာမှုပြုလုပ်တဲ့ ဝန်ထမ်းတွေကိုလည်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားပါတယ်၊ မြန်မာ့မီးရထားတိုင်းအမှတ်(၈)က ယခုလို ဆောင်ရွက်မှုများကို အစဉ်တစိုက် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ တိုင်းအမှတ်(၈)မှာရှိတဲ့ သိမ်ဇရပ်ဘူတာမှ ထားဝယ်ဆိပ်ကမ်းဘူတာအထိ အချိန်နှင့်တစ်ပြေးညီ ဘူတာစဉ်အားလုံး အစဉ်တစိုက် လုပ်ဆောင်နေပါတယ်။

မေး ။ ။ အမည်လေးနဲ့ နေရပ်လိပ်စာလေး ပြောပြပေးပါဦး။

ဖြေ ။ ။ ဦးထွန်းဝင်းပါ တံတားဦးရပ်ကွက် ညောင်ကုန်းအလယ်ပိုင်း မုဒုံမြို့ကပါ။

မေး ။ ။ လက်မှတ်ဝယ်ယူရတာ အဆင်ပြေရဲ့လား လက်မှတ်ခထက် အပိုကြေးထပ်ပေးရသေးလား။

ဖြေ ။ ။ လက်မှတ်ဝယ်ယူရတာ အဆင်ပြေပါတယ်။ လက်မှတ်တွေမကုန်လို့တောင် လက်မှတ်တွေ လာရောက်ဝယ်ယူပါဆိုပြီး အသံချဲ့စက်နဲ့ ကြေညာပေးနေတာကြားရပါတယ်။ လက်မှတ်ခကိုလည်း ငွေကျပ် ၅၀၀ ပိုတာတောင် ပြန်မအမ်းနဲ့လို့ပြောတာ အတိအကျယူပြီး ပြန်အမ်းပေးလိုက်တယ်။

မေး ။ ။ အဒေါ့်အမည်လေးနဲ့ နေရပ်လိပ်စာလေး ပြောပြပါဦး။

ဖြေ ။ ။ ဒေါ်ခင်ထားမြင့်ပါ အမှတ်(၄၂/စီ) မြစန္ဒာလမ်းသွယ် စက်သစ်ရပ်ကွက် မုဒုံမြို့မှာနေပါတယ်။

မေး ။ ။ အဒေါ်ဘယ်ကိုသွားဖို့ လက်မှတ်ဝယ်နေတာလဲ။

ဖြေ ။ ။ အဒေါ်က ရေးသွားဖို့ လက်မှတ်ဝယ်နေတာပါ။

မေး ။ ။ လက်မှတ်ဝယ်ရတာ အဆင်ပြေရဲ့လား။

ဖြေ ။ ။ နောက်တော့ မပြောတတ်ဘူး။ အခုတော့ တော်တော်လေး အဆင်ပြေပါတယ်။

မေး ။ ။ အဆင်ပြေတယ်ဆိုတာ ဘယ်လိုအဆင်ပြေတာလဲ။

ဖြေ ။ ။ အဆင်ပြေတယ်ဆိုတာ အဒေါ်လိုချင်တဲ့ ပြတင်းပေါက်ခုံလည်းရတယ်။ ခရီးသည်ကလည်း နည်းတော့ အကြာကြီးတန်းစီစရာမလိုဘူး။ ဒါကြောင့် အဆင်ပြေတယ်လို့ ပြောတာပါ။

မီးရထားပို့ဆောင်ရေးဝန်ကြီးဌာန တိုင်းအမှတ် (၈)မှာရှိတဲ့ မီးရထားဝန်ထမ်းများက ရထားစီးခရီးသွားပြည်သူများကို စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်နေကို ရေးသားတင်ပြလိုက်ရပါသည်။

အီးစီးကရက်ကြောင့် လူငယ်များဆေးလိပ်ပိုသောက်လာနိုင်

မြန်မာနိုင်ငံ ဈေးကွက်အတွင်း အီးစီးကရက်များ အွန်လိုင်းမှတစ်ဆင့် ဝယ်ယူလာနိုင်မှုကြောင့် လူငယ်များအကြား ဆေးလိပ်သောက်သုံးမှု အလေ့အထများ တိုးပွားလာနိုင်ကြောင်း မြန်မာနိုင်ငံ ကျန်းမာရေးဖောင်ဒေးရှင်း တာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။

"ဒီအီးစီးကရက်ဆိုတာက ဆေးလိပ်စွဲနေတဲ့သူတွေ ဆေးလိပ်ဖြတ်ဖို့ဆိုပြီး ထုတ်တဲ့ပစ္စည်းပါ။ ဒါပေမယ့် ဒီပစ္စည်းက နီကိုတင်းဓာတ်ကို ထုတ်လွှတ်ပေးနိုင်တာကြောင့် ဆေးလိပ်မသောက်တတ်တဲ့ လူငယ်တွေ စမ်းသောက်မိခဲ့ရင် နီကိုတင်းဓာတ်စွဲသွားပြီး ဆေးလိပ်သောက်သူဖြစ်သွားနိုင်ပါတယ်၊ အလွန်အန္တရာယ်ကြီးပါတယ်၊ လူငယ်ဆိုတာကလည်း အတုမြင်အတတ်သင်တွေ များပါတယ်၊ ခုလိုထူးဆန်းတဲ့အရာဆို လူငယ်တွေက ပိုစမ်းသပ်ကြလေ့ရှိပါတယ်၊ နီကိုတင်းဓာတ်ထုတ်လွှတ်ပေးနိုင်စွမ်းရှိတဲ့ အီးစီးကရက်သောက်မိရင် ဆေးလိပ်စွဲသွားနိုင်ပါတယ်"ဟု မြန်မာနိုင်ငံ ကျန်းမာရေးဖောင်ဒေးရှင်းမှ ဒေါက်တာကျော်ကျော်က ပြောသည်။ မြန်မာနိုင်ငံဈေးကွက်အတွင်း လွန်ခဲ့သည့် သုံးလအတွင်းက အီးစီးကရက်များ ဝင်ရောက်လာကြောင်း သိရသည်။ အီးစီးကရက်ကို အနောက်နိုင်ငံများတွင် ဆေးလိပ်စွဲသူများ ဆေးလိပ်ဖြတ်ရန်အတွက် ထုတ်လုပ်သုံးစွဲနေကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံဈေးကွက်အတွင်း အီးစီးကရက်ကို ရောက်ရှိနေသော်လည်း အလွယ်တကူ မဝယ်ယူနိုင်သည့် အခက်အခဲကြောင့် အီးစီးကရက်ကို သောက်မိသူများအနေဖြင့် နောက်ဆုံးရိုးရိုးဆေးလိပ်သောက်သုံးသူများသာ ဖြစ်လာနိုင်ကြောင်း ပညာရှင်တို့က သတိပေးထားသည်။ **ကောင်းမြတ်သူ**

အမည်ပြောင်း

ဦးဝဏ္ဏဦး ၁၂/ဗတထ(နိုင်)၀၂၆၁၇၀ ၏သား ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့၊ အထက (၁) အဋ္ဌမတန်း (B)မှ မောင်ကောင်းထက်အား ယနေ့မှစ၍ မောင်ကောင်းဆက်လင်းဟုပြောင်းလဲခေါ်ပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၉၈၅၀၊ GP Light Truck Pick Up (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဇော် ၁၂/သကတ(နိုင်)၀၆၂၅၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၂/ယမုံနာ ၁၊ မြေကွက်အမှတ် ခ/၁၄၂၊ မြေကွက်တည်နေရာအမှတ် ၄၂၄၊ ၁၆ လမ်းအထက်၊ ယမုံနာ(၁) ရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးဘိုကေ ၁၂/ဒပန(နိုင်)၀၁၉၁၂၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဘိုကေ(ဖခင်)နှင့် ဒေါ်ခင်ကြည် (မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်စန်းကြည် ၁၂/ဒပန(နိုင်)၀၁၉၃၅၉ထံမှ GP-၁၈၅၅၀/၁၄ ရရှိသူ ဦးအောင်ဆန်းနိုင် ၁၂/ရကန(နိုင်)၀၂၇၃၆၆ နှင့် ဦးစိုးမြင့်အောင် ၁၂/ပဘတ(နိုင်)၀၀၀၈၃၂တို့က ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၆၊ မြေကွက်အမှတ် ၂၉၅/ခ၊ မြေအမည်ပေါက် ဒေါ်ဝင်း ၁၂/သဃက(နိုင်)၀၆၅၈၆၀၏ မြေချစလစ်ဖြင့် ဒေါ်ဇင်မာသောင်း ၁/မကန(နိုင်)၁၀၇၉၃၇မှ မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၆)၊ မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၈/ဝါဆို၊ မြေကွက်အမှတ် ၅၀၃၊ မြေကွက်တည်နေရာအမှတ် ၂၂၊ ကျောင်းတော်ရာလမ်း၊ ဝါဆိုရပ်ကွက် ဦးညွန့်ဟန် ၁၂/ဒပန(နိုင်)၀၁၂၇၉၇ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဒေါပုံမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် (၂၉/၂၀၁၂)၊ တရားလို ဒေါ်အေးငြိမ်း ၄င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်ဇင်မာစိုးက တရားပြိုင် ဦးသန့်ဇင်၊ ဒေါ်ညီညီသန်း၊ ဒေါ်ခင်မြင့်ရီ၊ ဒေါ်ခင်မြင့်မော်၊ မြေနှင့်အိမ်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် အနိုင်ဒီကရီနှင့် တရားမဇာရီမှုအမှတ်(၃/၂၀၁၃) အမိန့်တို့အရ တရားရုံး ဦးသန့်ဇင်၊ ဒေါ်ညီညီသန်း၊ ဒေါ်ခင်မြင့်ရီ၊ ဒေါ်ခင်မြင့်ဇော် ကိုယ်စား ဒေါပုံမြို့နယ်တရားရုံးဘိလစ် ဦးဆောင်းလွင်ဦးက အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ Yankin Plam Village အိမ်ရာ၊ တိုက်အမှတ်(၁၅)၊ အခန်းအမှတ်(၁၄)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မို့မို့ကြည် ၁၂/ရကန(နိုင်)၀၀၄၃၃၁ထံမှ စာချုပ်စာတမ်းဖြင့် တရားဝင်ဝယ်ယူထားသူ ဒေါ်သဇင်ထွန်း ၁၂/အစန(နိုင်)၂၂၁၃၂၉ က ပိုင်ရှင်အမည်ပြောင်းလဲ၍ ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါကကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ (ရန်ကုန်)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ်(၁၆၇)၊ မြေကွက်တည်နေရာအမှတ် ၁၂၃၊ ၆လမ်း၊ ဇေယျာသီရိလမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဒေါ်မြတင် ၁၂/ဒပန(နိုင်)၀၀၃၂၇၀) အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်မြတင်(မိခင်)နှင့် ဦးဘသင်(ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသား ဦးမြင့်စိုး ၁၂/ဒပန(နိုင်)၀၀၃၂၇၁ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၁၁၇/၂၀၁၄)ရသူ ဒေါ်မေမြတ်စိုး ၁၂/ကတတ(နိုင်)၀၂၆၀၁၅ မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၄၊ မြေကွက်အမှတ် ၄၉၇၊ မြေကွက်တည်နေရာအမှတ် ၄၉၇၊ ၈၄ ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒေါ်မာလာနေဝင်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်မာလာနေဝင်းကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးတင်မောင်အေး ၁၂/လသန(နိုင်)၀၁၃၅၃၂မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊မြေတိုင်း၂၃·G³၊ အောင်ဇေယျ အိမ်ရာမြေကွက် ၃·F၊ ဧရိယာ ၀ ဒသမ ၀၃၀ ဧက၊ နှစ် ၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဒေါ်လူစွမ်းအင်(ခ) ဒေါ်မွေး၊ Ton Gon Chan(ခ)ဦးအောင်အောင်(ခ) ဦးမျိုးလွင် ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်စာချုပ်(၄၂၀၄/၂၀၁၄) တင်ပြ၍ ဦးတင်ထွန်း (ခ) Kong Cheong Chan ၁၂/လမတ(ပြု)၀၀၀၀၂၃ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားမူရင်းအပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆အေ²၊ မြေကွက်အမှတ် V ၅၆၊ မြေကွက်တည်နေရာအမှတ် ၁၀၆၊ ဌာနာလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးထွန်းမြင့် အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက်ဦးထွန်းမြင့်နှင့်ဇနီး ဒေါ်တင်မြတို့ ကွယ်လွန်သဖြင့် (၁)ဦးတင်မြင့် ၁၂/ကမတ(နိုင်)၀၃၅၁၄၅၊ (၂)ဦးကြည်စမ်း ၁၂/ကမတ(နိုင်)၀၃၅၅၂၀၊ (၃)ဒေါ်ခင်ခင်ဆွေ၁၂/ကမတ(နိုင်)၁၃၅၉၀၆၊(၄)ဒေါ်ခင်ခင်မြင့် ၁၂/ကမတ(နိုင်)၀၃၅၉၀၇ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/အရှေ့၊ မြေကွက်အမှတ်(၅၅/ခ)၊ မြေကွက်တည်နေရာအမှတ် (၅၅/ခ)၊ အောင်သပြေလမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးသိန်း) အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးသိန်း(ဖခင်)နှင့် ဒေါ်တင်(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသား ဦးထွန်းရှိန် ၁၂/သကတ(နိုင်)၀၅၈၃၅၇ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၉၀၄/၂၀၁၄)ရသူ ဒေါ်မြင့်မြင့်ရီ ၁၂/သကတ(နိုင်)၀၈၂၈၇၅မှသေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အမည်မသိ စပါးဖျက်ပိုးကျ၍ တောင်သူများစိုးရိမ်နေ

ပွင့်ဖြူ ဩဂုတ် ၃၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ စပါးစိုက်ပျိုးသော ကျေးရွာအုပ်စု ခုနစ်စုတွင် အမည်မသိပိုးကောင်များ မရေတွက်နိုင်အောင်ကျနေသဖြင့် စိုက်ပျိုးထားသည့် စပါးခင်းများ ပျက်စီးမည်ကို တောင်သူများ စိုးရိမ်နေကြကြောင်း သိရသည်။

"အမည်မသိရသေးတဲ့ ပိုးကောင်တွေ မရေတွက်နိုင်အောင်ကျနေတယ်၊ဩဂဲနစ်ဆေးတွေ၊ စိုက်ပျိုးရေးအသုံးဝင်ဆေးတွေ အမျိုးမျိုးသုံးကြပေမယ့် ခဏပဲနိုင်တယ်၊ နှစ်ရက်လောက်နေ လယ်ထဲသွားကြည့်ရင် အုံလိုက်ကျင်းလိုက် စပါးခင်းတွေမှာ စုနေတာ မရေတွက်နိုင်အောင်တွေ့ရတယ်၊ စပါးအထွက်နည်းမလား စပါးပင်တွေ အပျက်အစီးများမလားဆိုတာ ဝေခွဲမရဖြစ်နေတယ်၊ စိုက်ပျိုးရေး နည်းပညာရှင်တွေ ကွင်းဆင်းလေ့လာစေချင်တယ်။

နွေလယ်တွေ စိုက်ပျိုးတုန်းက အခုလိုမတွေ့ရဘူး၊ မိုးလယ်တွေ စိုက်ပျိုးတာ အပင်တွေဖြစ်ထွန်းအောင်မြင်လာမှ အခုလိုတွေ့လာရတော့ စပါးစိုက်တောင်သူတွေစိုက်ခင်းတွေအတွက် တော်တော်စိုးရိမ်နေကြတယ်"ဟု စပါးစိုက်တောင်သူတစ်ဦးဖြစ်သူ ဦးသန်းငွေက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ကုန်းဇောင်းအုပ်စု၊ သံကိုင်းအုပ်စု၊ နန်းတော်ကျွန်းအုပ်စု၊ လေးအိမ်အုပ်စု၊ အနောက်ကိုင်းအုပ်စု၊ ပေတောအုပ်စုနှင့် ညောင်ခြံအုပ်စုခုနစ်အုပ်စုရှိ စပါးစိုက်ပျိုးကြသည့် တောင်သူများ၏ လယ်များတွင် ပိုးများကျနေခြင်းဖြစ်ကြောင်းနှင့် အဆိုပါ ကျေးရွာအုပ်စုခုနစ်စုတွင် တောင်သူ ၂၅၀၀ ခန့်၏ စပါးစိုက်လယ် ဧက ၃၀၀၀ ကျော်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်ရှိ ကျေးလက်ဒေသနေတောင်သူများသည် နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံးတွင် စပါးကို အဓိကအားထားစိုက်ပျိုးကြပြီး မြေပဲ၊ နှမ်းစသော ဆီထွက်သီးနှံများအပြင် ပဲတီစိမ်း၊ ပဲစင်းငုံ၊ ထောပတ်ပဲများနှင့် ခရမ်း၊ ငရုတ်၊ ခရမ်းချဉ်နှင့် အခြားဒေသသီးနှံများလည်း စိုက်ပျိုးကြသည်။

ဖွဲ့ထက်ရှင်

ပြည်သူ့ဗဟိုပြုရဲလုပ်ငန်း သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ရဲတပ်ဖွဲ့သင်တန်းခန်းမ၌ ဩဂုတ် ၂၅ ရက်က ပြည်သူ့ဗဟိုပြုရဲလုပ်ငန်း (ဆင့်ပွား) သင်တန်းဖွင့်ပွဲကို ၁၆ ဦးတို့ဖြင့် ဖွင့်လှစ်ခဲ့သည်။ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးဝင်းအေး၊ တာမွေမြို့နယ် တရားသူကြီး ဦးစန်းအောင်၊ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့နယ်မြေအတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေမျိုးဆွေ၊ တာမွေမြို့နယ် ဥပဒေအရာရှိ အဆင့်(၃) ဦးဝေလင်းစိုး၊ တာမွေမြို့နယ်မီးသတ်စခန်းမှူး ဒုတိယဦးစီးမှူး ကျော်မင်းနိုင်၊ နည်းပြ ဆရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုစုပေါင်း ၇၀ ခန့် တက်ရောက်ခဲ့သည်။

(၀၃၃)

တီဘီလူနာ အရှိန်မြှင့် ရှာဖွေရေးသင်တန်းဖွင့်

တောင်သာ ဩဂုတ် ၃၀

မြန်မာနိုင်ငံဆရာဝန်အသင်း၏ တီဘီလူနာ အရှိန်အဟုန်မြှင့်ရှာဖွေခြင်းစီမံချက်အရ စေတနာ့ဝန်ထမ်း ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအား တီဘီရောဂါတိုက်ဖျက်ရေးသင်တန်းကို တောင်သာမြို့နယ်ပြည်သူ့ဆေးရုံခန်းမ၌ ဩဂုတ် ၂၅နှင့်၂၆ရက်က ပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ဒေါက်တာယုယုလွင်နှင့်အဖွဲ့က ရှင်းလင်းဆွေးနွေးခဲ့ပြီး ကျေးရွာအုပ်စုများမှ စေတနာ့ဝန်ထမ်း သင်တန်းသား ၄၃ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။ မန္တလေးတိုင်းဒေသကြီးတွင် စီဒီအာရ်၅၀ ရာခိုင်နှုန်းအောက်ကျဆင်းနေသည့် မြို့နယ်ခုနစ်မြို့နယ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး လူနေထူထပ်၍ သွားလာရေးခက်ခဲသည့်ဒေသများသို့ လက်လှမ်းမီသမျှ ဆေးကုသပေးခြင်းဖြင့် စီဒီအာရ်တက်လာစေမည်ဖြစ်ကြောင်း၊ စီမံချက်ကာလပြီးဆုံးခဲ့သော်လည်း မိမိတို့ဒေသများတွင် ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် တာဝန်ယူလိုစိတ်၊ ကျန်းမာရေးစောင့်ရှောက်လိုစိတ်အလေ့အကျင့်များ ရရှိလာကာ ကျေးရွာ၊ မြို့နယ်များမှတစ်ဆင့် နိုင်ငံတော်အထိ ကျန်းမာရေးအထောက်အကူဖြစ်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ဉာဏ်သစ်လောင်း သင်တန်းများကို လိုအပ်သလို ထပ်မံပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

တီဘီလူနာ အရှိန်အဟုန်မြှင့်ရှာဖွေခြင်းစီမံချက်ကို ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ အချိန်ကာလသုံးနှစ်သတ်မှတ်ထားပြီး ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်သုံးမျိုးရန်ပုံငွေ (3MDG)မှ ထောက်ပံ့ခြင်းဖြစ်ကြောင်းသိရသည်။ သင်တန်းသားစေတနာ့ဝန်ထမ်းများအနေဖြင့် လူထုအတွင်း တီဘီသံသယရှိ လူနာများရှာဖွေခြင်း၊ ညွှန်ပို့ခြင်း၊ တီဘီအကြောင်း ကျန်းမာရေးအသိပညာပေးခြင်း၊ စောင့်ကြပ်ကြည့်ရှု၍ ကိုယ်တိုင်ဆေးတိုက်ကျွေးခြင်းများဖြင့် တီဘီတိုက်ဖျက်ရေးလုပ်ငန်းအောင်မြင်ရန် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

လင်းလက်ကြယ်(တောင်သာ)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြည့်ဆည်းဆောင်ရွက်

စစ်ကိုင်း ဩဂုတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးနှင့်တာဝန်ရှိသူများက ဩဂုတ်၂၅ ရက်နှင့်၂၆ ရက်တို့တွင် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးဦးတင်လှိုင်မြင့်၊ တိုင်းဒေသကြီး ရေအရင်းအမြစ်ဦးစီးဌာန တိုင်းဦးစီးမှူး၊ ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၂၅ ရက်က ကျွန်းလှအထက ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုကိုလည်းကောင်း၊ သီတဂူစက္ခုဒါနဆေးရုံကို လည်းကောင်း၊ အင်တိုင်း-လိပ်ဆင်းတောင် မြေသားလမ်းဖောက်လုပ်နေမှုကို လည်းကောင်း၊ စုန်းတလင်းကျေးရွာတွင် ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး ကျေးရွာလျှပ်စစ်မီးသွယ်တန်းခြင်းနှင့် မီးရရှိမှုအခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပေကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုးတံတား တည်ဆောက်ပြီးစီးမှုကို လည်းကောင်း၊ သရက်ပင်ကျေးရွာ အလကခွဲကျောင်းနှင့် ကျေးလက်ကျန်းမာရေးဌာနကိုလည်းကောင်း၊ လိပ်စင်းတောင်-ကန်ဇွန်းအင်း မြေသားလမ်းဖောက်လုပ်မှုအခြေအနေကိုလည်းကောင်း၊ လိပ်စင်းတောင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲမြေနေရာ၊ အလကကျောင်းနှင့် ဓာတ်အားခွဲရုံတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ်၂၆ ရက်တွင် သီတဂူစက္ခုဒါနဆေးရုံ သစ်ပင်စိုက်ပျိုးပွဲသို့လည်းကောင်း၊ တောင်ယာဆိပ်ကျေးရွာ သောက်သုံးရေကန်တူးဖော်နေမှုနှင့် မူလတန်းကျောင်းကိုလည်းကောင်း၊ ရွာသီကျေးရွာ ရေကန်တူးဖော်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့် ပတ်သက်ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မင်းကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသားကျောင်းသူများအား ပုသိမ်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ အခမဲ့ထုတ်ပေးခြင်းကို ဩဂုတ် ၂၅ ရက်က ဆောင်ရွက်ပေးစဉ်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်အနောက်ပိုင်းခရိုင် (ဒု-၃)တရားရုံး

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ် (၃၁၅)

ဦးဝင်းရွှေ — နှင့် — ဦးကျော်ဇင်သိန်း

တရားလို — တရားပြိုင်

ဦးကျော်ဇင်သိန်း၊ အခန်းအမှတ်(၁၀၁)၊ ပထမထပ်၊ အမှတ်(၁၆)၊ ရွှေအုတ်ဂူ ၇ လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်သိန်း (၁၁၀)ပြန်လည်ရလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၂ရက် (၁၃၇၆ခုနှစ် တော်သလင်းလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင်တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအဆိုပြုမည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စန္ဒာခင်)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ပုသိမ်ခရိုင်တရားရုံးတော်

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၅၇

ဒေါ်တင်တင်ရီ — နှင့် — ဦးတင်ထွန်းအောင်

တရားလို — တရားပြိုင်

ပုသိမ်မြို့၊ အမှတ် (၃၀)တာဝတိံသာလမ်း၊ အမှတ် (၃)ရပ်ကွက်တွင် နေထိုင်သော တရားပြိုင် ဦးတင်ထွန်းအောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တင်တင်ရီမှ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲစေလိုမှုနှင့်ပစ္စည်းခွဲဝေပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အမှုများကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၄ရက် (၁၃၇၆ ခုနှစ် တော်သလင်းလဆန်း ၁၁ရက်) နံနက် ၁၀နာရီတွင် အထက်ပါ အမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ် စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နိုင်နိုင်အောင်)
ဒုတိယခရိုင်တရားသူကြီး(၃)
ပုသိမ်ခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဒေါပုံမြို့နယ်တရားရုံး

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၁

ဦးညွန့်စိန် — နှင့် — ဒေါ်စောရွှေ

တရားလို — တရားပြိုင်

ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သစ္စာမြို့၊ နွယ်လမ်း၊ အမှတ် ၃၄၁ နေ ဒေါ်စောရွှေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အိမ်နှင့်မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် စက်တင်ဘာ ၁၁ရက် (၁၃၇၆ခုနှစ် တော်သလင်းလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်စိုးတင့်)
မြို့နယ်တရားသူကြီး
ဒေါပုံမြို့နယ်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၁၂၇၃၉ Honda Wave NF 100 M M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းမိန် ၆/ထဝန(နိုင်)၀၇၈၃၇၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၄၁၉၆ Honda Wave NF 100 M M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်း ၆/ထဝန(နိုင်)၀၃၇၇၆၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)

သတင်းတို

ညောင်ဦးတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းထုတ်ပေး

ပုဂံမြို့ အခြေခံပညာအထက်တန်းကျောင်းမှ အသက် ၁၀ နှစ်ပြည့်ပြီးသူ ကျောင်းသား ကျောင်းသူ ၃၉၀ အား ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်အဆင့် (၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဩဂုတ် ၂၆ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်ရေးအတွက် အခမဲ့ကွင်းဆင်းဆေးကုသပေးမှုများ ဆောင်ရွက်

မန္တလေး ဩဂုတ် ၃၀

ပြည်သူများ သက်တမ်းစေ့ကျန်းမာစွာနေထိုင်နိုင်ရေးအတွက် ကျန်းမာရေး ကွင်းဆင်းစစ်ဆေးမှုနှင့် ဆေးကုသပေးမှုများ၊ ဆေးဝါးများထောက်ပံ့လှူဒါန်းခြင်းများကို မန္တလေး-ပြင်ဦးလွင်လမ်းပေါ်ရှိ ပုသိမ်ကြီးမြို့နယ် ကျောက်မီးကျေးရွာ တိုက်နယ်ဆေးရုံတွင် ဩဂုတ် ၂၇ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမဲ့ကျန်းမာရေးစောင့်ရှောက်ခြင်းဆောင်ရွက်မှုတွင် ပုသိမ်ကြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိန်လင်း၊ ကျောက်မီးကျေးရွာ တိုက်နယ်ဆေးရုံတာဝန်ခံ ဒေါက်တာဝေဖြိုးမော်နှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ မန္တလေးဆေးတက္ကသိုလ်မှ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန ကထိကဒေါက်တာမျိုးထွန်းနှင့်အဖွဲ့၊ အထွေထွေရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာအောင်ကိုကို၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးဒေါက်တာခင် သန်းအေး၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာကျော်ကျော်၊ ကလေး အထူးကုဆရာဝန်ကြီး ဒေါက်တာစိုးမိုးသူ၊ အရေပြားအထူးကုဆရာဝန်ကြီး ဒေါက်တာခင်မြလွင်၊ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဇော်ငြိမ်းချမ်း၊ နား၊နှာခေါင်း၊လည်ချောင်းအထူးကုဆရာဝန်ကြီး ဒေါက်တာကျော်သူဝင်းဟန်၊ အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာမျိုးမင်းလတ်နှင့် မန္တလေးသင်ကြားရေးဆေးရုံများမှ ဆရာဝန် ၄၀၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များက ပါဝင်ဆောင်ရွက်ပေးခဲ့ကြကာ ပြည်သူ ၂၀၀ ကျော်ကို ရောဂါအမျိုးအစားအလိုက် စနစ်တကျ စစ်ဆေးမှုများပြုလုပ်၍ ဆေးဝါးကုသခြင်းနှင့် လိုအပ်သောဆေးဝါးများ အခမဲ့ထောက်ပံ့ခြင်းတို့ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **ကျော်စိုးဦး(မန္တလေး)**

ရှမ်းပြည်နယ် ပြည်ထောင်စုလမ်းမလမ်းပိုင်းများ ကတ္တရာခင်း

မိုင်းပျဉ်း ဩဂုတ် ၃၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် တာကော်(၂) မိုင်ကျေးရွာမှ တာကော်(၇)မိုင်ကျေးရွာအထိ ပြည်ထောင်စုလမ်းမ၊ တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပိုင်း ကတ္တရာခင်းခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ယင်းလမ်းပိုင်းသည် မိုင်တိုင် ၂၈၅/၃ မှ ၂၈၇/၃ အထိ လေးဖာလုံ၊ မိုင်တိုင် ၂၈၇/၃ မှ ၂၈၈/၂ အထိ ခုနှစ်ဖာလုံ၊ ၊ မိုင်တိုင် ၂၈၈/၃ မှ ၂၈၉/၀ အထိ ငါးဖာလုံ စုစုပေါင်းအရှည်နှစ်မိုင်၊ မြေသားလမ်းအကျယ် ၃၄ ပေနှင့် ကတ္တရာလမ်းအကျယ် ၁၈ ပေရှိပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေမှ ကျပ်သိန်းပေါင်း ၄၀၀ ခန့် အကုန်အကျခံကာ ကျိုင်းတုံခရိုင် ပြည်သူ့ဆောက်လုပ်ရေး လေယာဉ်ကွင်း အထူးအဖွဲ့(၄) လုပ်ငန်းမှ တာဝန်ယူဆောင်ရွက်နေကြောင်း သိရသည်။

ယင်းလမ်းပိုင်းသည် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းပျဉ်း၊ ကျိုင်းတုံ၊ တာချီလိတ်မြို့တို့ ဆက်သွယ်ရန်အသုံးပြုသော လမ်းဖြစ်ပြီး တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်မော်တော်ယာဉ်လိုင်းများနှင့် ခရီးသွားပြည်သူများသွားလာရာတွင်အကျိုးပြုသည့် ပြည်ထောင်စုလမ်းမကြီး ဖြစ်ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

မြစ်ကြီးနား၌ အခြေခံကဗျာလွတ်အက နည်းပြသင်တန်းဖွင့်

မြစ်ကြီးနား ဩဂုတ် ၃၀

ပညာရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကချင်ပြည်နယ် ပညာရေးမှူးရုံးက ကြီးကြပ်ကာ မြန်မာ့အက အခြေခံ ကဗျာလွတ်အက နည်းပြသင်တန်း အမှတ်စဉ်(၂/၂၀၁၄) သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၇ ရက်က မြစ်ကြီးနားမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း နိုင်ငံရတနာခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) ဦးကျော်အေးက ဘက်စုံထူးချွန်သည့် နိုင်ငံသားကောင်းသမီးရတနာများ မွေးထုတ်လေ့ကျင့်ပေးရာတွင် စာပေပညာများထူးချွန်ရုံနှင့်မပြီးဘဲ ကာယ၊ ဉာဏ၊ စာရိတ္တ၊ အားကစား၊ အနုပညာ၊ အိမ်တွင်းလက်မှုပညာစသည့် ပညာရပ်များတွင်လည်း နှံ့စပ်တတ်မြောက်ရန် လိုအပ်ကြောင်း ပြောကြားပြီး ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (စစ်ဆေး) ဆရာမကြီး ဒေါ်ဌေးဌေးရင်က သင်တန်းသားများ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ သင်ကြားပေးသွားမည့် ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားခဲ့သည်။

သင်တန်းကို ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၅ ရက်အထိ ဖွင့်လှစ်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ ဒေါ်ထက်ထက်လင်းနှင့် ဦးဇော်နိုင်ဝင်းတို့က နည်းပြများအဖြစ် တာဝန်ယူသင်ကြားပေးမည်ဖြစ်ကာ အခြေခံပညာကျောင်းများမှ ဆရာမ ၂၅ ဦး တက်ရောက်ကြောင်း သိရသည်။ **မိုးဃံကျ(မြစ်ကြီးနား)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်အစိုးရအဖွဲ့

လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ် ၁/၂၀၁၄
၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၅ ရက်
(၂၀၁၄ခုနှစ် ဩဂုတ် ၂၉ရက်)

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးအတွက် လျှောက်လွှာများတင်သွင်းနိုင်ပါသည်-

ရာထူး	လစ်လပ်	ပညာအရည်အချင်း
လက်ထောက်ဆရာဝန်	(၃၄)နေရာ	ဆေးပညာဘွဲ့ MBBS (၂၀၁၃ခုနှစ် ဒီဇင်ဘာလအထိ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။)

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၁-၇-၂၀၁၄ရက်တွင် အသက် (၃၅)နှစ်အထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာကို ကယားပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ဝယ်ယူလျှောက်ထားနိုင်ပြီး ၃၀-၉-၂၀၁၄ရက်အရောက် လူကိုယ်တိုင် သို့မဟုတ် စာတိုက်မှတစ်ဆင့် ကယားပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ပေးပို့လျှောက်ထားရမည်။ လျှောက်ထားရာတွင် ရေးဖြေစာမေးပွဲကို ကယားပြည်နယ် အစိုးရအဖွဲ့ရုံးမှ သတ်မှတ်ထားသော စာစစ်ဌာန၌သာ ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသောလျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၄။ လက်ထောက်ဆရာဝန် ရာထူးအတွက် လျှောက်ထားသူဦးရေသည် လစ်လပ်ရာထူးအရေအတွက်ထက် လျော့နည်းနေလျှင်ဖြစ်စေ၊ တူညီနေလျှင်ဖြစ်စေ ပိုမိုသည့်တိုင်အောင် ကွာခြားချက်များပြားခြင်းမရှိလျှင်ဖြစ်စေ ထိုရာထူးအတွက် ရေးဖြေစာမေးပွဲ စစ်ဆေးခြင်းမပြုဘဲ လျှောက်ထားသူများကို အကြောင်းကြားခေါ်ယူကာ လူတွေ့စစ်ဆေးဆောင်ရွက်မည်ဖြစ်သည်။

၅။ လျှောက်လွှာတွင် ဖော်ပြမည့်အချက်များ ပူးတွဲပါရှိရမည့်စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေနှုတ်ဖြေစစ်ဆေးရန်အတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ၃-၃-၂၀၁၄ရက်ပါစာအမှတ် ၂၂၁/ရွေးချယ်ရေး(အဓိက)/၂၀၁၄ဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ထုတ်ပြန်ထားသော ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန်လမ်းညွှန်ချက်စာစောင်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၆။ ရေးဖြေစာမေးပွဲကို ကယားပြည်နယ်စာစစ်ဌာန၌ ၄-၁၀-၂၀၁၄ရက် (စနေနေ့)တွင် မြန်မာစာနှင့် အထွေထွေဗဟုသုတများကိုလည်းကောင်း၊ ၅-၁၀-၂၀၁၄ရက် (တနင်္ဂနွေနေ့) အင်္ဂလိပ်ဘာသာကိုလည်းကောင်း ဖြေဆိုရမည်။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်များကို ၂-၁၀-၂၀၁၄ ရက်မှစ၍ ကယားပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ထုတ်ပေးမည်။

၈။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး (လွိုင်ကော်) ဖုန်း-၀၈၃-၂၄၀၀၀၆၊ ၀၈၃-၂၁၁၅၇၊ ၀၈၃-၂၃၀၁၇တို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပျောက်ဆုံး

ကျွန်တော် ဦးကျော်ဝင်း ၁၂/မရက(နိုင်)၀၆၉၄၁၅ ၏ နိုင်ငံကူးလက်မှတ် ပတ်စ်ပို့မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၀၇၄၂၀၀**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့လက်အောက်ရှိ ဌာနအသီးသီးနှင့် ခရိုင်(၄) ခရိုင်တို့တွင် အသုံးပြုရန်အတွက် လိုအပ်သော မီးသတ်ဆေးဗူး ၇၀၀ ဗူးနှင့် 3Ø 4 Power Meter, CT Meter နှင့် Accessories များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါပိတ်မည့်ရက် - ၁၂-၉-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
ပစ္စည်းထောက်ပံ့ရေးဌာန၊ ရန်ကုန်မြို့
အမှတ်(၁၉၇၊ ၁၉၉)အောက်ကြည့်မြင်တိုင်လမ်း
အလုံမြို့နယ်
ဖုန်း-၀၁-၂၂၀၈၁၆

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အထက(ခွဲ) ဝဲခမိ နဝမတန်းမှ ဦးပြုံး၏ သမီး နော်စန်းဝင်း၏ဖခင်အမည်မှန်မှာ ဦးညွန့်သိန်းဖြစ်ပါကြောင်း။
ဦးညွန့်သိန်း ၁၀/ရမန(နိုင်)၁၂၀၃၅၃

ဖခင်အမည်မှန်

ကျောက်ဖြူမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း(A)မှ မပိုးဝါဖြူ၏ ဖခင်အမည်မှန်မှာ ဦးထွန်းမြင့်အောင် ၁၄/လမန(နိုင်)၀၆၁၉၅၈ ဖြစ်ပါကြောင်း။
ဦးထွန်းမြင့်အောင်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

စဥ့်ကိုင်မြို့နယ်အတွင်းမှ တစ်ပိုင်တစ်နိုင်ကျွန်းစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်

စဥ့်ကိုင် ဩဂုတ် ၃၀

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန လက်အောက်ရှိ သစ်တောရေးရာဝန်ကြီးဌာနသည် မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ်အတွင်းရှိ ရန်ကုန်-မန္တလေး လမ်းဘေးဝဲယာတစ်လျှောက်ရှိ မြေလွတ်မြေရိုင်းများတွင်တစ်ပိုင်တစ်နိုင် ကျွန်းစိုက်ခင်းများကို နှစ်အလိုက် စမ်းသပ်စိုက်ပျိုးလာခဲ့ရာ ယခုအခါ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းသိရသည်။

"ဟိုအရင် စိုက်ပျိုးပြီးစကတော့ သက်ဆိုင်ရာကွင်းအတွင်းမှာပါဝင်တဲ့ ကျေးရွာအုပ်စုမှ ကျေးလက်ပြည်သူတွေက ကျေးလက်သစ်တောစိုက်ခင်းအနေနဲ့ သစ်ပင်စိုက်ပျိုးရေးစနစ်တွေမှာ တစ်နှစ်တစ်ခါဆိုသလို ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ကြရပါတယ်။ အခုနောက်ပိုင်းမှာတော့ သစ်ပင်စိုက်ပျိုးရေးနေ့ အထိမ်းအမှတ်အနေနဲ့ မြို့နယ်မှာလှုပ်ရှားမှုအားနည်းသွားပြီး ပြုပြင်ထိန်းသိမ်းမှုလည်း သိပ်မတွေ့ရပါဘူး။ ဒီကျွန်းစိုက်ခင်းတွေကို ပုဂ္ဂလိကအပိုင် ကျွန်းစိုက်ခင်းတွေလို ဂရုစိုက်ပြုစုစောင့် ရှောက်မယ်ဆိုရင် လက်ရှိအနေအထားထက်ပိုပြီး အောင်မြင်ဖြစ်ထွန်းမှာဖြစ်ပါတယ်။ စိုက်ပျိုးပြီးချိန်ကတည်းက ဖိဖိစီးစီးပြုစုစောင့်ရှောက်ခဲ့မယ်ဆိုရင် လက်ရှိ ပင်စည်လုံးပတ်ရဲ့နှစ်ဆလောက်နဲ့ လက်ရှိအပင်အမြင့်ထက် တစ်ဆခွဲလောက် အနည်းဆုံးဖွံ့ဖြိုးမှာဖြစ်ပါတယ်။ အခုလည်း နောက်မကျသေးပါဘူး။ ခုလိုအချိန်မှာ ပြုစုစောင့်ရှောက်ပေးရင် စံချိန်မီကျွန်းစိုက်ခင်းတွေဖြစ်လာနိုင်ပါတယ်"ဟု စိုက်ပျိုးရေးကျွမ်းကျင်သူတစ်ဦးကပြောပြသည်။

အောင်မင်း(စဥ့်ကိုင်)

လက်တွေ့မီးငြှိမ်းသတ်မှု ကြိုတင်သရုပ်ပြလေ့ကျင့်

မန္တလေး ဩဂုတ် ၃၀

မီးသတိပေးပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်မှုကြိုတင် သရုပ်ပြ လေ့ကျင့်ခြင်းများကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီခွဲက မန္တလေးမဟာအောင်မြေ မြို့နယ် ရဲမွန်တောင်ရပ်ကွက် ၅၉ လမ်းနှင့် သိပ္ပံလမ်းထောင့်ရှိ HSD စက်သုံးဆီအရောင်းဆိုင် မျက်နှာစာရှေ့၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲ ကြိုတင်လေ့ကျင့်ရာသို့ အဆိုပါ စက်သုံးဆီရောင်းဝယ်ရေးဆိုင်ပိုင်ရှင်၊ ဆိုင်မန်နေဂျာနှင့် အရောင်းဝန်ထမ်းများ မဟာအောင်မြေမြို့နယ် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးကျော်မင်းနှင့် မီးသတ်တပ်ဖွဲ့မှူးများ၊ ရဲမွန်တောင်အရန်မီးသတ်တပ်ဖွဲ့စခန်းမှတပ်စုမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြပြီး မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးထက်အောင်က မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးပြောကြားခဲ့ပြီး တပ်ဖွဲ့ဝင်များက ဆိုင်ဝန်ထမ်းများကို ကွင်းပြင်၌ ဆီမီးလောင်ကျွမ်းနေမှုကို မီးသတ်ဆေးဘူးတို့ဖြင့် အမြှုပ်ဆေးရည်များသုံး၍ မိနစ်ပိုင်းအတွင်း မီးငြှိမ်းသတ်နိုင်မှုကို သရုပ်ပြ လေ့ကျင့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ဖားကန့်၌ မူးယစ်ဆေးဝါးတားဆီးရေး မြို့မိမြို့ဖများနှင့် တွေ့ဆုံ

ဖားကန့်မြို့ ဩဂုတ် ၃၀

မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေးအတွက် ကချင်ပြည်နယ် ဖားကန့်မြို့မရဲစခန်းမှ တာဝန်ရှိသူများနှင့် ဖားကန့်မြို့ ရပ်မိရပ်ဖများ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၈ ရက်က နယ်ထိန်းရုံးခန်းတွင် ကျင်းပသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေနှင့် ဖားကန့်စခန်းမှူး ဒုတိယရဲမှူး နိုင်ဝင်းတို့က ဖားကန့်မြို့ပေါ် (၅) ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများ၊ မြို့နယ်သတင်းထောက် ဦးစိုးနိုင်ဦးတို့အားတွေ့ဆုံပြီး မူးယစ်ဆေးဝါးများ ဖမ်းဆီးရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည့်အချက်များ၊ ၂၀၁၄ ခုနှစ် ဖားကန့်မြို့နယ်အတွင်း မူးယစ်ဆေးဝါးများ အရှိန်အဟုန်မြင့်ဖမ်းဆီးခဲ့မှုများနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါး ပမာဏ၊ အမှု အရေအတွက်တို့ကို ချပြရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဒုတိယရဲမှူးနိုင်ဝင်းက မူးယစ်ဆေးဝါးဖမ်းဆီးရာတွင် အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်မည့်အခြေအနေ၊ ဖမ်းဆီးရရှိသူများအား ထိရောက်သော ပြစ်ဒဏ်ရရှိရေး တရားစွဲတင်ရသည့် အခြေနေများ၊ ပြစ်မှုကျူးလွန်သူ ဘက်မှရှေ့နေများ ငှားရမ်းပြီး ပြစ်မှုလွတ်မြောက်အောင် ဆောင်ရွက်နေသည့် အခြေအနေများစသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့သည်။

တက်ရောက်လာကြသည့်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ရပ်မိရပ်ဖများက ဖားကန့်မြို့နယ်သည် ကျောက်စိမ်းထွက်ရှိရာ ဒေသဖြစ်၍ အခြေခံလူတန်းစားများ အနေဖြင့် အများဆုံးလာရောက်နေထိုင်သည့် ဒေသဖြစ်ပြီး ဧည့်စာရင်းကို တစ်ပတ်လျှင်တစ်ကြိမ် စစ်ဆေးသင့်ကြောင်း၊ မူးယစ်ဆေးဝါးဖမ်းဆီးရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

စိုးနိုင်ဦး(ဖားကန့်)

ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့် သင်တန်းဖွင့်

ပဲခူး ဩဂုတ် ၃၀

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) ၏ လုပ်ငန်းစဉ်ဖြစ်သော ပြည်သူများ၏ လိုအပ်ချက်များ အမြန်ဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းပေးနိုင်ရေးအတွက် အရာထမ်းဝန်ထမ်းထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီးရုံးတွင် ဩဂုတ် ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းတွင် ပဲခူးတိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ ဌာန၏ မူဝါဒဖြစ်သည့် ပြည်သူကို ဗဟိုပြုသော ပြည်သူ့ဝန်ဆောင်မှု အသိပညာပေးလုပ်ငန်းများကို ကျယ်ပြန့်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများ အကျိုးရှိနိုင်ရေးအတွက် ထိရောက်အောင် ဆောင်ရွက်သွားရန်နှင့်ပတ်သက်၍ ဌာနမှလုပ်ငန်းစဉ်များအလိုက် ဆောင်ရွက်ရမည့် နည်းလမ်းများကို ဆွေးနွေးပြောကြားခဲ့သည်။

သင်တန်းတွင် မြို့နယ်အထောက်အကူပြုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အစိုးရအုပ်ချုပ်စီမံပုံ ပြုပြင်ပြောင်းလဲရေး၊ သတင်းမီဒီယာပြောင်းလဲရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်၊ သန့်ရှင်းသောအစိုးရ ဘာသာရပ်များအား ရှင်းလင်းဆွေးနွေးပြီး ပဲခူးတိုင်းဒေသကြီး၏ လ ၂၀ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်ကို မြို့နယ်အလိုက်၊ ခရိုင်အလိုက် လက်တွေ့ရေးဆွဲခဲ့ကြသည်။

ထို့နောက် လူကုန်ကူးမှုတားဆီး ကာကွယ်ရေးပညာပေးနံရံကပ်စာစောင်ပြိုင်ပွဲ၌ ပထမဆုရရှိသည့် တောင်ငူခရိုင်ရုံးကို လည်းကောင်း၊ ဒုတိယဆုရရှိသည့် သာယာဝတီခရိုင်ရုံးကို လည်းကောင်း၊ တတိယဆုရရှိသည့် ပဲခူးခရိုင်ရုံးနှင့် စတုတ္ထဆုရရှိသည့် ပြည်ခရိုင်ရုံးတို့ကို ဒုတိယညွှန်ကြားရေးမှူးက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

မောင်ရွှေဝင်း(ပြည်)

လူကုန်ကူးမှုတိုက်ဖျက်ရေး တို့တွေပါဝင်ကူညီပေး

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စက်မှုလယ်ယာဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ အောက်ဖော်ပြပါစက်ကိရိယာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ကောက်စိုက်စက်	1 Lot

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁-၉-၂၀၁၄ ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်၊ ၄း၃၀ နာရီဖြစ်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
စက်မှုလယ်ယာဦးစီးဌာန
ရုံးအမှတ် (၅၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၁၂၄၃

ကသာခရိုင်အသင်း(ရန်ကုန်)
ဝါဆိုသင်္ကန်းကပ်လှူပွဲဖိတ်ကြားလွှာ

ကသာခရိုင်၊ မြို့နယ်ခုနစ်မြို့နယ်မှ အသင်းဝင်မိသားစုများ၏ သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၇ ရက်(တနင်္ဂနွေနေ့)နံနက် ၉း၀၀နာရီတွင် သင်္ဃန်းကျွန်းမြို့နယ်၊ မိကျောင်းကန် အပိုင်း(၁)၊ ဝေဇယန္တာဥယျာဉ် ၁ လမ်း၊ ဇေယျာသီရိပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ ကြွရောက်ကြပါရန်နှင့် ဝါဆိုသင်္ကန်းလှူဒါန်းလိုပါက သင်္ကန်းတစ်စုံလျှင် ကျပ် ၅၀၀၀/-နှုန်းဖြင့် ဥက္ကဋ္ဌ ဦးညွန့်ဦး ၀၉-၅၁၁၂၅၅၇နှင့် အတွင်းရေးမှူး ဦးမျိုးဝင်း ၀၉-၇၃၁၁၀၀၈၆ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ရေနံနှင့်ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာန(ရန်ကုန်)ရုံးဝင်းအတွင်းရှိ ပြန်လည်အသုံးပြု၍မရတော့သည့် မော်တော်ယာဉ် အပိုပစ္စည်း ၁၈၇ မျိုးနှင့် တိုင်ကီအဟောင်း ၅၁ လုံးတို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဒုတိယအကြိမ် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၉-၂၀၁၄ရက်မှ၉-၉-၂၀၁၄ ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ရုံးအမှတ်၄၄၊ နေပြည်တော်
- (ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်အချိန်နှင့်နေရာ** - ၁၀-၉-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) ၁၂း၀၀နာရီ၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်

တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၁၀-၉-၂၀၁၄ ရက်၊ ၁၃း၀၀ နာရီ

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဇော်စိုင်း ၉/မလန(နိုင်) ၁၁၅၆၆၇၏ နိုင်ငံကူးလက်မှတ်/အမှတ် မမှတ်မိမှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၁၂၆၂၀၁၄**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ ပဲခူးမြို့မှ အောက်ဖော်ပြပါပစ္စည်းများအား ရုံးအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က)	Computer	၃၁ လုံး
(ခ)	UPS 650VA	၃၁ လုံး
(ဂ)	Laser Printer (A-4)	၃၁ လုံး
(ဃ)	လက်နှိပ်စက် ၁၈ လက်မ(မြန်မာ)	၁၀ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များနှင့် ပတ်သက်၍ ကြော်ငြာသည့်ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်းအောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများ နောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၂၆-၉-၂၀၁၄ရက် ၁၆း၀၀နာရီ ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ ပဲခူးမြို့
ဖုန်း-၀၅၂-၂၀၀၄၈၆၊ ၀၅၂-၂၀၁၀၂၆၊ ၀၅၂-၂၁၀၅၄

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၅၄၅)၊ မြေကွက်တည်နေရာအမှတ်(၅၄၅)၊ ကေတုမတီလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးလှကြိုင်၊ ဦးသန်းလှိုင်၊ ဦးကျော်လှိုင်၊ ဦးတင်ဝမ်း၊ ဒေါ်မြင့်မြင့်ခင်၊ ဒေါ်ခင်နှင်းဆွေ၊ ဦးသန့်ဇင် အမည်ပေါက်နှစ်၆၀ဂရန်မြေအား အမည်ပေါက်(ဦးလှကြိုင်နှင့် ဦးသန်းလှိုင်)လူပုဂ္ဂိုလ်ကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ဦးကျော်လှိုင် ၁၂/ဥတထ(နိုင်)၀၂၂၅၈၃ ၊ ဦးတင်ဝမ်း အက်စ်/အိုကေအေ-၀၇၀၈၂၂၊ ဒေါ်မြင့်မြင့်ခင် ဂျီ/အာဂျီအင်န်-၀၂၅၀၇၄၊ ဒေါ်ခင်နှင်းဆွေ အက်စ်/အိုကေအေ- ၀၅၀၂၈၆၊ ဦးသန့်ဇင် အက်စ်/အိုကေအေ-၀၇၀၈၂၃တို့က မောင်နှမအရင်းများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်နှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ချင်းပြည်နယ်ဆေးရုံများတွင် ဆရာဝန်များလျှောက်လွှာခေါ်ယူ

ဟားခါး ဩဂုတ် ၃၀

ချင်းပြည်နယ်အတွင်း ဆေးရုံများတွင် လက်ထောက်ဆရာဝန်အင်အား ၃၉ နေရာ လစ်လပ်လျက်ရှိပြီး လျှောက်လွှာခေါ်ယူခဲ့ကြောင်း သိရသည်။

လက်ထောက်ဆရာဝန်နေရာ လိုအပ်ချက်ဖြည့်တင်းရန် တိုင်းဒေသကြီး/ပြည်နယ် အလိုက်လျှောက်လွှာခေါ်ယူခြင်း၊ လူတွေ့စစ်ဆေးခြင်းများကို ဩဂုတ်လဆန်းက စတင်ဆောင်ရွက်ခဲ့ရာ လစ်လပ်နေရာ ၃၉ နေရာအတွက် လာရောက်လျှောက်ထားသူ ၃၇ ဦးရှိပြီး ဩဂုတ်လဒုတိယပတ်က လူတွေ့စစ်ဆေးရာတွင် ၃၃ ဦး လာရောက်ဖြေဆိုကြောင်း ချင်းပြည်နယ်ကျန်းမာရေးဦးစီးမှူးထံမှ သိရသည်။

ချင်းပြည်နယ်အတွင်း အချို့တိုက်နယ်ဆေးရုံများတွင် အပြာဝတ် သူနာပြုဆရာမကြီးများကသာ တာဝန်ယူ၍ ကျန်းမာရေးစောင့်ရှောက်မှုပေးနေရကြောင်း သိရသည်။ ထန်တလန်မြို့နယ် လုံလဲရှိ တိုက်နယ်ဆေးရုံသည် အိန္ဒိယနိုင်ငံနှင့် နယ်စပ်ချင်းထိစပ်နေပြီး ယခင်က တိုက်နယ်ဆရာဝန်ရှိသဖြင့် ၄င်းနိုင်ငံဘက်ကပင် လာရောက်ဆေးကုသခြင်းများရှိကြောင်း ဒေသခံများ၏ ပြောကြားချက်အရသိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ မျက်စိအလင်းဒါန အလှူအောင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံကြီး၏ ဒုတိယအကြိမ် မျက်စိအလင်း အလှူဒါနအောင်ပွဲကို ဩဂုတ် ၂၅ ရက်က ကြည့်မြင်တိုင်မြို့နယ်ရှိ ယင်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များ၊ ဆေးရုံအုပ်ကြီး ဒေါ်သင်းသင်းအေးနှင့် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်နီလာသိန်း၊ ဆေးရုံမှတာဝန်ရှိသူများ၊ အလှူရှင်များ မျက်စိခွဲစိတ်ကုသမှုခံယူခဲ့သော ဝေဒနာရှင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် နာယက ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားခဲ့ပြီး ဆေးရုံအုပ်ကြီး ဒေါ်သင်းသင်းအေးက ကျေးဇူးတင်စကားပြောကြားကာ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာ ဒေါ်နီလာသိန်းက ဆေးအခမဲ့ ခွဲစိတ်ကုသမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အဝေးပြေး ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းနှင့် အလှူရှင်များက အလှူငွေများ ပေးအပ်ပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကများနှင့် ဆေးရုံ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် နာယက ဒေါ်ခင်သက်ဌေးနှင့် အလှူရှင်များက မျက်စိခွဲစိတ်ကုသပြီး လူနာများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး တစ်ဦးလျှင် ငွေကျပ်၅၀၀၀စီ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ယခု ဒုတိယအကြိမ် ခွဲစိတ်မှုတွင် ဝေဒနာရှင် ပေါင်း ၁၅၆ ဦးကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး ငွေနှင့် ပစ္စည်း စုစုပေါင်း ကျပ် ၅၅၂၆၀၀၀ လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေး အလုပ်ရုံဆွေးနွေး

လွိုင်လင် ဩဂုတ် ၃၀

နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး တတိယအဆင့် အရှိန်အဟုန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်း၌ ဩဂုတ် ၂၈ ရက်က ပြုလုပ်ခဲ့ကြောင်းသိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် လွိုင်လင်ခရိုင်ရဲမှူး ဒုတိယရဲမှူးကြီး အောင်ဆန်းမြင့်က နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုနှင့်အညီ ဒီမိုကရေစီနိုင်ငံတော်ကြီးကိုထူထောင်ရာတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်လုပ်ကိုင်ဆောင်ရွက်နေကြောင်း ၊ ရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်နေပြီး လုပ်ငန်းနည်းစနစ်များ ပြောင်းလဲလာပြီးနောက် ပြည်သူဗဟိုပြုရဲလုပ်ငန်းစဉ်များကို ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ၊ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တာဝန်ယူရမည့်လုပ်ငန်း ကဏ္ဍအလိုက် အစိုးရဌာနဆိုင်ရာများ၊ ပုဂ္ဂလိက ပညာရှင်များပါဝင်သည့်အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်သိန်းနှင့် ဖိတ်ကြားထားသော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြင်ပ ဥပဒေပညာရှင်များ၊ အငြိမ်းစား ရဲဝန်ထမ်းဟောင်းများက ရဲလုပ်ငန်းပြုပြင်ပြောင်းလဲရေးဆိုင်ရာများကို ဆွေးနွေးအကြံပြုကြပြီး လွိုင်လင်ခရိုင်ရဲမှူးကြီးက ဒေသခံပြည်သူများ၏ အကြံပြုဆွေးနွေးချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ပြန်လည်သုံးသပ် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မိုးလွင်ဦး(လွိုင်လင်)

စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

မုံရွာ ဩဂုတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အက်ရှင်အေ့ဒ်မြန်မာတို့ ပူးပေါင်း၍ အားလုံးအကျုံးဝင် အောက်ခြေမှစီမံကိန်းရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၆ ရက်က မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အက်ရှင်အေ့ဒ်မြန်မာမှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဝင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားပြီး အက်ရှင်အေ့ဒ် မြန်မာအပူပိုင်းဇုန်ဒေသ စီမံကိန်းမန်နေဂျာ ဦးအောင်မင်းနိုင်က လုပ်ငန်းစဉ်အကျဉ်းနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းတို့ကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးပညာပေးသင်တန်းပို့ချ

မြင်းခြံ ဩဂုတ် ၃၀

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော ကျေးလက်ဒေသဖွံ့ဖြိုးရေးအထောက်အကူပြု တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးပညာပေးသင်တန်းကို မြင်းခြံမြို့နယ် လေးအိမ်တန်းကျေးရွာအင်းသူကြီး ဦးကျော်စိန် နေအိမ်တွင် ဩဂုတ် ၂၅ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်လှစ်ပွဲတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသော်ထွန်းဦးက အမှာစကားပြောကြားပြီး ငါးမွေးကန်အကြိုပြင်ဆင်နည်း၊ အခြေခံငါးမွေးမြူနည်း၊ အခြေခံ စာရင်းထိန်းသိမ်းနည်း၊ ငါးသယံဇာတထိန်းသိမ်းနည်း၊ ရွှေဝါငါးကြင်းသားဖောက်နည်း၊ ရေချိုငါးလုပ်ငန်းဥပဒေ၊ အင်းအိုင်အကြောင်း၊ တီလာပီးယား၊ ငါးကျည်း၊ ငါးခူများ တစ်ပိုင်တစ်နိုင်မွေးမြူနည်း၊ ဆည်များ/ကျေးရွာပိုင်ကန်များအတွင်း ငါးမျိုးများစိုက်ထည့်မွေးမြူခြင်းအကြောင်းများကို သင်တန်းပို့ချခဲ့သည်။ သင်တန်းဖွင့်ပွဲသို့ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသော်ထွန်းဦး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ယဉ်ယဉ်မြင့်နှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ရေလွှမ်းမိုးမှုခံရသည့်အိမ်ထောင်စုများအား ထောက်ပံ့

မိုးညှင်း ဩဂုတ် ၃၀

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ အဆက်မပြတ်မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် နန့်ရင်းချောင်း ရေကြီးပြီး ချောင်းပတ်ဝန်းကျင်ရှိ ရပ်ကွက်များ ရေလွှမ်းမိုးမှုခံရသည့် အိမ်ထောင်စုများအနက် အခက်အခဲရှိသော မိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲကို ဩဂုတ် ၂၈ ရက်က မိုးညှင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်ရုံးခန်းမ၌ ပြုလုပ်ခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလေးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အအကူပြုကော်မတီ ဥက္ကဋ္ဌ ဦးတင်မြင့်တို့က ရေလွှမ်းမိုးခံရသည့် အုတ်ကျင်း အရှေ့စု၊ မြို့မနှင့် နားခါ ရပ်ကွက်များမှ အခက်အခဲရှိသည့် မိသားစု ၅၀ အား ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ငွေကျပ် ၁၀ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ကေဆိုင်းနော်(ဖားကန့်)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၃၁

ဒေါ်အေးစန္ဒာထွန်း နှင့် ၁။ ဦးထွန်းမြင့်
(၄င်း၏တရားရုံးကိုယ်စားလှယ် ၂။ ဒေါ်အေးအေးခိုင်
စာရသူ ဒေါ်ဝင့်သူသူထွန်း) ၃။ ဒေါ်အေးအေးမြတ်
တရားလို **တရားပြိုင်များ**

(၁) ဦးထွန်းမြင့်၊ (၂) ဒေါ်အေးအေးခိုင်၊ (၃)ဒေါ်အေးအေးမြတ် အမှတ်၇၇၁၊ ခရေလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ယခုနေရပ် လိပ်စာမသိ) တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မြေကွက်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆို မှတ်ပုံတင်ပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် စက်တင်ဘာ ၁၅ရက် (၁၃၇၆ခုနှစ် တော်သလင်းလပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်တို့ကထုချေတင်ပြအဆိုပြုသည့် စာချုပ် စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။

(မြတ်ခိုင်ဝင်း)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

ပြင်ဆင်ဖတ်ရှုပါရန်

၆-၈-၂၀၁၄ ရက် မြန်မာ့အလင်းသတင်းစာ၏ကြော်ငြာ စာမျက်နှာ (၄) ကန့်ကွက် ကြော်ငြာအမှတ်စဉ် (၁၀)ဒေါ်မြင့်၏ အမည်ပြောင်းတွင် မြေအမည်ပေါက် ဒေါ်သန်းနွယ်အစား ဒေါ်မြသွယ်ဟု ဖတ်ရှုပါရန်။

ရောင်းမည်

Caldinal Van Model 1998
CNG (၇၀ အိုး) ဓာတ်ဆီနှစ်မျိုးသုံး
ဖုန်း-၀၉-၄၃၀၆၉၈၇၃
ဈေးနှုန်း (၂၀၇)သိန်း

အင်းလေးအသွား လမ်းမပေါ်မှ နန်းသီတာ မြေကွက်ရောင်းရန်ရှိသည်

8.3 ဧက (ခြံမြေ)
၁ ဧက ၃၅၀ သိန်း
ဖုန်း-၀၉-၅၄၀၁၆၅၅

ကားရောင်းမည် (ယာယီနံပါတ်)

MAZDA Bongo Truck Auto 1 တန် Model 2006 Diesel 105သိန်း
MAZDA Bongo Truck 4W 1တန် Model 2008 Diesel 115 သိန်း
Nissan Vanette Truck 1တန် Model 2004 ဓာတ်ဆီ(၅၇၀၀၀ကီလို) 93 သိန်း
ဖုန်း-၀၉-၇၃၂၃၁၁၆၄၊ ၀၉-၅၁၉၆၇၁၂

သွားနုတ္တသားဖြစ်ကြောင်းနှင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သရေခေတ္တရာလမ်း၊ အမှတ်၉၅၈(က)နေ ဦးဝိလျှံ(ခ)ဦးသန်းလွင် ၁၂/ဥကတ(နိုင်) ၁၃၅၇၅၀ နှင့် ဇနီးဖြစ်သူ ဒေါ်ခင်ဆွေသန်း(ခ)အစင်း ၁၂/ဥကတ(နိုင်)၀၇၉၃၅၀ တို့၏သားဖြစ်သူ မောင်သန့်ဇင်၁၂/ဥကတ(နိုင်)၁၅၀၁၀၀သည် မိဘနှစ်ပါး၏ပြောဆိုဆုံးမမှုကိုမနာခံဘဲ ရန်သူသဖွယ် ပြုမူဆက်ဆံခဲ့သဖြင့် သွားနုတ္တသားအဖြစ် ကြေညာပြီး ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် ၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝသည် မိဘနှစ်ပါးနှင့် လုံးဝမပတ်သက်ပါသဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်စိုး(စဉ်-၁၆၇၃၇)
B.A(Hist:),M.A(Q)II,H.G.P,D.B.L,
D.M.L,D.A.Psy,B.D.S 4/2001
စီးပွားရေးနှင့်ဥပဒေရေးရာအကြံပေး
ဥပဒေအကျိုးဆောင်
အိမ်-အမှတ် ၈၄၄(ခ)၊ စာဂ ၁၆လမ်း၊
(၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်
ဖုန်း-၀၉-၈၆၁၈၀၄၅၊ ၀၉-၇၃၂၀၈၅၁၃

ဒေါ်ဥမ္မာမြင့်(စဉ်-၈၃၅၁)
LL.B,D.B.L
(တရားလွှတ်တော်ရှေ့နေ)
ရုံး-အမှတ်၉၉၉၊ သစ္စာလမ်း(ဥပဒေရုံးအနီး)
(၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
	ဦးထွန်းလွင် ၁၂/ဗဟန(နိုင်)၀၁၉၃၄၅(မှ)	ဒေါ်မိုးမိုးသက် ၁၂/ဗဟန(နိုင်)၀၀၁၉၁၃	တိုက်အမှတ်(၆)၊ အခန်းအမှတ်(၄၅)၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ ဗဟန်း

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၀)၊မြေကွက်အမှတ်(၃၄၇)၊ အကျယ်အဝန်း(ပေ၄၀×ပေ၆၀)ရှိမြေကွက်သက်သက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်(လူနေရပ်ကွက်အခေါ်အဝေါ်မှာ အမှတ်(၃၄၇)၊ ဗလမင်းထင်လမ်း၊ ၁၀ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး)အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်မြင့်မြင့်နွယ် ၁၀/သဖရ(နိုင်) ၁၅၇၄၃၆ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်အေးမြင့်(စဉ်-၇၁၅၈) **ဒေါ်ဝင်းသဇင်ဦး(စဉ်-၃၁၀၀၃)** **ဒေါ်ညိုမာ(စဉ်-၃၅၇၇၆)**
LL.B.,LL.M,D.B.L **LL.B,D.B.L,C.B.M** **LL.B**
တရားလွှတ်တော်ရှေ့နေ **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
အမှတ်(G-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဖော်ထုတ်စောင့်ရှောက်ရမည့် မုန်တိုင်ကျေးရွာ ယဉ်ကျေးမှုဇုန်မှ ရှေးဟောင်းစေတီဘုရားများ

ချမ်းသာ(မိတ္ထီလာ)

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အနောက်ဘက် ၁၀ မိုင်ခန့်အကွာတွင် မုန်တိုင်ကျေးရွာတည်ရှိပြီး အဆိုပါကျေးရွာအနီးတစ်ဝိုက်ရှိ ရှေးဟောင်းစေတီဘုရားများကို ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုဇုန်အမှတ် (၂)အဖြစ် သတ်မှတ်ကာ ထိန်းသိမ်းစောင့်ရှောက်ထားခဲ့သည်။ မုန်တိုင်ရှေးဟောင်းယဉ်ကျေးမှုဇုန်အမှတ်(၂)ရှိ ရှေးဟောင်းစေတီဘုရားများတည်ရှိရာနေရာကို (က)အုပ်စု၊ (ခ)အုပ်စု၊ (ဂ)အုပ်စုနှင့် (ဃ)အုပ်စုအဖြစ် လေးအုပ်စုခွဲခြားထားသည်။

မုန်တိုင်ကျေးရွာအနီး၌ ရှေးဟောင်းစေတီဘုရားအများအပြားရှိသည့်အနက် ထင်ရှားသည့်စေတီဘုရားများမှာ ဦးပြောင်ကြီးဘုရား၊ စေတီကုန်းဘုရား၊ မောင်းဘုရား၊ စူဠာမုနိဘုရားတို့ ဖြစ်သည်။ ရှေးဟောင်းစေတီဘုရားအများစုတွင် ကုန်းဘောင်ခေတ်နှောင်းပိုင်း ယဉ်ကျေးမှုအနုပညာလက်ရာများကို တွေ့ရသည်။ မုန်တိုင်ကျေးရွာရှေးဟောင်းစေတီဘုရားများတွင် တန်ခိုးကြီးထင်ရှားသည့်ဘုရားများရှိသည့်အနက် ဦးပြောင်ကြီးဘုရားနှင့် စေတီကုန်းဘုရားတို့မှ ရောင်ခြည်တော်များကွန့်မြူးသည်ကို ဒေသခံတချို့ ဖူးတွေ့ရကြောင်း ကိုယ်တိုင်ကြုံတွေ့သူ မုန်တိုင်ကျေးရွာဒေသခံအချို့က ပြောကြားကြသည်။

ဦးပြောင်ကြီးဘုရားသည် ရွာဦးထိပ်ရှိ စေတီများအစု (က)အုပ်စုအတွင်း၌ တည်ရှိသည့် လိုဏ်ဂူဘုရားဖြစ်သည်။ မုခ်လေးမုခ်ပါရှိပြီး ကုန်းဘောင်ခေတ်နှောင်းပိုင်းလက်ရာ ဗုဒ္ဓရုပ်ပွားတော်လေးဆူအားကပ်လျက် အရပ်လေးမျက်နှာမူကာ တည်ထားသည်ကိုတွေ့ရသည်။ ဂူဘုရားအတွင်း၌ ယခင်က ရှေးဟောင်းယဉ်ကျေးမှုအနုပညာလက်ရာများဖြစ်သည့် ဇာတ်နိပါတ်တော်နှင့် ဗုဒ္ဓဝင် နံရံဆေးရေးပန်းချီများရှိခဲ့သော်လည်း နှောင်းလူတို့က တန်ဖိုးထားအပ်သည့် အရာများဖြစ်ကြောင်းမသိရှိဘဲ ပြုပြင်လိုသည့်စိတ်စေတနာဖြင့်သာ နံရံဆေးရေးပန်းချီများပေါ်မှ ဆေးနီများသုတ်ကာ ပြုပြင်ထားသည်ကို နှမြောစရာတွေ့ရသည်။ အလားတူ တခြားဂူဘုရားများအတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုအနုပညာ နံရံဆေးရေးပန်းချီများသည်လည်း ပျက်စီးမှုကို ဖုံးကွယ်ပြုပြင်ရာ၌ နှမြောဖွယ် ကွယ်ပျောက်သွားသည်ကို လေ့လာတွေ့ရှိရသည်။ ရွှေဘုရား ငွေဘုရား လိုဏ်ဂူဘုရားနှစ်ဆူအတွင်း၌မူ နံရံဆေးရေးပန်းချီလက်ရာအချို့ကို တစ်ဝက်တစ်ပျက် လေ့လာတွေ့ရှိနိုင်သေးသည်။

မုန်တိုင်ကျေးရွာယဉ်ကျေးမှုဇုန်အတွင်းမှ ရှေးဟောင်းစေတီဘုရားများကို ကျေးရွာဒေသခံများက တတ်နိုင်သမျှထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြသည်။ စေတီဘုရားအများစုတွင် ရှေးဟောင်းယဉ်ကျေးမှုအနုပညာလက်ရာများရှိနေသော်လည်း အဆက်ဆက်ပြုပြင်သူများ၏ အမည်နာမများကိုသာ တွေ့ရကာ စေတီဘုရားများ၊ အသွင်အပြင်များပေါ်မူတည်၍ ဘွဲ့အမည်သမုတ်ထားခြင်းမှလွဲ၍ မူလကုသိုလ်ရှင်များ၏အမည်များနှင့် တည်ထားသည့် ခုနှစ်သက္ကရာဇ်အတိအကျကို သိရှိနိုင်ခြင်းမရှိတော့ချေ။

မုန်တိုင်ကျေးရွာ ယဉ်ကျေးမှုဇုန်အမှတ်(၂)အတွင်းရှိစေတီဘုရားများမှာ စုစုပေါင်း ၈၆ ဆူခန့်တည်ရှိပြီး အဆင့်အတန်းမြင့်မားသည့် မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာများကို အဆိုပါဘုရားစေတီများတွင်တွေ့မြင်နိုင်သည်။

မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမအနီးတွင်တည်ရှိပြီး အမြန်လမ်းမကြီး၏ အနောက်ဘက် နှစ်မိုင်ခန့်အကွာတွင်တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့်နေရာတွင်ရှိသည်။

ထို့ကြောင့် မုန်တိုင်ကျေးရွာယဉ်ကျေးမှုဇုန်အမှတ်(၂) ရှိ ရှေးဟောင်းစေတီဘုရားများအား လေ့လာလိုသူများသိရှိနိုင်စေရန်နှင့် နိုင်ငံခြားခရီးသွားဧည့်သည်များ စိတ်ဝင်တစားကြည့်ရှုလေ့လာနိုင်စေရေးအတွက် ဆောင်ရွက်နိုင်မည်ဆိုပါက ယခုကဲ့သို့ မြန်မာနိုင်ငံအတွင်း နိုင်ငံခြားခရီးသွားဧည့်သည်များ အများအပြားလာရောက်လေ့လာနေချိန်တွင် နိုင်ငံခြားဝင်ငွေများရရှိနိုင်လာမည်ဖြစ်သည်။ ပြည်တွင်းခရီးသွားလုပ်ငန်း၏ ခရီးစဉ်တစ်ခုတွင် အပါအဝင်ဖြစ်လာကာ ဒေသခံကျေးရွာနေပြည်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မည် ဖြစ်ပါသည်။

ဂန့်ဂေါမြို့တွင် ယာဉ်အစီးရေတိုးပွားလာသဖြင့် ယာဉ်အန္တရာယ်ကင်းဝေးစေရေး ဗိုလ်ချုပ်လမ်းကို ချဲ့ထွင်ရန်လိုအပ်

ဂန့်ဂေါ ဩဂုတ် ၃၀

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့ရှိ ဗိုလ်ချုပ်လမ်းမှာ ဂန့်ဂေါမြို့တွင် ယာဉ်နှင့်ခြေကျင်လျှောက်သူများ အများဆုံးအသုံးပြုသွားလာလျက်ရှိသော လမ်းမကြီးတစ်ခုဖြစ်ပြီး လမ်း၏ အချို့နေရာများတွင် ကျဉ်းမြောင်းသဖြင့် ယာဉ်အန္တရာယ် ဖြစ်ပေါ်မည်ကို စိုးရိမ်ရသောအခြေအနေများ ဖြစ်ပေါ်လျက်ရှိရာ လမ်းကိုချဲ့ထွင်ပေးရန် အရေးတကြီးလိုအပ်နေပြီဖြစ်ကြောင်း သိရသည်။

ဂန့်ဂေါမြို့တွင် ယာဉ်နှင့်ခြေကျင်လျှောက်သူများ အများဆုံး အသုံးပြုသွားလာလျက်ရှိသော နေရာမှာ ဗိုလ်ချုပ်လမ်း၏ အား/ကာဈေးတန်းထိပ်မှ ဆောက်လုပ်ရေးဈေးတန်းထိပ်အထိ အပိုင်းတွင်ဖြစ်ပြီး ဂန့်ဂေါမြို့တွင် ယာဉ်အစီးရေပမာဏများပြားလာသည့် ယခုအချိန်ဝယ် လမ်းမှာကျဉ်းမြောင်းသည့်အနေအထားဖြစ်နေသော်လည်း လမ်းချဲ့ထွင်ပါက လမ်းနယ်နိမိတ်အတွင်းသို့ ကျူးကျော်ဝင်ရောက်ဆောက်လုပ်ထားသော ဈေးဆိုင်ခန်းများ ဖျက်သိမ်းရမည်ဖြစ်သဖြင့် ယင်းတို့၏ အကျိုးစီးပွားကို ငဲ့ကွက်ကာ လမ်းချဲ့ထွင်နိုင်ရေး ကြန့်ကြာနေခြင်းဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

"ယခုဆိုရင် ဂန့်ဂေါမြို့က ၂၄ နာရီ လျှပ်စစ်မီးလည်းရပြီ၊ လမ်းပန်းဆက်သွယ်ရေးလည်းကောင်းလာပြီ၊ တယ်လီဖုန်းဆက်သွယ်ရေးလည်း ကောင်းလာပြီဆိုတော့ ဖွံ့ဖြိုးတိုးတက်စည်ကားလာပြီး မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်တွေ တစ်နေ့တခြား များပြားလာပါတယ်။ ဒီတော့ မြို့တွင်းလမ်းအချို့ကို ချဲ့ထွင်ဖို့လိုလာတာ အမှန်ပါပဲ။ အထူးသဖြင့် ဗိုလ်ချုပ်လမ်းကြီးက ယာဉ်အသွားအလာအများဆုံးဖြစ်ပြီး ဂန့်ဂေါရဲ့ အဓိကလမ်းမကြီးဖြစ်နေတော့ ချဲ့ထွင်ဖို့ လိုအပ်နေတာပေါ့" ဟု ဒေသခံတစ်ဦးက ပြောသည်။

ဂန့်ဂေါမြို့ ဗိုလ်ချုပ်လမ်း၏ အား/ကာဈေးတန်းထိပ်မှ ဆောက်လုပ်ရေးဈေးတန်းထိပ်အထိအပိုင်းတွင် လမ်းဘေးဝဲယာပလက်ဖောင်း ဆောက်လုပ်ထားရှိပြီး လမ်းနယ်နိမိတ်အတွင်းသို့ ရောက်ရှိနေသော ဈေးဆိုင်များလည်းရှိနေသဖြင့် ဗိုလ်ချုပ်လမ်းကို နှစ်လမ်းသွားလမ်းအဖြစ် ချဲ့ထွင်မည်ဆိုပါက ဈေးဆိုင်ခန်းများအား နစ်နာဆုံးရှုံးမှုမရှိစေဘဲ မူလထက် ကောင်းမွန်စွာ စနစ်တကျ နေရာပြန်လည်ချထားနိုင်ရေး၊ လမ်းနှင့်လမ်းဘေးဝဲယာဥပမိရုပ်ကောင်းမွန်စေရေး၊ လမ်းချဲ့ထွင်ရာတွင် အသုံးပြုမည့် ကုန်ကျစရိတ်ကို လုံလောက်စွာရရှိရေး စသည့် အကြောင်းအရာများကို လူထုအခြေပြု မြို့နယ်ဖွံ့ဖြိုးရေး အစည်းအဝေးများ၌ ထည့်သွင်းဆွေးနွေးမှုများရှိကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

အများသိစေရန်ကြေညာခြင်း

ကနေဒါနိုင်ငံတွင် နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းသာဖြူ ၁၂/ရကန(နိုင်)၀၂၅၅၀၅၏လွှဲအပ်ညွှန်ကြားချက်အရကျွန်ုပ်က အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၆၊ လူနေရပ်ကွက်အမှတ် ကံဘဲ့၊ မြေကွက်အမှတ် ၈-ဘီ/၂-ဘီ၁၊ ဧရိယာ ၀ဒသမ ၁၀၄ဧကရှိ မြေပိုင်မြေအမျိုးအစားမြေကွက်မှာ ဒေါ်စိုးစိုး ၁၂/ရကန(နိုင်)၀၂၅၃၇၃ပိုင်ဆိုင်ပါသည်။ ဒေါ်စိုးစိုးသည် ကျွန်တော်၏မိတ်ဆွေ ဦးထွန်းသာဖြူနှင့် ဦးထွန်းဝေဖြူ ၁၂/ရကန(နိုင်)၀၂၅၀၆၀တို့ကို မွေးစားစာချုပ်အမှတ် -၂၇၃၇/၉၆အရ တရားဝင်ကိတ္တိမသားသမီးအဖြစ် မွေးစားခဲ့ပါသည်။ မွေးစားသား ဦးထွန်းဝေဖြူသည် ၃၀-၁၀-၂၀၁၀ရက်တွင်လည်းကောင်း၊ မွေးစားမိခင် ဒေါ်စိုးစိုးသည် ၂၁- ၂-၂၀၁၄ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၆၊ လူနေရပ်ကွက်အမှတ် ကံဘဲ့၊ မြေကွက်အမှတ် ၈-ဘီ/၂-ဘီ၁၊ ဧရိယာ ၀ဒသမ၁၀၄ဧကရှိ မြေပိုင်မြေအမျိုးအစား မြေကွက်နှင့် မြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော အဆောက်အအုံသည် ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းသာဖြူ ၁၂/ရကန(နိုင်)၀၂၅၅၀၅က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသောအမွေပုံပစ္စည်းဖြစ်၍ မည်သူမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်းခြင်း တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ကြရန် အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်စိန်လွင် (စဉ်-၇၀၉၇)၊ တရားလွှတ်တော်ရှေ့နေ
အမှတ် (၂၇/ဘီ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၁၆၁၂၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၅/၈ ရပ်ကွက်၊ မြေကွက်အမှတ် ၂၀၅(က)၊ပေ(၂၀×၆၀) အိမ်၊ မီး၊ ရေအပါအဝင် ဦးမြင့်လှိုင် ဂရန်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား စာချုပ်ဆင့်ဆင့်ဖြင့်ဝယ်ယူခဲ့သူ ဦးကျီကုန်း ၁၂/မဂဒ(နိုင်)၀၀၆၁၁၉ထံမှ ကျွန်မ ဒေါ်ကျင်ငွေ ၁၂/ဗဟန(နိုင်)၀၅၆၅၅၈က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ကျင်ငွေ
ဖုန်း-၀၉-၄၂၀၂၈၈၂၇၅

ရောင်းမည်

တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်း
လမ်းမကြီးပေါ်၊ ဇလွှာ၊
Pent-house ၄၈×၇၃ပေ၊ Sqft 3504
1 MB, 1B 2A/C ပါကေးခင်း၊ Lift.
ဖုန်း-၀၉-၅၁၆၀၇၇၈၊ ၀၉-၅၀၈၉၉၄၅

ID မူရင်း၊ Custom Statement မူရင်း၊ Calcelation မူရင်းများပျောက်ဆုံးကြောင်း

Yangon Motors Ltd. မှ အောက်ဖော်ပြပါ Import Declaration(ID) မူရင်း၊ Custom Statement မူရင်း၊ Calcelation မူရင်းများပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကပြန်လည်ပေးပို့နိုင်ပါရန် ကြေညာအပ်ပါသည်။

Brand Name	Model Year	Chassis No	Import Declaration
Toyota Wish	2003	ANE11-0003100	814649
Toyota Century	1997	GZG50-0002484	814651

Yangon Motors Ltd.
Ph: 09-421090844, 09-420162107

ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ကြောင်း

ရန်ကုန်မြို့၊ အမှတ် ၇၄၄/က၊ သန္တာ ၂ လမ်း၊ (၃၅)ရပ်ကွက်၊ မြောက်ဒဂုံနေ ဦးလှစိန်ဦး-ဒေါ်ဖြူမသာတို့၏သား ရွှေမောင်ဆန်း ၁၁/မဥန(နိုင်)၀၃၄၂၄၃သည် လင့်ဝတ္တရား မကျေပွန်သည့်ပြင် လူမှုရေးဖောက်ပြန်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **မကြည်ကြည်မိုး ၁၂/ဗဟန(နိုင်)၀၁၈၁၃၅**

YPGG ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

YPGG ဂေါက်သီးရိုက်အသင်း၏ (၅၇)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၄ခုနှစ် စက်တင်ဘာ ၈ရက် (တနင်္လာနေ့) နံနက် ၉း၃၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ (သန်လျင်) ဂေါက်ကွင်းတွင် ကျင်းပမည်ဖြစ်ပါ၍ အသင်းသားတိုင်း မပျက်မကွက် ပါဝင်ပါရန်နှင့် အသေးစိတ်သိလိုပါက ဦးချစ် ဖုန်း-၀၉-၅၁၀၅၄၃၅၊ ဦးတင်ရွှေ ဖုန်း-၀၉-၅၁၆၈၁၇၈၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၁၅၄၄၀၈၊ ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀၁၆၆၁၆တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်း ၈, ၁၁ (ကမာရွတ်)၊ မြကန်သာ၊ မြေကွက် ၁၇၅၊ ဧရိယာ၀ဒသမ ၁၁၈ဧက၊ နှစ် ၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ ဦးပြုံးနိုင်၊ ဒေါ်သန္တာ၊ ဒေါ်စန်းစန်းထွေး ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အပြီးအပိုင် စွန့်လွှတ်ခြင်းစာချုပ်(၄၈၂၈/၂၀၁၄)တင်ပြ၍ ဦးပြုံးနိုင် ၁၂/လမန(နိုင်)၁၂၃၄၇၇၊ ဒေါ်သန္တာ ၁၂/လမတ(နိုင်)၀၀၆၅၃၅ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂၇)၊မြေကွက်အမှတ် ၅၉၈၊ မြေအမည်ပေါက် ဦးညွန့်လွင် ၁၂/လကန(နိုင်)၀၀၅၅၃၈ (ကွယ်လွန်)၊ ဇနီး ဒေါ်တင်တင်ဌေး၁၂/လကန(နိုင်)၀၀၅၅၃၉မှ မြေချပါမစ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် ထုတ်ပေးခြင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၇)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ရွှေခိုင်နှင်းစိုင်း ဗုဒ္ဓဝါဒဘုရားဖူးအဖွဲ့

Tel : 01-558919, 09-250001924, 09-73165476, 09-254374285, 09-31481732



Home Distribution Group

မိုးရာသီ ထူးထူးခြားခြား

"Double လက်ဆောင်"

Floor ၁ ကျင်း ဝယ်လျှင် Wall ၁ ကျင်း လက်ဆောင်

(ပစ္စည်းသီးသန့်)(Terms & Conditions applied)

Germany Technology

လက်ဆောင်အရေအတွက် ကန့်သတ်ထားလို့ အမြန်ပြေးဝယ်ထားမှ စိတ်ချရမယ်နော်

အမှတ် F 2-8၊ ပထမထပ်၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊(ဓ.ဆ.ပ.လ ရှေ့) မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ Yangon - 09 730 84840, 09 73084841 Naypyitaw - 09 731 77100

ကန့်ကွက်နိုင်ပါကြောင်း

